# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၄ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၁၄)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## Covid နှင့် ပတ်သက်သည့် ပညာပေးညွှန်ကြားချက်များကို အသေအချာလိုက်နာရန်၊ ဒီတစ်ရက်၊ နှစ်ရက်အတွင်း covid ငြိမ်နေလို့ မပေါ့ရန်နှင့် လုံး၀ စိတ်ချရသည့်အခြေအနေက ဝေးသေးကြောင်း သတင်းစကားပါး



နေပြည်တော် မေ ၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid နှင့် ပတ်သက်သည့် ပညာပေးညွှန်ကြားချက်များကို အသေအချာလိုက်နာရန်၊ ဒီ တစ်ရက်၊ နှစ်ရက်အတွင်း covid ငြိမ်နေလို့ မပေါ့ရန်နှင့် လုံး၀စိတ်ချရသည့် အခြေအနေက ဝေးသေးကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

ရန်ကုန်တိုင်း အချို့မြို့နယ်များအတွက် "stay at home" မိမိအိမ်တွင် မိမိနေကြရန် အမိန့်ကို ထုတ်ပြန်ခဲ့တာ (၂) ပတ်ရှိသွားပါပြီ။ ဒီကြားထဲမှာ နောက်ထပ် stay at home သတ်မှတ်ရတဲ့ မြို့နယ်တွေလည်း ပေါ်လာပါတယ်။ အစီအစဉ်ရဲ့ အကျိုးသက်ရောက်မှုတွေကို သုံးသပ်ပြီး ရှေ့ ဘယ်လို ဆက်လုပ်သင့်တယ်ကို ဆုံးဖြတ်ရပါမယ်။

Covid ဟာ အားလုံးအတွက် မကြုံဖူးတဲ့ကိစ္စလို့ ပြောနိုင်ပေမဲ့ ပြဿနာဆိုတာကတော့ ကျွန်မတို့ အားလုံးကြုံခဲ့ဖူးတဲ့ အရာပါ။ ပြဿနာဖြေရှင်းနိုင်ရေးအတွက် အဓိက လိုအပ်ချက်ကတော့ အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ခြင်းပါပဲ။ အဲ့ဒါက ပညာပေါ့။

Covidနဲ့ ပတ်သက်တဲ့ ကျန်းမာရေးပညာ၊ စီးပွားရေးပညာတွေ ဒီလအနည်းငယ်အတွင်း တိုးတက်လာပါတယ်။ ကျွန်မတို့တွေ သင်ယူအားကောင်းဖို့သာ လိုပါတယ်။ Covid နဲ့ပတ်သက်တဲ့ ပညာပေး ညွှန်ကြားချက်တွေကို အသေအချာလိုက်နာပါ။ ဒီ တစ်ရက်၊ နှစ်ရက်အတွင်း covid ငြိမ်နေလို့ မပေါ့ပါနဲ့။ လုံး၀ စိတ်ချရတဲ့အခြေအနေက ဝေးပါသေးတယ်။

"မမေ့သောသတိဖြင့် ပြီးစီး ပြည့်စုံ လုံခြုံအောင် စောင့်ထိန်းကြပါလေ။" (ဒီတစ်ခါတော့ ပါဠိကို မစမ်းတော့ပါဘူး။)

❐ **Covid ဟာ အားလုံးအတွက် မကြုံဖူးတဲ့ကိစ္စလို့ ပြောနိုင်ပေမဲ့ ပြဿနာဆိုတာကတော့ ကျွန်မတို့ အားလုံးကြုံခဲ့ဖူးတဲ့ အရာပါ။ ပြဿနာဖြေရှင်း နိုင်ရေးအတွက် အဓိက လိုအပ်ချက်ကတော့ အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ခြင်း ပါပဲ။ အဲ့ဒါက ပညာပေါ့။**


**ပရဟိတအခြေခံစိတ်ဓာတ်ဖြင့် အစဉ်ထာဝရရှင်သန်နေမည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့** ဆောင်းပါး စာ » ၆

**စင်ကာပူနိုင်ငံ၌ နေအိမ်မှနေ၍ အလုပ်လုပ်ကြရန် ညွှန်ကြားချက်ကို အချိန်ထပ်တိုးမည်** နိုင်ငံတကာသတင်း စာ » ၁၂

**ကိုဗစ် -၁၉ ကပ်ရောဂါအတွက် ကန့်သတ်မှုတွေ ဖြေလျှော့လာပေမယ့် မူလအခြေအနေပြန်လည်ရောက်ရှိရန် မမျှော်လင့်နိုင်သေး** နိုင်ငံတကာရေးရာ စာ » ၁၄


## ကမ္ဘောဇဘဏ်က ကရင်ပြည်နယ်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် ဆန်အိတ် ၁၀၀၀ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၃

ကရင်ပြည်နယ်အစိုးရ၏ နေရပ်ပြန်လာသူများ စနစ်တကျကြိုဆိုနိုင်ရေး ဆောင်ရွက်မှုများအား ပံ့ပိုး ကူညီသည့်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများကို ပြည်နယ်အစိုးရ ထံသို့ ကမ္ဘောဇဘဏ်က ယနေ့ ထပ်မံလှူဒါန်းခဲ့သည်။ (အောက်ပုံ)

*စာမျက်နှာ ၃ ကော်လံ ၄* ❖





KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အိမ်မှာနေကြရသည့်အခါ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေးနှင့် မကြာမကြာ လက်သန့်စင်အောင် ဆေးကြောရေးတို့က လွန်စွာအရေးပါလှသည်။ သို့ဖြစ်သောကြောင့် လူစုလူဝေးများ မဖြစ်ပေါ်စေရေးအတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ ရုံးများတွင် အနည်းဆုံး လူအရေအတွက်ဖြင့် အလုပ်လုပ်နိုင်ရန် စီမံကြရသည်။ ဈေးများတွင် ဈေးသည်၊ ဈေးဝယ်များ ကြိတ်ကြိတ်တိုးမနေစေရန် ဆိုင်များကို ချဲထုတ်၊ ခွဲထုတ်ရသည်။ သေရေးရှင်ရေးမှလွဲလျှင် တတ်နိုင်သမျှ အိမ်အပြင် ထွက်မလာကြရန် နှိုးဆော်တိုက်တွန်းရသည်။ ရောဂါကူးစက်မှုအခြေအနေအရ အချို့နယ်မြေဒေသများတွင် အမိန့်ထုတ်ရသည်။ အမိန့်ညွှန်ကြားချက် မလိုက်နာသူတို့ကို တည်ဆဲဥပဒေနှင့် အရေးယူရသည်။

ညမထွက်ရအမိန့်၊ အဝင်အထွက် အသွားအလာ ကန့်သတ်သည့် အမိန့်တို့ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်က ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် ဖြစ်သော်လည်း လူအချို့အတွက်တော့ ချုပ်ချယ်မှု၊ ပိတ်ပင်မှုသဖွယ် ဖြစ်နေသည်။ အထူးသဖြင့် နေ့နေ့ညည ဆိုသလို အိမ်တွင်းမှာထက် အိမ်အပြင်ထွက် သွားလာနေတတ်သည့် အလေ့အထစွဲနေသူများအဖို့ ရက်ရှည်ကြာ အိမ်တွင်းနေထိုင်ရန်မှာ လွန်စွာခဲယဉ်းသည့်ကိစ္စဖြစ်သည်။ အမေရိကန်ကဲ့သို့သော နိုင်ငံများတွင်မူ အချို့ဒေသများတွင် အသွားအလာကန့်သတ်မှုများကို ဆန့်ကျင်ကန့်ကွက်မှုများ၊ ဆန္ဒပြမှုများ ဖြစ်ပေါ်နေပြီး ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ခက်ခဲလျက်ရှိခြင်းကြောင့် ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုအရေအတွက် မြင့်မားလျက်ရှိသည်ကို တွေ့ရသည်။

တစ်ဖန် အသွားအလာကန့်သတ်မှုနှင့် အိမ်တွင်းမှာသာ နေထိုင်ရန် ထိန်းချုပ်ဆောင်ရွက်မှုတို့ကြောင့် အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုများပြားလာပြီး လမ်းပေါ်တွင် လူသူရှင်းလင်းသွားသည်နှင့်အမျှ ဒုစရိုက်သမားတို့၏ ကျူးလွန်မှုများပေါ်ပေါက်လာကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်သူများသို့ အသိပေးနှိုးဆော်ချက်တွင် တွေ့ရှိရသည်။ ထို့အပြင် အွန်လိုင်းရာဇဝတ်မှုအမျိုးမျိုးတို့ကိုလည်း ကျူးလွန်လာကြသည်ဟု ဆိုထားရာ သတိရှိရှိဖြင့် ရှောင်ရှားနိုင်ကြရန် လိုအပ်သည်။ အိမ်တွင်းအကြမ်းဖက်မှုများမှာမူ ကူးစက်ရောဂါပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် အသွားအလာ ကန့်သတ်တားဆီးမှုများ ပြုလုပ်ထားစဉ်အတွင်း နေအိမ်၌ နေထိုင်ရသည့်အပေါ် စိတ်ဖိစီးမှုနှင့် မိသားစုဝင်ငွေအပါအဝင် အခြားသော အကြောင်းအရာများကို အရင်းခံ၍ ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး အိမ်တွင်းအကြမ်းဖက်မှုများတွင် အဓိကကျသူမှာ အမျိုးသားများဖြစ်သည်ဟု နိုင်ငံတကာသတင်းများတွင် ဖော်ပြခဲ့သည်။ စိတ်ဖိစီးမှုကို ထွက်ပေါက် ရှာသည့်အနေဖြင့် အရက်နှင့်မူးယစ်ဆေးဝါးတို့ကို သုံးစွဲရာမှ ပုံမှန်စိတ်ပျောက်ပြီး အိမ်ထောင်ဖက်အပေါ် အကြမ်းဖက်လာကြခြင်းဖြစ်သည်။

Stay at Home ခေါ် အိမ်မှာနေကြရခြင်းသည် မိမိအပါအဝင် မိသားစုများနှင့် အများပြည်သူ ကျန်းမာရေး၊ ကပ်ရောဂါကူးစက်မှု မခံရရေးအတွက်ဖြစ်ပြီး အချိန်ကာလ အကန့်အသတ်တစ်ခု အတွင်းမှာသာ ဖြစ်သည်ကို သတိမူကြရမည်ဖြစ်သည်။ ညွှန်ကြားချက်များနှင့်အညီ လိုက်နာနေထိုင်ကြသည်နှင့်အမျှ ရောဂါကူးစက်ပျံ့နှံ့မှုကို မြန်မြန်ထိန်းချုပ်နိုင်ပြီး ပုံမှန် နေ့စဉ်ဘဝနေထိုင်မှုများကို မြန်မြန်ပြန်ရနိုင်ကြမည်ဖြစ်သည်။ မဖြစ်မနေ အိမ်မှာနေကြရခြင်းသည် မိသားစုများအတွက် ကြုံတောင့်ကြုံခဲ အတွေ့အကြုံတစ်ခုအဖြစ် ကောင်းသည့်နှလုံးသွင်းဖြင့် ရှုမြင်ကာ ပျော်ရွှင်စွာနေထိုင်ကြရေးကိုသာ မိသားစုဝင်အားလုံးက ဖန်တီးဖော်ဆောင်ကြရမှာလည်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ကြရာတွင် လူတစ်ဦးချင်းစီ၏ ကိုယ်ခံစွမ်းအားနှင့် ကျန်းမာရေးတို့က အရေးကြီးသည့်အတွက် လေကောင်းလေသန့်ကို ရှူခြင်း၊ ရေကောင်းရေသန့်ကို သောက်သုံးခြင်း၊ အာဟာရပြည့်ဝအောင်စားသောက်ခြင်း၊ အိပ်ရေးဝဝအိပ်စက်အနားယူခြင်း၊ ဣရိယာပုထ် မျှတအောင် နေထိုင်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုကို အလေးထားခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဝတ်ဆင်ခြင်း၊ စိတ်ကြည်လင်ရွှင်လန်းစွာ နေထိုင်ခြင်းဟူသော လူနေမှုပုံစံများကို ကျင့်သုံးကာ ကပ်ရောဂါကို ကျော်လွှားနိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရေဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် မေ ၃**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation-ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ် အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) သို့ လာရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၃**

နေပြည်တော်ကောင်စီ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများနှင့် စည်ပင်သာယာရေးလုပ်ငန်းများ၊ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဦးဆောင်သော စစ်ဆေးရေးအဖွဲ့သည် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင့်နှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်စေရန် အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်များ ပိုမိုစနစ်ကျစွာဖြင့် ထိရောက်မှုရှိစေရန် အတွက် ထိုသို့စစ်ဆေးခြင်းဖြစ်သည်။

အဆိုပါစစ်ဆေးရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မ အဆောက်အဦရှိ ရုံးခန်း၊ သတင်းခန်း၊ ထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးအခန်းများ၊ စက်ခန်းများ၊ ရေဒီယိုအသံလွှင့်ရုံ အမှတ်(၁/၂)တို့အား လိုက်လံစစ်ဆေးပြီး ဝန်ထမ်းများ တစ်ဦးချင်း လိုက်နာလုပ်ဆောင်ရန် အချက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ လုပ်ဆောင်ရမည့် အချက်များကို အကြံပြုခဲ့သည်။

**အောင်နိုင်ဝင်း (MRTV)**

**ဓာတ်ပုံ-ညွှန့်လွင် (MRTV)**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**နေပြည်တော် မေ ၃** - မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဗားရဲမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၄၄လက်မ၊ နမ့်စန်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ရမ်ကလောင်းတွင် ၁ ဒသမ ၈၉ လက်မ၊ ဖလမ်းမြို့နှင့် စဥ့်ကိုင်(စိုက်ပျိုးရေး) တွင် ၁ ဒသမ ၆၀ လက်မစီ၊ ခရမ်းမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ရွှေဂွန်းတွင် ၁ ဒသမ ၄၀ လက်မ၊ ဗန်းမော်မြို့တွင် ၁ ဒသမ ၁၀ လက်မ၊ လှိုင်လင်မြို့တွင် ၁ ဒသမ ၀၆လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ကိုဗစ်-၁၉ ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အရေးပါသည့် တံတားသစ်များ တည်ဆောက်နေမှုနှင့် ယခင်ကြိုးတံတားများအား အဆင့်မြှင့်တင်တည်ဆောက်နေမှုတို့ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ လုပ်ငန်းစီမံကိန်းနေရာများနှင့် Video Conferencing စနစ်ဖြင့် တိုက်ရိုက်ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**



ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးအတွင်း တံတားတည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲနိုင်က ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးလမ်းပေါ်ရှိ ရွှေလောင်းတံတားအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝါးခယ်မတံတား၏ ပင်မကြိုးတံတားအပိုင်းကို ဖြုတ်သိမ်း၍ HS 25 Load Class Steel Box Girder တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေသည့် လုပ်ငန်းများဆောင်ရွက်နေမှု၊ တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေလောင်းတံတား အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ဝါးခယ်မတံတား အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကို စီမံကိန်းလုပ်ငန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

**သဘာဝဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်**

ထို့နောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလအတွင်း တံတားလုပ်ငန်းများ တိုးတက်လာသည်ကို တွေ့မြင်ရသည့်အတွက် ကျေနပ်ပါကြောင်း၊ မိုးဦးကာလရောက်ရှိပြီဖြစ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယခုအခါ ရွှေလောင်းတံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှုမှာ ၆၅ ရာခိုင်နှုန်းနှင့် ဝါးခယ်မတံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှုမှာ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်သီဟက ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြ လမ်းပေါ်ရှိ စော်ကဲတံတားသစ် နှင့် ကျွန်းပြဿဒ်တံတားသစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေ၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများ စီမံချက်ရေးဆွဲဆောင်ရွက်နေမှု၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ကာယ၊ ဉာဏဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စော်ကဲတံတားနှင့် ကျွန်းပြဿဒ်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို စီမံကိန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တံတားလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ မိုးဦးကာလ မုန်တိုင်းသတင်းသတိပေးထားသည့်အတွက် လုပ်ငန်းခွင်အတွင်း အသုံးပြုသည့် စက်၊ ယာဉ်၊ ယန္တရားများ၊ အခြားလုပ်ငန်းသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ကြိုတင်ကာကွယ်ထားရှိရန် လိုကြောင်း၊ ရေလယ် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယခုအခါ စော်ကဲတံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှုမှာ ၇၈ ရာခိုင်နှုန်းနှင့် ကျွန်းပြဿဒ်တံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှုမှာ ၇၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရန်နိုင်ဇော်က လမ်းအမှတ် (၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ- မြောင်းမြလမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် အဆိုပါလမ်းပေါ်ရှိ တံတားလေးစင်းတို့၏ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

**ဘိုကလေး - မော်လမြိုင်ကျွန်း - ဝါးခယ်မ - မြောင်းမြလမ်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းအမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြလမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် အဆိုပါလမ်းပေါ်ရှိ တံတားလေးစင်းတို့၏ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို စီမံကိန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသခံပြည်သူများ ပုသိမ်သို့ သွားလိုလျှင် ယခင်က ခရီးမိုင်ရှည်လျားသည့် မော်လမြိုင်ကျွန်း-မအူပင်-ပုသိမ်လမ်းကိုသာ အသုံးပြုခဲ့ရပြီး ယခု ဒုတိယလမ်းကြောင်းဖြစ်သည့် မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-ကျွန်းကုန်း လမ်းပေါ်ရှိ စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတား၊ ဝါးခယ်မတံတားနှင့် ကျွန်းကုန်းတံတားများ တည်ဆောက်ပြီးစီးသွားပါက ခရီးသွားပြည်သူများ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သလို ကုန်စည်စီးဆင်းမှုများလည်း သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပင်လုံမြို့ ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ ပြည်သူများကို စားနပ်ရိက္ခာများ ထောက်ပံ့

**ပင်လုံ မေ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် သွားလာရန်ခက်ခဲပြီး စားနပ်ရိက္ခာများ လိုအပ်လျက်ရှိသည့် ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ ကျူရုံးကျေးရွာ၊ ကောင်းဆန်းကျေးရွာ၊ တာပူကျေးရွာ၊ ဝမ်လုံကျေးရွာ၊ ဝမ်အင်ကျေးရွာ၊ ပန်းတန်ကျေးရွာစသည့် ကျေးရွာခြောက်ရွာတွင် အိမ်ခြေစုစုပေါင်း ၅၈ အိမ်ရှိ ပြည်သူများကို ယနေ့ မွန်းတည့် ၁၂ နာရီက စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့လှူဒါန်းပေးကြောင်း သိရသည်။



ပင်လုံပရဟိတအသင်း၊ ဖြူစင်မေတ္တာနာရေးကူညီမှုအသင်း၊ ပင်လုံသွေးလှူရှင်အသင်းတို့က ဦးဆောင်၍ စားနပ်ရိက္ခာများ လှူဒါန်းပေးသော ပင်လုံပြည်သူလူထုများကိုယ်စား တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆပ်ပြာခဲတစ်ခဲ စုစုပေါင်း တန်ဖိုးငွေကျပ် ခုနစ်သိန်းကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများအနက် ကောင်းဆန်းကျေးရွာ၊ တာပူကျေးရွာနှင့် ပန်းတန်ကျေးရွာတို့သည် ပင်လုံမြို့နှင့် လေးမိုင်ခန့်သာ ကွာဝေးသော်လည်း တောင်တက်တောင်ဆင်းလမ်းဖြစ်ပြီး သွားလာရန်ခက်ခဲသည့် ဒေသဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

လှူဒါန်းမှုတွင် မြဝတီနှင့် ဘားအံမြို့တွင် အသုံးပြုရန်အတွက် နှာခေါင်းစည်း ၂၀၀၀၀ ကို ထပ်မံလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဧပြီလအတွင်းကလည်း ကရင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများသို့ PPE ဝတ်စုံ ၂၀၀၊ အပူချိန်တိုင်းစက် ၅၀၊ နှာခေါင်းစည်း ၅၀၀၀၊ မျက်မှန် ၂၀၀၊ လက်ဆေးရည် ဘူး ၃၀၀ ကို ဖြန့်ဝေလှူဒါန်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် ကရင်ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကိုလည်း ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ဧပြီ ၂၂ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်သည် ကရင်ပြည်နယ်အတွက် ၂၀၁၆ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း ၁၀၀၀ ကို လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ ရေသယ်ယာဉ်အသစ် ငါးစီးကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ပြည်နယ်အစိုးရထံသို့ ငွေကျပ်သိန်း ၅၀၀ နှင့် ကမ္ဘောဇဘဏ်အရာထမ်း၊ ဝန်ထမ်းများကလည်း နီးစပ်ရာပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းများသို့ အစားအစာ၊ ရေသန့်၊ ဆေးဝါးနှင့် လိုအပ်သောပစ္စည်းများကိုလည်းကောင်း ကူညီလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကူးစက်ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် ငွေကျပ် သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ကာကွယ် ကုသရေး အထောက်အကူပြုပစ္စည်းများကို သယ်ယူလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ လှူဒါန်းငွေ ကျပ်သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို ပြင်ဆင်ထားပြီး နိုင်ငံတွင်း အရေးပေါ်လိုအပ်သောနေရာများသို့ ဖြန့်ဝေလှူဒါန်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများနှင့် ၎င်းတို့ရောက်ရှိနေထိုင်ရာနေရာဒေသများရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်းခြောက်မျိုးကို လှူဒါန်းလျက်ရှိသည်။

ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ လေကြောင်းလိုင်းတို့သည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယနေ့အထိ ငွေကျပ်သိန်းပေါင်း ၃၃၀၇၄ သိန်းကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ကိုကျော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကာလ Quarantine လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအတွက် လေ့ကျင့်သင်တန်းပေးရေးကိစ္စများ ညှိနှိုင်းဆွေးနွေး




**နေပြည်တော် မေ ၃**

အသွားအလာကန့်သတ်ခြင်း Quarantine လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအတွက် လေ့ကျင့်သင်တန်းပေးရေးကိစ္စရပ်များကို အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။ (ယာပုံ)

ညှိနှိုင်းဆွေးနွေးမှုတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ဝင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာထင်အောင်စောနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင်များနှင့် အတွင်းရေးမှူးရုံးအဖွဲ့မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

**စေတနာ့ဝန်ထမ်းအခန်းကဏ္ဍ အရေးကြီး**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အားလုံးပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ အဓိကလုပ်ငန်းစဉ်တစ်ခုမှာ အသွားအလာကန့်သတ်ခြင်း Quarantine ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Quarantine နေရာများတွင် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ Quarantine နေရာများတွင် ကူညီဆောင်ရွက်ပေးနေကြသည့် စေတနာ့ဝန်ထမ်း(Volunteer)များ၏အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်း (Volunteer) များအတွက် လုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်နှင့် အသွားအလာကိစ္စများတွင် လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ လုံလောက်သော အနားယူအပန်းဖြေမှုရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလို၍ ဖြစ်ကြောင်း။

အဆိုပါလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် လူမှုရေးဝန်ကြီးများက ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့ အတွင်းရေးမှူးရုံးအဖွဲ့အနေဖြင့် လက်ရှိဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများစာရင်းကို ကောက်ယူထားရှိပြီးဖြစ်ကြောင်း၊ ထပ်မံ၍ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုသူများ၏ စာရင်းနှင့် စေတနာ့ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးမည့် စေတနာ့ဝန်ထမ်း ဆရာဝန်များစာရင်းကိုလည်း အွန်လိုင်းစနစ်ဖြင့် ကောက်ယူလျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲစာအုပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် မိမိတို့ဝန်ကြီးဌာနက ပူးပေါင်းပြုစုရေးဆွဲထားပြီးဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်း(Volunteer)များအား သင်ကြားပေးမည့် စေတနာ့ဝန်ထမ်းဆရာဝန်များကို ဆရာဖြစ်သင်တန်း (Training of Trainer) ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းများကို အွန်လိုင်းစနစ်ဖြင့် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းလက်စွဲစာအုပ်များကို ကြိုတင်မျှဝေထားမည်ဖြစ်ကြောင်းနှင့် သင်တန်းပို့ချကြမည့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**စနစ်တကျလက်ခံဆောင်ရွက်လျက်ရှိ**

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လိုသူများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အလုပ်လုပ်နေသူများမှ ပြန်လာလိုသူများကို စနစ်တကျ လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်လာကြသူများကို Quarantine နေရာများတွင် စနစ်တကျထားရှိနိုင်မှသာ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုနှင့် ပတ်သက်ပြီး လက်ရှိအနေအထားအတိုင်း ဆက်လက်ထိန်းချုပ်ထားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် Quarantine နေရာများတွင် စနစ်တကျဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်းနှင့် မိုးရာသီကျရောက်လာပြီဖြစ်၍ မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော ရောဂါများနှင့်ပတ်သက်၍ ဆောင်ရွက်မှုများတွင် စေတနာ့ဝန်ထမ်းများ ပါဝင်ကူညီနိုင်ရန် လိုအပ်သည့် သင်ခန်းစာများပါ ထည့်သွင်းသင်ကြားပေးနိုင်ရေး ဆွေးနွေးသည်။

**ပညာပေးလုပ်ငန်းများတွင် ပါဝင်နိုင်ရေး**

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာထင်အောင်စောနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင်များနှင့် အတွင်းရေးမှူးရုံးအဖွဲ့ တာဝန်ရှိသူများက စေတနာ့ဝန်ထမ်း ဆရာဝန်များကို ဆရာဖြစ်သင်တန်း(Training of Trainer) သင်ကြားပေးမည့်ကိစ္စများ၊ သင်တန်းများကို အွန်လိုင်းအသုံးပြုသင်ကြားရာတွင် လိုအပ်သည့်ပြင်ဆင်မှုများ၊ သင်တန်းထိရောက်မှုရှိစေရေး လူဦးရေအလိုက် အချိန်ကာလခွဲ၍ သင်ကြားပေးနိုင်ရေးကိစ္စများ၊ သင်ခန်းစာခေါင်းစဉ်အလိုက် သင်ကြားမည့် အချိန်ကာလ၊ လုံခြုံရေးအကာအကွယ်ပစ္စည်းများ ပံ့ပိုးပေးနိုင်ရေးကိစ္စများနှင့် မိုးရာသီကာလတွင် ဖြစ်လေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါနှင့် ရာသီတုပ်ကွေးရောဂါအမျိုးမျိုးနှင့် ပတ်သက်၍လည်း ပညာပေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းများအား ပါဝင်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည့်သင်တန်းများ အဆင့်ဆင့်ပေးနိုင်ရေး၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဖြစ်သင်တန်းတက်ရောက်ထားသော မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင် လုပ်အားပေးဆရာဝန်များ ပူးပေါင်း၍ စေတနာ့ဝန်ထမ်းတာဝန်ယူဆောင်ရွက်နေသူများနှင့် ဆောင်ရွက်မည့်သူများအား လေ့ကျင့်သင်တန်းပေးရေးကိစ္စများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မေ ၃ ရက်တွင် ဝင်ရောက်သူမရှိ

**မြဝတီ မေ ၃**

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများကို မေ ၁ ရက်မှစပြီး လက်ခံလျက်ရှိရာ ယနေ့တွင် ပြန်လည်ဝင်ရောက်လာမှု မရှိကြောင်း သိရသည်။

နေရပ်ပြန်များကို ပြန်လည်လက်ခံသည့်နေရာတွင် ဦးဆောင်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က “လက်ရှိအနေအထားကတော့ ကျွန်တော်တို့ဘက်ခြမ်းက ပြန်လာဖို့အတွက်ကို ထိုင်းအစိုးရနဲ့ ညှိနှိုင်းနေပါတယ်။ ဟိုဘက်မှာကျတော့ ကျွန်တော်တို့ သိရသလောက်ကတော့ ကာဖျူးရှိတယ်။ နောက်တစ်ချက်ကတော့ ကန့်သတ်ထားတာတွေ လုပ်ထားတဲ့အတွက် ဒီအချက်နှစ်ချက်နဲ့ ကိုက်ညီပြီးတော့ ထိုင်းအစိုးရဘက်က အကောင်းဆုံးဖြစ်နိုင်တဲ့ အစီအစဉ်ကို မြန်မာသံရုံးနဲ့ ချိတ်ဆက်ပြီး လုပ်ဆောင်ပေးနေတာ ရှိပါတယ်။ ဟိုဘက်မှာကတော့ အသေးစိတ်ဆွေးနွေးနေတယ်။ ကျွန်တော်တို့ မျှော်မှန်းထားရသလောက် ဒီကိုပြန်လာခွင့်ရတဲ့ လက်ရှိစာရင်းပေးထားတဲ့ နိုင်ငံသားတွေကို အသုတ်လိုက် အသုတ်လိုက် အထူးသဖြင့် ဗန်ကောက်ကို အဓိကထားပြီးတော့ ပြန်လာဖို့ကို စနစ်တကျ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ မှန်းရသလောက် နောက်နှစ်ရက် သုံးရက်ကျရင်တော့ တိကျတဲ့အဖြေထွက်လာပြီး အဲဒီအဖြေအတိုင်းပဲ ကြီးကြပ်ဆောင်ရွက်သွားပါမယ်”ဟု ပြောသည်။

ပြန်လည်ဝင်ရောက်လာသည့်သူများအနေဖြင့် မေ ၁ ရက်တွင် နေပြည်တော်မှ ငါးဦး၊ ကရင်ပြည်နယ်မှ ၁၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၄ ဦး၊ မွန်ပြည်နယ်မှ ၁၀ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ နှစ်ဦး စုစုပေါင်း ၆၃၊ မေ ၂ ရက်တွင် ကယားပြည်နယ်မှ သုံးဦး၊ ကရင်ပြည်နယ်မှ ၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦး၊ မွန်ပြည်နယ်မှ နှစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သုံးဦး စုစုပေါင်း ၅၄ ဦးတို့ဖြစ်သည်။

ထို့ကြောင့် မေ ၁ ရက်နှင့် ၂ ရက်တွင် ပြန်လာသူ ၁၁၇ ဦးရှိပြီး မေ ၃ ရက်တွင် ပြန်လည်ဝင်ရောက်လာသူ မရှိကြောင်း သိရသည်။

**ထိန်လင်းအောင် (မြန်/ဆက်)**





## ကိုဗစ်-၁၉ ကာလ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**နေပြည်တော် မေ ၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ပေါက်တောကျေးရွာတွင် အိမ်ထောင်စုပေါင်း ၅၅၃ စုရှိပြီး ပေါက်တောစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတွင် အသင်းသား ၄၃ ဦးရှိရာ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ကျေးရွာရှိ အသင်းသားများသာမက ပြည်သူများအားလုံး အလွယ်တကူ ဝယ်ယူစားသုံးနိုင်ရန်အတွက် အသင်းဆိုင်တွင် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာရည်၊ Hand Gel များကို အမှုဆောင်အဖွဲ့မှ စီစဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချနေမှုကို နေပြည်တော်သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိတို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး ပစ္စည်းများပြတ်လပ်မှုမရှိစေရေး၊ ရောင်းသူနှင့် ဝယ်သူတို့ ရောဂါကူးစက်မှုမရှိစေရန် သုံးပေအကွာမှ တန်းစီဝယ်ယူစေရေးတို့ကို မှာကြားခဲ့သည်။ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းမှာ အခြေခံစားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်၍ သမဝါယမအသင်းများကလည်း ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံတွင် ဆောင်ရွက်ထားရှိမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင်/ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေ ၄ နာရီခွဲက ရွှေဘိုမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ပြည်သူ့ဆေးရုံကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် ဆေးရုံအတွင်းတွင် အများပြည်သူအတွက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိပါက လူနာ ၁၂ ဦး သီးသန့်ထားရှိကုသနိုင်ရေး၊ ရောဂါပိုးပျောက်ကင်းပါက လေးဦး သီးသန့်ထားရှိရန်နှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရေးတို့အတွက် ကျန်းမာရေးသုံးပစ္စည်းများ စုံလင်စွာထားရှိမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**



ထို့နောက် ရွှေဘိုမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**

## မြန်မာ-တရုတ် ချစ်ကြည်ရေး မူဆယ်ရုံးခွဲမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**မူဆယ် မေ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးရန် မူဆယ်ခရိုင် မူဆယ်မြို့ရှိ မြန်မာ-တရုတ်ချစ်ကြည်ရေး မူဆယ်ရုံးခွဲမှ နာယက ဒေါ်စစ်စိန်၊ ဥက္ကဋ္ဌ ဦးရှင်ဖူးနှင့် ချစ်ကြည်ရေးအဖွဲ့အား ချိတ်ဆက်ပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ရေး ထောက်ပံ့ပစ္စည်းများကို မြန်မာ-တရုတ်ချစ်ကြည်ရေး မူဆယ်ရုံးခွဲမှ မေ ၃ ရက်တွင် မူဆယ်မြို့ပေါ်ရှိ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ပညာရေးအဖွဲ့များ၊ ကြက်ခြေနီအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အသင်းအဖွဲ့ ၂၉ ဖွဲ့တို့အား ပြန်လည်ထောက်ပံ့ လှူဒါန်းပေးခဲ့သည်။ ထောက်ပံ့လှူဒါန်းပွဲတွင် တရုတ်နိုင်ငံက ပေးအပ်ခဲ့သော နှာခေါင်းစည်း ၆၀၀၀၊ ပိုးသတ်ဆေး ၁၁၂ ပုံး၊ မျက်မှန် အလက် ၂၀၊ ကိုယ်ပူချိန်တိုင်းစက် ၂၉ ခု၊ PPE ဝတ်စုံ ၂၀၊ တရုတ်တိုင်းရင်းဆေးကတ် ၂၈၀ တို့နှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအဖွဲ့ နာယက ဒေါ်စစ်စိန် စိန်ရတနာ ဟိုတယ်မိသားစုကလည်း မိဘမဲ့ကလေးငယ်များနှင့် အခြေခံလူတန်းစားများအတွက် ဆန်နှင့် အဝတ်အထည်များကို ထပ်မံဖြည့်စွက်လှူဒါန်းပေးခဲ့သည်။



လှူဒါန်းပွဲအပြီးတွင် ထောက်ပံ့ပစ္စည်းလက်ခံရရှိသော လူမှုရေးအသင်းအဖွဲ့ကိုယ်စား ခရိုင်ပညာရေးမှူး ဒေါက်တာ သက်သက်စံကလည်းကောင်း၊ မူဆယ်မြို့ မြင့်မြတ်ပါရမီပရဟိတသွေးလှူရှင်အသင်းမှ ဥက္ကဋ္ဌ ဦးအောင်လှိုင်ဝင်းက လည်းကောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားပေးသည်။

အဆိုပါလှူဒါန်းပွဲကို မူဆယ်မြို့ စိန်ရတနာဟိုတယ် အစည်းအဝေးခန်းမဆောင်တွင် ကျင်းပခဲ့ကာ မြန်မာ-တရုတ် ချစ်ကြည်ရေးအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**သန့်ဇင် (မူဆယ်)**

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ရွှေဘိုမြို့ထောင့်စေတီတော်တွင် သန့်ရှင်းရေးပြုလုပ်

**ရွှေဘို မေ ၃**

(၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၂ ရက် နံနက် ၇ နာရီက ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွှေဘိုခရိုင် လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ အောင်ဇေယျာ ခရိုင်လူမှုကရုဏာရှင်များအသင်းမှ အဖွဲ့ဝင်များ၊ စေတနာရှင်ပရဟိတအသင်းမှ အဖွဲ့ဝင်များ၊ ငြိမ်းချမ်းအောင်ပရဟိတအသင်းမှ အဖွဲ့ဝင်များ ပူးပေါင်း၍ ရွှေဘိုမြို့ မြို့ထောင့်စေတီတော် ဘုရားရင်ပြင်တော်၌ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်သည်။

ဆက်လက်၍ မေ ၂ ရက်က ရွှေဘိုမြို့နယ် နမောကျေးရွာရှိ နမောဘုန်းကြီးကျောင်းတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ် မီးသတ်ဦးစီးဌာနက ရေဂါလန် ၁၆၀၀ ကို ကုသိုလ်ပြုလှူဒါန်းခဲ့သည်။

အလားတူ မေ ၁ ရက်က ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ သွေးလှူဒါန်း ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# ပရဟိတ အခြေခံစိတ်ဓာတ်ဖြင့် အစဉ်ထာဝရရှင်သန်နေမည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

❑ တင်ဝင်းလေး (ကြည့်မြင်တိုင်)

**မေလ ၅ ရက်နေ့သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ နှစ်သက်တမ်းအားဖြင့် (၇၄)နှစ်ဟု ဆိုသော်လည်း သမိုင်းမှတ်တမ်းများအရ ခရစ်နှစ် ၁၀၄၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၄၀၆ ခုနှစ် ပုဂံထီးနန်းကို စိုးစံခဲ့သော ပြည့်ရှင်အနော်ရထာမင်းကြီးလက်ထက်တွင် "သောသောညံ ပုဂံမီးဆော်မောင်း" ဆိုသည့် ဂဏန်းအမှတ်အသား သံခိပ်(လင်္ကာ)အရ တစ်နည်းအားဖြင့် နေ့နံသင့် သင်္ချာနည်းအရ မီးတပ်သား ၆၆၃ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်မှာ နှစ်ပေါင်း ၉၇၆ နှစ်၊ ယေဘုယျအားဖြင့် နှစ်ပေါင်း ၁၀၀၀ နီးပါးတိုင် တည်ရှိခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။**


၂၀-၂-၂၀၂၀ ရက်က ရန်ကုန်မြို့ လမ်းမတော် သံဈေးမီးလောင်မှုကို အထပ်မြင့် မီးငြိမ်းသတ်ရေးယာဉ် အသုံးပြု၍ မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်နေစဉ်။

အင်း၀၊ ညောင်ရမ်း၊ ကုန်းဘောင်စသော ရှေးမြန်မာမင်းများ အဆက်ဆက်တိုင် မီးသတ်တပ်ဖွဲ့များ ရှိခဲ့ပြီး မီးဘေးလုံခြုံရေးဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အင်္ဂလိပ်တို့ အုပ်စိုးသော ကိုလိုနီခေတ်တွင် ရန်ကုန်မြူနီစီပယ်ကော်မတီက ၁၈၈၃ ခုနှစ်တွင် လည်းကောင်း၊ မန္တလေးမြူနီစီပယ်ကော်မတီက ၁၈၉၈ ခုနှစ်တွင်လည်း မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ ယင်းကဲ့သို့ မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းခဲ့သော်လည်း အဓိက ပြည်သူလူထုအကျိုးအတွက်မဟုတ်ပေ။ ဗြိတိသျှကိုလိုနီပိုင် စီးပွားရေးလုပ်ငန်းများကို မီးလောင်ဆုံးရှုံးခြင်းမှ ကာကွယ်ရန်ဖြစ်သည်။

သို့အတွက် ၁၉၃၂ ခုနှစ်၊ ကိုလိုနီခေတ်ကာလအတွင်း မြန်မာ့မျိုးချစ်လူငယ်များက မိမိရပ်ရွာကို မိမိတို့ကိုယ်တိုင် ကာကွယ်စောင့်ရှောက်ရမည်ဟူသော ပရဟိတအသိစိတ်ဖြင့် အပျော်တမ်းမီးသတ်တပ်ဖွဲ့များအဖြစ် ရန်ကုန်မြူနီစီပယ်အက်ဥပဒေအရ စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ကို ရပ်ရွာအလိုက် စတင်ဖွဲ့စည်းခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ထိုစဉ်က ဖွဲ့စည်းခဲ့သော မီးသတ်တပ်ဖွဲ့များမှာ မီးလောင်လျှင် ငြိမ်းသတ်ရန်အတွက်မျှသာဖြစ်သည်။

## (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီ

တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ဖွဲ့စည်းထားသည့် မီးသတ်အစည်းအရုံးဝင် မြို့နယ်ကိုယ်စားပြုခေါင်းဆောင်များ စုစည်းခဲ့ကြပြီး ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့၌ ပထမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကြီးကို ကျင်းပနိုင်ခဲ့သည်။ ထိုညီလာခံကြီးသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။ ထိုသို့ မီးသတ်အစည်းအရုံး ညီလာခံကြီး ကျင်းပနိုင်ခဲ့သည်ကို အမှတ်ရစိမ့်သောငှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် နှစ်စဉ် မေလ ၅ ရက်နေ့တိုင်း ကျင်းပလာခဲ့သည်မှာ (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၁၉၄၇ ခုနှစ်တွင် ပညာရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးဌာန၏ အမိန့်အရ မီးဘေးတားဆီးရေးနှင့် မီးဘေးကာကွယ်ရေးကိစ္စရပ်များကိုဆောင်ရွက်ရန် မီးသတ်ဌာနကို မီးသတ်ညွှန်ကြားရေးဝန်အပါအဝင် အရာထမ်း ၂၁ ဦးတို့ဖြင့် ဖွဲ့စည်းပေးခဲ့သည်။ ၁၉၅၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မီးသတ်ဝန်ထမ်းအက်ဥပဒေအမှတ် ၆ ပြဋ္ဌာန်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေဌာနခွဲ၊ နိုင်ငံတော်အစိုးရမီးသတ်ဌာနတွင် ဝန်ထမ်း ၆၃၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၁၉၆၃ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၅၅ အရ ၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကို အသစ်ထုတ်ပြန်ပြဋ္ဌာန်း၍ မီးသတ်တပ်ဖွဲ့ကို အခြားသောလက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့ စည်းကမ်းသေဝပ်သော အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန် ရည်မှန်းချက်ဖြင့် မီးသတ်အဖွဲ့အစည်းကို "တပ်ဖွဲ့"အသွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

## ပြင်ဆင်ဖွဲ့စည်းခဲ့

ရန်ကုန်မြူနီစီပယ်၊ မန္တလေးမြူနီစီပယ်မီးသတ်ဝန်ထမ်းများနှင့် အခြားသောဒေသန္တရ မီးသတ်တပ်ဖွဲ့များကို အစိုးရဌာနတွင် ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်လွှဲပြောင်းယူခဲ့သည့်အတွက် ဝန်ထမ်းအင်အား ၁၃၅၀ ရှိလာခဲ့ပြီး အကွဲကွဲအပြားပြား ဖြစ်နေသော စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့အစည်းအမျိုးမျိုးကိုလည်း အရန်မီးသတ်တပ်ဖွဲ့အဖြစ်သို့ လည်းကောင်း၊ အချို့သော အစိုးရဌာန၊ ဘုတ်ကော်ပိုရေးရှင်းတို့ရှိ မီးသတ်အဖွဲ့များကို သီးသန့်မီးသတ်တပ်ဖွဲ့အဖြစ်သို့ လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၁၉၇၂ ခုနှစ် စနစ်သစ်အုပ်ချုပ်ရေးဖော်ထုတ်မှုအစီအစဉ်အရ အခြားဌာနများမှ ဝန်ထမ်း ၄၈ ဦး ပြောင်းရွှေ့ရောက်ရှိလာရာ ဝန်ထမ်းအင်အား ၁၇၉၈ ဦးအထိ တိုးတက်လာခဲ့ပြီး ၂၄ နာရီ တာဝန်ထမ်းဆောင်သည့် မီးသတ်တပ်ဖွဲ့ဖြစ်လာခဲ့သည်။ ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံအင်အား ၂၄၆၅၉ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး လက်ရှိခန့်ထားအင်အား ၁၃၆၃၄ ဦးအထိ ရှိလာခဲ့သည်။ တစ်ဖန် မီးသတ်လုပ်ငန်းများကို အထောက်အကူအဖြစ် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၄၇၉၈၃ ဦးနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၈၈၈၃ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီဟု သိရသည်။

ယနေ့ ကမ္ဘာကြီးသည် ပြောင်းလဲခြင်းများစွာနှင့်အတူ ဖွံ့ဖြိုးတိုးတက်ခြင်းများကလည်း အရှိန်အဟုန်ဖြင့် လိုက်ပါစီးမျောလာလျက်ရှိနေသည်။ အကြောင်းနှင့်အကျိုး၊ အဆိုးနှင့်အကောင်းသည် ဒွန်တွဲလျက်ရှိနေသည်ဟု ဆိုစကားပမာ ဆိုးကျိုးများကပ်လျက် ပါလာတတ်သည်။


ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပိုးသတ်ဆေးဖျန်းမှုတွင် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်စဉ်။

## အန္တရာယ်ဆိုးကျိုးများ

လူတို့မှ သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူမှု၊ ခေတ်မီလက်နက်များ အပြိုင်အဆိုင်ထုတ်လုပ်မှု၊ ထို့အပြင် စက်ရုံများနှင့် မော်တော်ယာဉ်များကထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်များ ပျံ့နှံ့နေမှုတို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အတူ ကမ္ဘာကြီးပူနွေးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ရေခဲတောင်များပြိုကျခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခြင်း၊ ရေကြီး၊ မြေပြိုခြင်း၊ မိုးခေါင်၍ရေရှားပါးလာခြင်း၊ လျှပ်စီးမိုးကြိုးများပစ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များက နှစ်စဉ်ကြုံတွေ့လာရသော အန္တရာယ်ဆိုးကျိုးများပင်ဖြစ်သည်။

ကမ္ဘာကြီးအတွင်းရှိ မြန်မာနိုင်ငံသည်လည်း ထိုဆိုးကျိုးများနှင့် နှစ်စဉ်မဟုတ်သည့်တိုင် မလွတ်ကင်းနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး ဖြစ်သည်။ ထိစပ်လျက်ရှိသော ပင်လယ်ပြင်ကြီးများမှတစ်ဆင့် ဖြတ်ကျော်လာသော မိုးကြိုးမုန်တိုင်းနှင့် မုန်တိုင်းများ၊ မြန်မာပြည်ကိုဝန်းရံထားသော တောင်တန်းများပေါ်မှ အထိန်းအကွပ်မရှိ တစ်ရှိန်ထိုးစီးဆင်းလာသော မိုးရေတို့ကြောင့် မြစ်ချောင်းများ ရေလျှံခြင်းနှင့် ပြတ်ရွှေ့ကြောတွင် တည်ရှိနေသောကြောင့် ဖြစ်ပေါ်လာသော ငလျင်ကြီးများက ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို နှစ်စဉ် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဤဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ရှေးရှေးကာလများကကဲ့သို့ မီးငြိမ်းသတ်ရုံ တစ်ခုတည်း မဟုတ်တော့ပေ။ ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ရည်မှန်းချက် တာဝန်ကြီးလေးရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သမိုင်းပေးတာဝန်အဖြစ် ထမ်းဆောင်လာရပြီဖြစ်သည်။

## တပ်ခွဲ (၁၅)ခွဲကိုပါ အသင့်စုဖွဲ့ထား

ဤသို့ဆောင်ရွက်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့၏ ဖွဲ့စည်းပုံအင်အား Men Power ရှိစေရန် စနစ်တကျ ပြင်ဆင်ဖွဲ့စည်းလျက်ရှိရာ သဘာဝဘေးကြုံတွေ့လာပါက လျင်မြန်ထိရောက်စွာ ရှာဖွေကယ်ဆယ်ရေးများလုပ်နိုင်ရန်အတွက် တစ်မြို့နယ်လျှင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ တစ်စုလျှင် ၃၅ ဦးစီပါသော တပ်စု ၃၃၃ စုကို ဖွဲ့စည်းထားနိုင်ခဲ့ပြီး တိုင်းဒေသကြီး ပြည်နယ်တစ်စုလျှင် တပ်ဖွဲ့ဝင် ၁၁၆ ဦးစီပါဝင်သော ရှာဖွေကယ်ဆယ်ရေး တပ်ခွဲ(၁)ခွဲနှုန်းဖြင့် တပ်ခွဲ (၁၅)ခွဲကိုပါ အသင့်စုဖွဲ့ထားလျက်ရှိသည်။

ထို့ထက်ပို၍ ထိရောက်လျင်မြန်စွာ ကယ်ဆယ်ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် (ရန်ကုန်)၊ မီးသတ်ဦးစီးဌာန (နေပြည်တော်)နှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးများတွင် အင်အား ၁၁၆ ဦးစီပါဝင်သော အထူးရှာဖွေကယ်ဆယ်ရေးတပ်ခွဲ သုံးဖွဲ့ကိုပါ ဖြည့်တင်းဖွဲ့စည်းထားသည်ကို သိရသည်။ ယင်းအထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များသည် မြေပြင်၊ ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသော တပ်ဖွဲ့များဖြစ်သည့်အပြင် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြင်သစ်နှင့် စင်ကာပူနိုင်ငံတို့မှ ကျွမ်းကျင်နည်းပြများဖြင့် (USAR)သင်တန်းများ ဖွင့်လှစ်၍ နည်းပညာများကို သင်ယူထားကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့ဝင်များအား ဌာနတွင်း၊ ဌာနပြင်ပသင်တန်းများဖြစ်သည့် ပြည်တွင်းသင်တန်းများ သင်ကြားစေမှုနှင့်အတူ ဥရောပ၊ အာရှအစရှိသည့် နိုင်ငံခြားမှ နည်းပြများ ခေါ်ယူသင်ကြားခြင်းများအပြင် ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ခြင်းများကိုလည်း မီးသတ်တပ်ဖွဲ့၏ Technology Power ရရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မီးသတ်စခန်းများ တည်ဆောက်

ထို့အတူ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဦးစီးမှူးရုံး ၁၅ ရုံး အောက်၌ ခရိုင်နှင့် မြို့နယ် ရုံးများ၊ မီးသတ်စခန်းများ၊ မြို့နယ်မီးသတ်စခန်းများ၊ နယ်မြေမီးသတ်စခန်းများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် မီးသတ်စခန်းများကို အကြားအလပ်မရှိ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။

*စာမျက်နှာ ၉ သို့*

**နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး၊ လေဘေး၊ ငလျင်ဘေးနှင့် ရုတ်တရက်ဖြစ်ပွားစေတတ်သည့် ဘေးအန္တရာယ်များ ဖြစ်ပွားမှုမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်တာအတွင်း မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ မလတ်တောင်ပြိုမှုအပါအဝင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စုစုပေါင်း ၈၁၅၉ ကြိမ် ဆောင်ရွက်ခဲ့ရပြီး သေဆုံးသူ ၃၀၅၂ ဦးနှင့် ဒဏ်ရာရရှိသူ ၁၁၈၈၉ ဦးရှိခဲ့ရာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသအလိုက် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ရှိ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**ပြင်ဦးလွင် မေ ၃**

ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမင်း၊ မြို့နယ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၉ နာရီက ပြင်ဦးလွင်ဆေးရုံကြီး၌ မေ ၅ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းသည်။

**လှူဒါန်းနိုင်**

သွေးများလှူဒါန်းရာတွင် ပြင်ဦးလွင်မြို့ပေါ်ရှိ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က လှူဒါန်းကြရာ ဆေးစစ် အတည်ပြုချက်ရရှိသူ ၂၇ ဦး လှူဒါန်းနိုင်ခဲ့သည်။

**ဖြည့်ဆည်းပေး**

"ကျွန်တော်တို့ အခု သွေးလှူဒါန်းတာဟာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုတာဖြစ်သလို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန် ပြည်သူ့ဆေးရုံကြီးမှာ လိုအပ်နေတဲ့ သွေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးတာ ဖြစ်ပါတယ်။ ပြည်သူလူထုအပေါ်လည်း တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးတာဖြစ်ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးလှမင်းက ပြောသည်။

သွေးလှူဒါန်းရာသို့ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးက လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **သိန်းဇော်**




## ပေါင်မြို့တွင် ထိုင်းမှ ပြန်လည်ရောက်ရှိလာသူ လေးဦး ကျန်းမာရေးကောင်းမွန်

**ပေါင် မေ ၃**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မေ ၂ ရက်က ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ ဒေသခံပြည်သူ လေးဦးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး လက်ရှိတွင် ၂၁ ရက် စခန်းသွင်းစောင့်ကြည့်ထားကြောင်း ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"အရင်ပထမအခေါက် ပြန်လာတုန်းက ရှိနေတာက ဇင်းကျိုက်မြို့ ဆားဖိုစုမှာ ထိုင်းက ပြန်လာတဲ့ လင်မယားနှစ်ဦးနဲ့ သမြုချောင်ကျေးရွာမှာ တရုတ်က ပြန်လာတဲ့ အမျိုးသားတစ်ဦးက အရင်အခေါက်တုန်းက ပြန်လာတဲ့သူတွေပေါ့။ သူတို့ စောင့်ကြည့်ရေးစခန်းမှာ နေထိုင်တုန်းပဲ။ ကျန်းမာရေးလည်း ကောင်းမွန်ပါတယ်။ အခုအခေါက်က မနေ့မနက် ၉ နာရီကျော်မှာ သားအမိနှစ်ဦးရယ်၊ နောက်ပြီး မနေ့ညနေပိုင်းကပဲ လင်မယားနှစ်ဦးရယ် ရောက်လာတယ်။ သူတို့လေးဦးက မနေ့က ထိုင်းက ပြန်ရောက်တဲ့သူတွေပါ။ ကျန်းမာရေးနဲ့ပတ်သက်တာ အကုန်လုံး စိစစ်ထားတယ်။ လေးဦးလုံး ကျန်းကျန်းမာမာပါပဲ။ အခုတော့ စောင့်ကြည့်ရေးစခန်းမှာ ထားပါတယ်"ဟု ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ပြောသည်။

မေ ၂ ရက်က ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ လေးဦးကို အ.ထ.က သဲအိမ် CBFQ စခန်းနှင့် အ.ထ.က-ခွဲ(အီဖြစ်) CBFQ စခန်းတို့တွင် စခန်းသွင်းထားကြောင်း ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ကိုဟိန်း(ပေါင်)**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့၊ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုးဇလ**

## ၃-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၆၄၀၀၇ | ၁၇၃၉၁၀ | ၆၇၅၅၂ |
| ၂။ | စပိန် | ၂၄၇၁၂၂ | ၁၄၈၅၅၈ | ၂၅၂၆၄ |
| ၃။ | အီတလီ | ၂၀၉၃၂၈ | ၇၉၉၁၄ | ၂၈၇၁၀ |
| ၄။ | ဗြိတိန် | ၁၈၂၂၆၀ | စိစစ်ဆဲ | ၂၈၁၃၁ |
| ၅။ | ပြင်သစ် | ၁၆၈၃၉၆ | ၅၀၅၆၂ | ၂၄၇၆၀ |
| ၆။ | ဂျာမနီ | ၁၆၅၀၈၆ | ၁၃၀၆၀၀ | ၆၈၁၂ |
| ၇။ | ရုရှား | ၁၃၄၆၈၇ | ၁၆၆၃၉ | ၁၂၈၀ |
| ၈။ | တူရကီ | ၁၂၄၃၇၅ | ၅၈၂၅၉ | ၃၃၃၆ |
| ၉။ | အီရန် | ၉၇၄၂၄ | ၇၈၄၂၂ | ၆၂၀၃ |
| ၁၀။ | ဘရာဇီး | ၉၇၁၀၀ | ၄၀၉၃၇ | ၆၇၆၁ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၇၀၃ | ၁၅၅ |

| ပြန်လည်သက်သာလာသူ | သေဆုံးသူ |
|---|---|
| ၄၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၂၉၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၂၉ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၂၁ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၆ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| | စုစုပေါင်း | ၁၅၅ | ၆ |

- အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃-၅-၂၀၂၀ ရက် ည (၈:၀၀) နာရီ

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃-၅-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၈၂၀၅ | ၁၃၄၇ | ၁၇ |
| အင်ဒိုနီးရှား | ၁၁၁၉၂ | ၁၈၇၆ | ၈၄၅ |
| ဖိလစ်ပိုင် | ၉၂၂၃ | ၁၂၁၄ | ၆၀၇ |
| မလေးရှား | ၆၂၉၈ | ၄၄၁၃ | ၁၀၅ |
| ထိုင်း | ၂၉၆၉ | ၂၇၃၉ | ၅၄ |
| ဗီယက်နမ် | ၂၇၁ | ၂၂၂ | ၀ |
| မြန်မာ | ၁၅၅ | ၄၃ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၂၈ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

# အခြေခံလူတန်းစားအိမ်ထောင်စုများအား စားသောက်ကုန်ပစ္စည်းငါးမျိုး ထပ်မံထောက်ပံ့နိုင်ရန် စီစဉ်နေ

ကလေး မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ဦးဆောင်၍ ကလေးမြို့ မြို့မိမြို့ဖနှင့် စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းထားသော ရိက္ခာစားသောက်ကုန်ပစ္စည်းများအား ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၇၅၀၀ ကျော်ကို ကူညီထောက်ပံ့နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ယာပုံ)

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများ၏ စာရင်းအား မှန်ကန်စွာ စာရင်းကောက်ယူနိုင်ရေးအတွက် ဧစပြိမ်းပွင့်အဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများက ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက် ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ် ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာတို့အား မေ ၁၀ ရက်မှစတင်၍ အိမ်တိုင်ရာရောက် စနစ်တကျပေးအပ်လှူဒါန်းနိုင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၁၀ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၁၁၇ စု တို့အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်များအား အစိုးရမှ ထောက်ပံ့ပေးထားပြီးဖြစ်ကာ ယခုအကြိမ် ထောက်ပံ့ပေးအပ်ခြင်းတွင် ကလေးမြို့ မြို့မိမြို့ဖနှင့် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၇၅၀၀ ကျော် အတွက် ဆန်အိတ်ပေါင်း ၁၈၅၀၊ ဆီ ပိဿာ ၃၇၅၀၊ ဆား ပိဿာ ၃၇၅၀၊ ပဲ ပိဿာ ၇၅၀၀၊ ကြက်သွန်နီ ပိဿာ၇၅၀၀ တို့အား ဝေငှခြင်းဖြစ်ကြောင်း သိရပြီး ကျန်ရှိနေသော ဆန်အိတ်များကိုလည်း ကန့်သတ်စောင့်ကြည့်ရေး စခန်းပေါင်း ၄၀ ကျော်နှင့် တိုင်းရင်းဆေးရုံ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ နတ်ချောင်းစစ်ဆေးရေးဂိတ် နှင့် ကိုးမိုင်စစ်ဆေးရေးဂိတ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ကလေးခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)



# မိုင်းယုမြို့တွင် အထူးဒေသ(၄) နမ့်ပန်းဒေသမှ ကန့်သတ်စောင့်ကြည့်ရေး ၂၁ ရက်ပြုလုပ်ပြီးသော နေရပ်ပြန်မြန်မာအလုပ်သမားများ အဆင်ပြေစွာပြန်နိုင်ရန် စီစဉ်ထားမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

မိုင်းယု မေ ၃

**ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့ မြို့မရပ်ကွက် အားကစားကွင်းတွင် အထူးဒေသ(၄) နမ့်ပန်းဒေသ၌ ကန့်သတ်စောင့်ကြည့်ရေး ၂၁ ရက် ပြုလုပ်ပြီးသော နေရပ်ပြန် မြန်မာအလုပ်သမားများအား မူလနေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများကို မေ ၃ ရက်က မိုင်းယောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။**

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မိုင်းယောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် အဖွဲ့ဝင်များက အထူးဒေသ(၄)၊ နမ့်ပန်းဒေသမှ ကန့်သတ်စောင့်ကြည့်ရေး ၂၁ ရက် ပြုလုပ်ပြီးသော နေရပ်ပြန် မြန်မာအလုပ်သမားများအား မူလနေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရန် အတွက်မိုင်းယုမြို့ မြို့မရပ်ကွက် အားကစားကွင်း၌ လက်ဆေးရန်၊ ကျန်းမာရေးစစ်ဆေးရန်၊ သတင်းနှင့် စာရင်းကောက်ယူနိုင်ရေး၊ အစားအသောက်များ စီစဉ်ထားမှု၊ နားနေနိုင်ရေးနှင့် သတ်မှတ်ယာဉ်များ ကြိုတင်ထားရှိမှုအခြေအနေများ၊ ငွေလဲကောင်တာ၊ အဝင်အထွက်မှန်ကန်စေရေး၊ လုံခြုံရေးဆိုင်ရာများကို အစီအစဉ်တကျထားရှိမှုနှင့် စနစ်တကျ သွားလာမှုများဖြစ်စေရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စစ်ဆေးကာ လိုအပ်သည်များ စီမံဆောင်ရွက်ပေးကြသည်။

နေရပ်ပြန် မြန်မာအလုပ်သမားများသည် တရုတ်နိုင်ငံမှ ကျပန်းအလုပ်လုပ်ကိုင်နေရင်းမှ ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် မြန်မာနိုင်ငံဘက်သို့ ပြန်လည်ဝင်ရောက်လာကြမည့် တိုင်းဒေသကြီး/ ပြည်နယ်များမှ မြန်မာအလုပ်သမားများဖြစ်ကြသည်။ ၎င်းတို့ကို မေ ၄ ရက် နံနက်ပိုင်းတွင် အထူးဒေသ(၄)၊ နမ့်ပန်းဒေသမှ မိုင်းယု-ကျိုန်းယဲန်း တံတားပေါ်တွင် လွှဲပြောင်းလက်ခံကာ မိုင်းယုမြို့ မြို့မရပ်ကွက် အားကစားကွင်း၌ အဆိုပါ အလုပ်သမားများ မူလနေရပ်သို့ ရောက်ရှိရန်အတွက် ကျန်းမာရေးစစ်ဆေးပေးကာ အစားအသောက်များ ဝေငှ၍ မိုင်းယုမြို့မှတစ်ဆင့် တောင်ကြီးမြို့သို့ အဆင်ပြေစွာ ရောက်ရှိစေရန် ယာဉ်လိုင်းများဖြင့် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုနိုင်(မိုင်းယု)

## မြန်မာ့ရှယ်ယာဈေးကွက်၏ လက်ရှိအခြေအနေနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလ ဟောပြောပွဲကို မေ ၇ ရက်တွင် အွန်လိုင်းမှ Live လွှင့်မည်

ရန်ကုန် မေ ၃

ကမ္ဘာ့ကပ်ရောဂါဖြစ်သော ကိုဗစ်-၁၉ ကာလအတွင်း ဖြစ်ပေါ်နေသော မြန်မာ့ရှယ်ယာဈေးကွက်အကြောင်းကို ရင်းနှီးမြှုပ်နှံသူများ Stay at Home တွင်သာ နေထိုင်ပြီး သိရှိစေရန်အတွက် "Myanmar Stock Market: Present and Beyond COVID-19" ခေါင်းစဉ်ဖြင့် YSX Live Talk Program ကို မေ ၇ ရက်၊ မွန်းလွဲ ၁ နာရီခွဲတွင် Yangon Stock Exchange Facebook Page မှ တိုက်ရိုက် Live Stream ကြည့်ရှုနိုင်အောင် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောမည့် ပုဂ္ဂိုလ်များမှာ ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာ ဆရာ ဦးသက်ထွန်းဦး၊ စာရေးဆရာနှင့် စီးပွားရေးအကြံပေး ဆရာ ဦးကျော်မျိုးထွန်း၊ The Voice Journal နှင့် Living Color Media မှ ထုတ်လုပ်သူ CEO ဆရာ ဦးဇေယျာသူတို့ဖြစ်ကြပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော ကာလအတွင်း ကမ္ဘာနှင့် မြန်မာ့ ရှယ်ယာဈေးကွက် ဖြစ်ပေါ်နေမှုများ၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်နေမှုများ၊ ကိုဗစ်-၁၉ ကာလကျော်ဖြတ်ပြီးနောက် ဖြစ်ပေါ်လာနိုင်မည့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများကို အဓိကထား ဆွေးနွေးတင်ပြသွားမည်ဖြစ်ကြောင်းYangon Stock Exchange Joint-Venture Co., Ltd မှ သိရသည်။

ဆွေးနွေးပွဲကို စိတ်ပါဝင်စားသော မည်သူမဆို YSX Facebook Pageတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးထားသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း 09-251169347 သို့မဟုတ် YSX Facebook Chat Boxမှ မေးမြန်းနိုင်ကြောင်း သိရသည်။

သန့်ဇင်ဝင်း

# ရာသီအလိုက် ဖြစ်ထွန်း၍ အဝါရောင်မှိုစွဲရောဂါဒဏ် ခံနိုင်ရည်ရှိသော ပဲတီစိမ်းမျိုးလိုင်းများ ယှဉ်ပြိုင်လေ့လာခြင်းသုတေသနဆောင်ရွက်

နေပြည်တော် မေ ၃

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ပဲမျိုးစုံ သီးနှံသုတေသနဌာနစုအနေဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ စိုက်ပျိုးနိုင်ရန် ရာသီအလိုက်ဖြစ်ထွန်းသည့် အထွက်ကောင်းမျိုးများ ဖြန့်ဖြူးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ အဝါရောင်မှိုစွဲရောဂါဒဏ် ခံနိုင်ရည်ရှိသော ပဲတီစိမ်းမျိုးလိုင်းများ ယှဉ်ပြိုင်လေ့လာခြင်းသုတေသနကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၉- ၂၀၂၀ ခုနှစ် မိုးကြိုရာသီတွင် ပဲမျိုးစုံသီးနှံ သုတေသနဌာနစု၏ ကွင်းသုတေသန၌ ရာသီအလိုက် ဖြစ်ထွန်း၍ အဝါရောင်မှိုစွဲ ရောဂါဒဏ် ခံနိုင်ရည်ရှိသော ပဲတီစိမ်းမျိုးများ ရရှိရန် ရည်ရွယ်ချက်ဖြင့် ရေဆင်း-၁၄ ပဲတီစိမ်းမျိုးနှင့် YM-03-4-21 မျိုးများအား မျိုးကူးစပ်မွေးမြူ၍ ရရှိလာသည့် မျိုးလိုင်း ၁၆ လိုင်းကို စမ်းသပ်စိုက်ပျိုးလေ့လာခဲ့ကြောင်း၊ ယင်းသုတေသနမှ ပဲတီစိမ်း မျိုးလိုင်းနံပါတ် YM-15-8-20 နှင့် YM-15-8-22 တို့သည် အဝါရောင်မှိုစွဲ ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး မိုးကြိုရာသီတွင် ကျန်မျိုးလိုင်းများနှင့် နှိုင်းယှဉ်ပါက အပင်ဖြစ်ထွန်းမှု ပိုမိုကောင်းမွန်မှုကို တွေ့ရှိရကြောင်း ပဲမျိုးစုံသီးနှံသုတေသနဌာနခွဲ ပဲမျိုးစုံသီးနှံ သုတေသနဌာနစုမှ သိရသည်။

ထို့ပြင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဆီထွက်နှင့် ပဲမျိုးစုံသီးနှံ သုတေသနဌာနခွဲ ပဲမျိုးစုံသီးနှံ သုတေသန ဌာနစုမှ သုတေသနပညာရှင်များသည် ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲပုပ်နှင့် ပဲလွန်းအပါအဝင် ပဲမျိုးစုံသီးနှံများကို ရေ၊ မြေ၊ ရာသီဥတု ကွဲပြားခြားနားသော ဒေသအသီးသီးနှင့် သင့်တော်သော အထွက်ကောင်းမျိုးများ ရှာဖွေဖော်ထုတ်ခြင်း၊ ဈေးကွက်နှင့် ကိုက်ညီသော မျိုးများ ရှာဖွေဖော်ထုတ်ခြင်း၊ အထွက်ကောင်း ပဲမျိုးများအား ရောဂါနှင့် ပိုးမွှားကျရောက်မှု ခံနိုင်ရည်ရှိသော မျိုးများ ရှာဖွေဖော်ထုတ်ခြင်း အပါအဝင် ထုတ်ဝေပြီး ပဲမျိုးများအား မိဘမျိုးစေ့ ပွားများခြင်း အစရှိသော သုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မေမိုးသဲ



အဝါရောင်မှိုစွဲရောဂါဒဏ် ခံနိုင်ရည်ရှိသော ပဲတီစိမ်းမျိုးလိုင်း စိုက်ခင်းကို တွေ့ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မေလအတွင်းဖြစ်ပေါ်နိုင်သည့် မိုးလေဝသဖြစ်စဉ်များကို သတိပြုစောင့်ကြည့်ရန် လိုအပ်ဟုဆို

မုံရွာ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီးတွင် မေလအတွင်းဖြစ်ပေါ်နိုင်သည့် မိုးလေဝသဖြစ်စဉ်များကို သတိပြုစောင့်ကြည့်ကြရန် လိုအပ်ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝ်လီဖရန့်၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ကတော့ သဘာဝဘေးနဲ့ပတ်သက်ပြီး ဘာတွေဖြစ်နိုင်တယ်၊ ဘာတွေကိုတော့ ဂရုစိုက်ပါဆိုတာကို လူမှုကွန်ရက် စာမျက်နှာပေါ်မှာ တင်ပေးထားတာတွေ ရှိပါတယ်။ အဓိက မေလအတွင်းမှာဖြစ်တဲ့ မုန်တိုင်းတွေက မိုးများနိုင်တယ်။ မိုးများနိုင်တာဖြစ်တဲ့အတွက် တစ်ဖက်ပိတ်ဆည်တွေ၊ ကျေးလက်ဒေသက ဆည်တွေ၊ ရေကာတာတွေမှာ ကြွက်တွင်းတွေကြောင့်၊ ပပ်ကြား အက်ကြောင်းတွေကြောင့်၊ နောက်ပြီးရေမဝတဲ့မြေတွေဖြစ်တဲ့အတွက် ရေနဲ့တွေ့တဲ့အချိန်မှာ မြန်မြန်ဆန်ဆန်ကျိုးပေါက်တာတွေဖြစ်နိုင်တဲ့အတွက် သတိပြုကြဖို့လိုတယ်။ မိုးတစ်ရှိန်ထိုးရွာရင် တောင်ကျချောင်းရေတွေ အပြင်းအထန်စီးဆင်းနိုင်တယ်။ အဲဒါတွေကိုတော့ သတိပြု ဆင်ခြင်ပြီး ရှောင်ရှားနိုင်ဖို့ ပြောချင်ပါတယ်"ဟု ၎င်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်ဧပြီလက လေပြင်းတိုက်ခတ်မှုများကြောင့် လူနေအိမ် ၁၆၇၉ လုံးနှင့် ဘာသာရေးအဆောက်အဦ ၃၈ လုံးတို့ ပျက်စီးခဲ့ပြီး လူနေအိမ် ၂၉ လုံး ပြိုကျပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ စုစုပေါင်း ငွေကျပ် ၄၆ သန်းကျော် ဆုံးရှုံးခဲ့ရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

❖ *ကျောဖုံးမှ*

(၅) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊
(၆) အာမခံကုမ္ပဏီနှင့် ကုန်ထုတ်လုပ်မှုမရှိသော ကုမ္ပဏီလုပ်ငန်း၊
(၇) အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း၊
(၈) ပြန်ကြားရေးလုပ်ငန်း၊
(၉) မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတားဖြတ်သန်းခကောက်ခံသည့်လုပ်ငန်း၊
(၁၀) ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊
(ဂ) အများပြည်သူအတွက် လိုအပ်သောလုပ်ငန်းများ
(၁) ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာလုပ်ငန်း၊
(၂) သတ္တုနှင့် သယံဇာတလုပ်ငန်း၊
(၃) ဓာတုဗေဒဆိုင်ရာလုပ်ငန်း၊
(၄) ဆောက်လုပ်ရေးလုပ်ငန်း၊
(၅) ငါး၊ ပုစွန်မွေးမြူရေး၊ ဖမ်းဆီးရေးနှင့် အအေးခန်းလုပ်ငန်း၊

၃။ အပိုဒ်(၂)ပါ လုပ်ငန်းများအား ဆက်လက်ဖွင့်လှစ်သွားရန်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့်အချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ပါသည်။ ဆောင်ရွက်ပြီးစီးပါက အထောက်အထားများဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်နှင့် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုခံယူနိုင်ရေး ဆောင်ရွက်ထားရှိရန်ဖြစ်ကြောင်း ဖြည့်စွက်အသိပေးကြေညာလိုက်သည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်ပျက်စီးမှုများအတွက် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်း တိုက်ခတ်မှုများဖြစ်ပွားလျက်ရှိရာ မေ ၂ ရက်တွင် ရှမ်း ပြည်နယ် နမ့်စန်မြို့နယ်၌ နေအိမ် ၁၃ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၃၃၁ လုံးနှင့် ဘာသာရေးအဆောက်အဦ ခုနစ်လုံး အမိုးအကာလန် ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။



အဆိုပါ လေဘေးဖြစ်ပွားသည့် နေရာများသို့ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့်အတူ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် သွားရောက်ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ရာ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းဖိုးများအတွက် စုစုပေါင်းငွေကျပ် ၂၇ ဒသမ ၇ သန်းကျော် ထောက်ပံ့ခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်များ၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး၊ နေအိမ် ၉၉ လုံးနှင့် ဘာသာရေးအဆောက်အဦသုံးလုံး အမိုးအကာလန် ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်၊ စစ်ကိုင်း၊ ကန့်ဘလူမြို့နယ်များ၌ နေအိမ် နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၂ လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ နေအိမ် ၅၆ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၈၉ လုံး၊ ဘာသာရေးအဆောက်အဦ နှစ်လုံး အမိုးအကာလန် ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကြောင်းနှင့် သက်ဆိုင်ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများသည် လေပြင်းဘေး ဖြစ်ပွားသည့်နေရာများသို့ သွားရောက်၍ ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧပြီ ၉ ရက်မှ မေ ၃ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၃၁၂လုံးနှင့်ဘာသာရေးအဆောက်အဦ ၁၃ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၄၈၇၅ လုံးနှင့် ဘာသာရေးအဆောက်အဦ ၉၄ လုံး အမိုးအကာလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေး ပစ္စည်းဖိုးများ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်းငွေကျပ် ၂၆၃ ဒသမ ၅ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ဝ၆၇-၃၄ဝ၄၆၆၆ နှင့် ဝ၆၇-၃၄ဝ၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှ၌ လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

**မင်းလှ မေ ၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် အမိုးလန် ပြိုလဲပျက်စီးသွားသော နေအိမ်များအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခြင်းကို မေ ၃ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

မိုးညိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းသူမောင်က ဧပြီ ၂၉ ရက်က လေဘေးသင့်သော လက်ပံရေကျော်အုပ်စုရှိ ကျေးရွာများ၌ အမိုးလန်နေအိမ်ခြောက်လုံးအတွက် ထောက်ပံ့ ငွေကျပ် ၁၄ဝဝဝဝ၊ ပြိုလဲနေအိမ်တစ်လုံးအတွက် ထောက်ပံ့ငွေကျပ် ၁ဝဝဝဝဝ၊ ဘေးသင့်လူဦးရေခြောက်ဦးကို ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၁၂၆ဝဝ နှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ပြီး မေ ၁ ရက်က လေဘေးသင့်သော ဇရစ်ချောင်းအုပ်စု ဗောဓိကုန်းကျေးရွာ၌ ပြိုလဲနေအိမ် တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးတို့ကို ထောက်ပံ့ ပေးအပ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

*စာမျက်နှာ ၆ မှ*

မီးသတ်စခန်းများအလိုက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစသော မီးသတ်ယာဉ်များကို နိုင်ငံတော်မှ နှစ်စဉ် ဖြည့်တင်းပေးလျက်ရှိရာ ယခုအခါ အစီးရေ ၃၆၄ဝ အထိ ရှိလာခဲ့ခြင်းနှင့်အတူ အထောက်အကူပြုဆက်စပ်ပစ္စည်းများ ဖြည့်တင်းခြင်းဖြင့် Equipment Power ရရှိရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး၊ လေဘေး၊ ငလျင်ဘေးနှင့် ရုတ်တရက်ဖြစ်ပွားစေတတ်သည့် ဘေးအန္တရာယ်များ ဖြစ်ပွားမှုမှာ ၂ဝ၁၅ ခုနှစ်မှ ၂ဝ၁၉ ခုနှစ်ထိ ငါးနှစ်တာအတွင်း မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ မလတ်တောင်ပြိုမှုအပါအဝင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စုစုပေါင်း ၈၁၅၉ ကြိမ် ဆောင်ရွက်ခဲ့ရပြီး သေဆုံးသူ ၃ဝ၅၂ ဦးနှင့် ဒဏ်ရာရရှိသူ ၁၁၈၈၉ ဦးရှိခဲ့ရာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသအလိုက် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မီးလောင်မှုများအနေဖြင့် ၂ဝ၁၉ ခုနှစ်အတွင်း မီးလောင်မှု ၂၁၅၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ကျပ်ဆယ်သန်းနှင့်အထက် မီးလောင်မှုကြီး ၅၁ ကြိမ်ရှိခဲ့သည်။ ၂ဝ၂ဝ ပြည့်နှစ်အတွင်း ဇန်နဝါရီလမှ ဧပြီလကုန်အထိ မီးလောင်မှု ၁၁၁၁ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြီးပေါင်း အကြိမ်၂ဝ ဖြစ်ပွားခဲ့ရာ မီးလောင်မှုများကို မီးသတ်ဦးစီးဌာနအနေဖြင့် မီးလောင်မှုပေါ်မူတည်၍ Level အဆင့်များသတ်မှတ်ကာ မီးသတ်ယာဉ်များ၊ စက်များ စေလွှတ်မှုများကို စနစ်တကျစီမံဆောင်ရွက်နိုင်မှုတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဇာမနီဖယောင်းသိုလှောင်ရုံမီးလောင်မှု၊ လှိုင်သာယာမြို့နယ်ရှိ Life Jacket စက်ရုံနှင့် မာမားခေါက်ဆွဲစက်ရုံမီးလောင်မှု၊ မန္တလေးတိုင်းဒေသကြီးတွင် ချမ်းအေးသာစံမြို့နယ်ရှိ Mandalay Yatanar Mall ပထမထပ်ရှိ Sky Walk မီးလောင်မှုများကဲ့သို့သော မီးလောင်မှုကြီးများကို ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်ရေးစွမ်းရည်များအား တွေ့ရှိနိုင်သည့်အပြင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ သံဈေး(၁၂)ထပ်ခွဲ အဆောက်အဦ မီးလောင်မှုကြီးတွင်လည်း မီးလောင်မှုကို လျင်မြန်စွာ ငြိမ်းသတ်ပေးနိုင်ခဲ့သည်သာမက သံဈေးအဆောက်အဦ အပေါ်ထပ်ရှိ ပိတ်မိနေသူ ၈၅ ဦးတို့အပြင် ခွေးတစ်ကောင် ပါမကျန် ဘေးမသီရန်မခ ရှာဖွေကယ်ဆယ်နိုင်ခဲ့ခြင်းတို့က မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၌ ပရဟိတဆန်သော စိတ်ဓာတ်များ ကိန်းအောင်းနေမှုအပြင် ခေတ်မီရှာဖွေကယ်ဆယ်ရေး ယာဉ်/ စက်၊ ပစ္စည်းကိရိယာများ စနစ်တကျကိုင်တွယ် အသုံးပြုနိုင်ခြင်း၊ လေ့ကျင့်သားပြည့်ဝနေခြင်းနှင့် လူစွမ်းအား၊ ယာဉ်/စက်ပစ္စည်းကိရိယာစွမ်းအားနှင့် နည်းပညာစွမ်းအားများကို စနစ်တကျ တည်ဆောက်ထားနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။

ယခုအခါ ကမ္ဘာနှင့်အဝန်းကြုံတွေ့လာရသော ကမ္ဘာ့ကပ်ဆိုးရောဂါဟု အမည်တပ်သည့် ကိုဗစ်-၁၉ ရောဂါမှာ မြန်မာပြည်တွင်းသို့ မတ်လ ၂၃ ရက်နေ့မှ စတင်ဝင်ရောက်လာခဲ့သည်ဖြစ်ရာ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ် သုံးရပ်အနက်မှ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်အရ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ဦးဆောင်၍ မြို့အနှံ့ နယ်အဆုံး ဈေးများ၊ ကျောင်းများ၊ Quarantine Center များနှင့် Stay at Home နေရာများပါမကျန် ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးခြင်း၊ ရေရှားပါးသည့် အရပ်ဒေသများနှင့် Quarantine Center များသို့ သောက်ရေသုံးရေများပေးဝေခြင်း၊ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများသို့ နိုင်ငံတော်မှ ထောက်ပံ့သည့် ရိက္ခာငါးမျိုးပေးဝေခြင်းတွင် ကူညီဆောင်ရွက်ခြင်းနှင့် Quarantine Center များတွင် လုံခြုံရေးတာဝန်များအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းတာဝန်ထမ်းဆောင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်သုံးရပ်အနက်မှ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်အရ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး(ဦးစီး) ဦးသိန်းထွန်းဦးထံ မေးမြန်းခဲ့ရာ “မီးသတ်တပ်ဖွဲ့အနေနဲ့ ယခုလို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းမှာ ၂ဝ၁၅ ခုနှစ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ၊ အခန်း(၂)၊ ရည်ရွယ်ချက်၏ ပုဒ်မ ၃(ဂ)၊ (ဃ)တို့တွင် ‘မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်’နှင့် ‘ဘေးအန္တရာယ် တစ်မျိုးမျိုး ကျရောက်သည့်အခါ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရေးအတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်’ဟု မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းများကို သတ်မှတ်ပြဋ္ဌာန်းထားသည်ဖြစ်ရာ ဧပြီ ၂၆ ရက်မှ စတင်ပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတို့တွင် ပိုးသတ်ဆေးပက်ဖျန်းခြင်းနှင့်အတူ ကပ်ရောဂါဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို မိတ်ဖက်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း”ဟု ဖြေကြားခဲ့သည်။

အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ Stay at Home ပြုလုပ်ထားရာ ၁ဝ မြို့နယ်တွင် လည်းကောင်း၊ ဈေးကြီးများနှင့် အိမ်ရာများတွင် လည်းကောင်း၊ တပ်မတော်သားများ၊ ပရဟိတအဖွဲ့များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်/ စက်များ၊ ပိုလန်နိုင်ငံထုတ် မောင်းသူမဲ့ယာဉ်များ အသုံးပြု၍ တပ်မတော်၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ပူးပေါင်း၍ လိုက်လံပိုးသတ်ဆေးဖျန်းပေးမှုများကို စာရေးသူနေထိုင်ရာ မြို့နယ်အတွင်း လာရောက်ခဲ့စဉ် ပြည်သူများ၏ ရင်တွင်းပူပန်မှုများအား ငြိမ်းအေးစေခဲ့သည့်အပြင် ပြည်သူတို့၏ ဝမ်းမြောက်ဝမ်းသာကြိုဆို ပူးပေါင်းပါဝင်မှုများရှိခဲ့သည်ကို ဒိဋ္ဌမျက်မြင် တွေ့ရှိခံစားခဲ့ရသည်။

အချုပ်အားဖြင့်ဆိုရလျှင် မီးသတ်ဦးစီးဌာနသည် ပြည်သူလူထုအတွင်း ကြုံတွေ့ခံစားနေရသော မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်နှင့် ယခုကာလတွင် ဖြစ်ပွားနေသည့် ကပ်ရောဂါဘေးအပါအဝင် အခြား မတော်တဆမှုများဖြစ်ပွားလာပါက အသက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ ပစ္စည်းဥစ္စာများဆုံးရှုံးမှု မဖြစ်ပေါ်စေရေး နည်းပညာ၊ ယာဉ်/စက်ပစ္စည်းကိရိယာများကို အသုံးပြု၍ မိမိတို့၏ အသက်ကိုပင် ပဓာနမထားဘဲ ပရဟိတစိတ်ဓာတ်အခြေခံဖြင့် ဆောင်ရွက်နေသည့်တပ်ဖွဲ့တစ်ခုဖြစ်ရာ မည်သည့်အချိန်ကာလမဆို နေရာဒေသမရွေး ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် တပ်ဖွဲ့ဖြစ်ပါကြောင်း တင်ပြရင်းဖြင့် ပရဟိတစိတ်ဓာတ်များအခြေခံ၍ ပြည်သူ့အကျိုးအတွက် ကျရာတာဝန်များကို ဘက်စုံကဏ္ဍစုံမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား ယနေ့ကျရောက်သည့် (၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့တွင် ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ ။

# သီပေါ၌ ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ကြည့်ရှုရန် ရွှေ့လျားဓာတ်မှန်စက်နှင့် ခရမ်းလွန်ရောင်ခြည်ပိုးသတ်စက်လှူဒါန်း

**သီပေါ မေ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရန်ပုံငွေကောက်ခံရေးနှင့် ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က ငွေကျပ်သိန်း ၁၆၀ တန် (ရွေ့လျား) ဓာတ်မှန်စက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက သီပေါမြို့နယ် ပြည်သူ့ဆေးရုံ



သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က Portable X-Ray ဓာတ်မှန်စက် လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်း ပြောကြားပြီး သီပေါဆေးရုံအုပ်ကြီး ဒေါက်တာ နန္ဒဝင်းထံ ပေးအပ်လှူဒါန်း သည်။ (ဓါတ်ပုံ)

ဆက်လက်၍ လားရှိုးမြို့နေ ဦးကျော်သူဇော်၊ ဇနီး ဒေါ်မြင့်မြင့်ကြည် မိသားစုတို့က ဆေးရုံတွင် အသုံးပြုရန် အလှူငွေကျပ် ၁၀၀၀၀၀ ကိုလည်း ကောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်း အေးက ခရမ်းလွန်ရောင်ခြည်သုံး ပိုးသတ်စက်တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**



# ဘုတလင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**ဘုတလင် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အထောက်အကူပြုပစ္စည်း များကို လှူဒါန်းလျက်ရှိရာ ယမန်နေ့က မန္တလေးမြို့ စန္ဒာအောင် မိသားစုက အသက်ရှူအထောက်အကူပြုကိရိယာ၊ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံများနှင့် ဆေးရုံသုံးပစ္စည်းများကို လာရောက်လှူဒါန်းကြောင်း မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထိုသို့လှူဒါန်းရာတွင် မန္တလေးမြို့၊ စန္ဒာအောင် စားသောက်ကုန်/ စားသောက်ဆိုင်လုပ်ငန်းစုမှ ဒေါ်ခင်ညွန့်နှင့် မိသားစုက ငွေကျပ် ၁၄ သိန်းကျော် တန်ဖိုးရှိ အသက်ရှူအထောက်အကူပြုကိရိယာ တစ်လုံး၊ တစ်ကိုယ်ရေ ကာကွယ် ရေး ဝတ်စုံ အစုံ ၂၀၊ အောက်ဆီဂျင်လေအိုး ထိန်းချုပ်ကိရိယာ နှစ်ခု၊ ချွဲစုပ်စက် တစ်လုံးနှင့် ချွဲစုပ်စက်သုံးပစ္စည်း ၁၀ ခုတို့ကို လှူဒါန်းရာ မြို့နယ်ပြည်သူ့ကျန်းမာ ရေးဦးစီးမှူး ဒေါက်တာ ဖြိုးကျော်အောင်က လက်ခံရယူသည်။ (အပေါ်ပုံ)

**ဖိုးခါး (ပြန်/ဆက်)**

# ပင်လည်ဘူး၌ ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျဆောင်ရွက်နေ

**ပင်လည်ဘူး မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူး မြို့နယ်တွင် ငါးစားသုံးသူများ အဆင်ပြေစေရန်၊ ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရန် ငါးလုပ်ငန်း များအား စနစ်တကျစီမံဆောင်ရွက် ထားရှိကြောင်း မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

ပင်လည်ဘူးမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနသည် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာ များတွင် အခြေခံငါးမွေးမြူရေး သင်တန်းများနှင့် ငါးဆေးထိုး သားပေါက်ခြင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငါးသယံဇာတများ ပြုန်းတီးမှုမရှိ အောင် မြို့နယ်သက်ဆိုင်ရာ တာဝန်ရှိ သူများနှင့် ငါးသယံဇာတ ထိန်းသိမ်း ရေးအဖွဲ့တို့ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝ ရေပြင်အတွင်းမှာ ပြုန်းတီးသွားသည့် ငါးသယံဇာတများအစား သဘာဝ မြစ်ချောင်း အင်းအိုင်များတွင် ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါနှင့် ထိုင်း ငါးခုံးမ ငါးမျိုးသားပေါက်များကို နှစ်စဉ် စိုက်ထည့်ပေးလျက်ရှိကြောင်း၊ ကျေးရွာများသို့လည်း ကွင်းဆင်းပြီး ငါးသယံဇာတထိန်းသိမ်းရေး၊ ဖွံ့ဖြိုး တိုးတက်ရေး ပညာပေးဟောပြောပွဲ များ၊ လက်ကမ်းစာစောင်များဖြန့်ဝေ ပေးခြင်းနှင့် သင်တန်းများဖွင့်လှစ်ပေး လျက်ရှိကြောင်း၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါ နှင့် ထိုင်းငါးခုံးမကြီးများကို တစ်ပိုင် တစ်နိုင် ငါးဆေးထိုးသားပေါက် ပြုစု စောင့်ရှောက်ခြင်းများ ဆောင်ရွက် လျက်ရှိကြောင်း၊ ပင်လည်ဘူးမြို့နယ် တွင် ငါးမွေးတောင်သူ ၈၂ ဦးရှိပြီး ငါး မွေးကန်ဧက ၆၉ ဧကကျော်ရှိ ကြောင်း၊ ငါးသားပေါက်များကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရယူမွေးမြူကြသလို ပုဂ္ဂလိက ငါးသားပေါက် လုပ်ငန်းရှင်များထံမှ လည်း ရယူ မွေးမြူဆောင်ရွက်လျက် ရှိကြောင်း၊ ငါးမျိုးများပြုန်းတီးမှုနှင့် တရားမဝင် ငါးဖမ်းဆီးမှုများလည်း မရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခက်ခက်ဝေခိုင်ထံမှ သိရ သည်။

**မျိုးလွင် (ပင်လည်ဘူး)**



# စလင်းမြို့ ကူတို-ဖောင်းလင်းလမ်း ပြုပြင်လျက်ရှိ

**ရန်ကုန် မေ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကူတို - ဖောင်းလင်းလမ်း ၆ မိုင် ၄ ဖာလုံသည် ကူတိုကျေးရွာမှစ၍ ဖောင်းလင်းကျေးရွာတွင်ဆုံးပြီး ကြားတွင် အင်းပုတ်ရွာ၊ မကျီးပင်ရွာတို့ရှိသည်။ ထိုလမ်းကို မင်းဘူးခရိုင် စလင်း မြို့နယ် ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူ၍ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

လမ်းသည် အင်္ဂလိပ်ခေတ်မှ ဖောက်လုပ်ခဲ့သောလမ်းဖြစ်ပြီး လမ်းနယ် အကျယ် ပေ ၁၀၀ သတ်မှတ်ထားရှိခဲ့ကြောင်း၊ အဆိုပါ ကျေးလက်လမ်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူခဲ့ပြီး ထိုနှစ်တွင် ကျောက်လမ်းပေ ၃၆၀၀၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျောက်လမ်းပေ ၁၀၀၀၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ကျောက်လမ်း ၁ မိုင် ၄ ဖာလုံတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ရေပေါက်တံတား သုံးစင်းနှင့် လမ်း ၃ မိုင် ၃ ဖာလုံကို ကတ္တရာ ခင်းရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးလက်လမ်းပြီးသွား လျှင် ဒေသအတွင်းရှိ ကျေးရွာ ၂၅ ရွာ၊ အိမ်ခြေ ၅၀၈၀၊ လူဦးရေ ၂၆၀၇၇ ဦးရေ အပါအဝင် ဧရာဝတီမြစ်ဘေးရှိကျေးရွာများ စလင်းမြို့သို့ လွယ်ကူစွာ ဆက်သွယ် သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ငါန်းဇွန်မြို့နယ်တွင် လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

**ငါန်းဇွန် မေ ၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် ဧပြီ ၃၀ ရက်က လေပြင်း တိုက်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သော အိမ်ထောင်စုနှင့် ပြိုကျပျက်စီးခဲ့သော အိမ်ထောင်စုတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မေ ၃ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ အိမ်ဆောက် ပစ္စည်း ထောက်ပံ့စရိတ်နှင့် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် သရက်ချိုပင်ကျေးရွာအုပ်စု ရွာသာအေး ကျေးရွာမှ လူနေအိမ် နှစ်လုံး အမိုးလန်ပျက်စီးခြင်းနှင့် လူနေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်းကို လည်းကောင်း၊ ကုန်းလည်ကျေးရွာအုပ်စု ကုန်းလည် ကျေးရွာမှ အိမ်ထောင်စုတစ်စုနှင့် မရိုးကုန်းကျေးရွာအုပ်စု မရိုးကုန်းကျေးရွာ၌ အိမ်ထောင်စုတစ်စု၏ အမိုးလန်ပျက်စီးခြင်းကို လည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာမွန်နှင့်အဖွဲ့က အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၃၇၁၀၀၀ ထောက်ပံ့ ပေးအပ်သည့် အပြင် လူနေအိမ်ပြိုကျပျက်စီး အိမ်ထောင်စုအတွက် ထောက်ပံ့ ပစ္စည်း ၁၆ မျိုးအား ထောက်ပံ့ပေးအပ်ရာ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဝင်းမောင်နှင့် သက်ဆိုင်ရာကျေးရွာ ကိုယ်စားလှယ်များက လက်ခံ ရယူခဲ့သည်။

**၁၈၁**

# ဖယ်ခုံမြို့၌ ကိုဗစ် - ၁၉ ကာကွယ်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ဖယ်ခုံ မေ ၃**

ရှမ်းပြည်နယ် တောင်ပိုင်း ဖယ်ခုံမြို့၌ ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများအတွက် မေ ၂ ရက်က အလှူငွေနှင့် ပစ္စည်းများကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာ၌ လာရောက်လှူဒါန်းသည်။

အဆိုပါအလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းရာတွင် ဖယ်ခုံမြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ရန်ပုံငွေ ရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး ကော်မတီထံသို့ ဖယ်ခုံမြို့ ရွှေဓမ္မရောင်ခြည်လူမှုဖောင်ဒေးရှင်း၏ နာယက၊ တောင်ကြီးမြို့ စဝ်စံထွန်း ရပ်ကွက်နေ ဦးစိုင်းဝင်းဦး(ခ)ဦးအိုက်ဦးနှင့် မိသားစုမှ အလှူငွေ ကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ရွှေဓမ္မရောင်ခြည်လူမှုဖောင်ဒေးရှင်းမှ ဒုတိယအကြိမ်အဖြစ် အလှူငွေကျပ် ၁၅ သိန်းနှင့် တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ ၁၁ စုံနှင့် မျက်မှန် ကိုးလက်ကိုလည်းကောင်း ဖယ်ခုံမြို့နယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးဖိုးမောင်နှင့် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့တို့ထံ ပေးအပ်လှူဒါန်းသည်။

ထို့အတူ ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေသော ကျန်းမာရေး ဝန်ထမ်းများအတွက် ဖယ်ခုံမြို့နယ် အလယ်ကယန်းကျေးရွာအုပ်စု ဆီးဘူး ကျေးရွာမှ ဦးအောင်မင်း မိသားစုက ငွေကျပ် ငါးသိန်းကို မြို့နယ်ပြည်သူ့ ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးထံ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုထွေး (ဖယ်ခုံ)**

❀ *ကျောဖုံးမှ*

ပိုအဆင့်မြှင့်တင်ပြီး စက်နှစ်ခုကို ပြုလုပ်ဆောင်ရွက်ပေးတာပါ။ အရင်စက် ကတော့ ကျပ်နှစ်သိန်းပဲကုန်ကျတယ်။ အရွယ်အစားသေးပြီးတော့ ရှာဖွေ ရရှိတဲ့ပစ္စည်းတွေ အဆင်ပြေအောင်လုပ်ခဲ့ရတာပါ။ အခုစက်နှစ်ခုကတော့ အရွယ်အစားပိုကြီးပြီး ပစ္စည်းတွေကိုလည်း ပိုမိုကောင်းမွန်တဲ့ ပစ္စည်းတွေနဲ့ ပြုလုပ်ပေးထားပါတယ်။ အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ)က နေရာနဲ့ လိုအပ် တာတွေ ကူညီပေးပြီး ကျွန်တော်တို့အဖွဲ့က နည်းပညာပိုင်းနဲ့ ကျန်တဲ့စက် တည်ဆောက်တာတွေ ဝိုင်းဝန်းဆောင်ရွက်ပေးတာ ဖြစ်ပါတယ်” ဟု အဆိုပါ စက်များကို တီထွင်ပြုလုပ်သည့်လူငယ်အဖွဲ့မှ ကိုအောင်မိုးကျော် က ပြောသည်။

မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မိတ္ထီလာဆေးရုံ ကြီးတို့တွင် ထားရှိရန်အတွက် အာရုံခံစနစ်ဖြင့် အလိုအလျောက် လက်ဆေး ဆပ်ပြာရည်ထုတ်ပေးသည့်စနစ်နှင့် လက်ဆေးနိုင်သည့်စနစ်ပါဝင်သည့် လက်ဆေးကန်နှစ်ခုကိုလည်း အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ)နှင့် အဆိုပါ လူငယ်များအဖွဲ့က ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မိုင်းဖြတ်၌ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**မိုင်းဖြတ် မေ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် မိုင်းဟဲ (အထက်) အုပ်စု ဟိုခန့်ကျေးရွာတွင် မေ ၂ ရက် မွန်းလွဲ ၂ နာရီက လက်နက်ခဲယမ်းများ ရှာဖွေသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းဖြတ်မြို့ ဟိုခန့်ကျေးရွာတွင် တာချီလိတ်မြို့ပေါ် ရပ်ကွက်များတွင် ဖြစ်ပွားလျက်ရှိသော လုယက်မှု၊ လုပြန်ပေးမှုများမှ ပြစ်မှုကျူးလွန်သူများ ခိုအောင်းနေထိုင်သည်ဟု သတင်းအရ တာချီလိတ်မြို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညီညီဌေး၊ မြို့မရဲစခန်းမှ ဒုရဲအုပ် ဇော်မင်းထိုက်နှင့် ပူးပေါင်းအဖွဲ့သည် မိုင်းဟဲ (အထက်) အုပ်စု ဟိုခန့်ကျေးရွာနေ ဦးအင်ရှဲန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဦးအင်ရှဲန်မှာ ထွက်ပြေးတိမ်းရှောင်နေပြီး ၎င်း၏ဇနီး ဒေါ်အီရှဲန်မူးအား နေအိမ်တွင် တွေ့ရှိသဖြင့် နေအိမ်အိပ်ခန်းအတွင်းမှ ပွိုင့် ၃၈ ကျည် တစ်ထောင့် တွေ့ရှိရပြီး ဒေါ်အီရှဲန်မူးအား ခေါ်ဆောင်ကာ ၎င်းတို့ပိုင်ဆိုင်သည့် ရော်ဘာခြံသို့ သွားရောက်ရှာဖွေရာ ရော်ဘာခြံအတွင်း နေအိမ်မှ လက်လုပ် သေနတ် တစ်လက်၊ ခြောက်လုံးပြူး ဂတ်(စ်)သေနတ် တစ်လက်၊ ၃၂ ဗို့ကျည် သုံးထောင့်၊ M-22 ကျည်အိမ် တစ်ခု၊ (၇.၆၂x၃၉) ကျည် ၂၇ တောင့်တို့ကို ရှာဖွေတွေ့ရှိခဲ့ပြီး သိမ်းဆည်းရမိခဲ့သည့် သက်သေခံ လက်နက်ခဲယမ်းများကို တာဝန်ရှိသူထံ လွှဲပြောင်း/လက်ခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



သို့ဖြစ်ပါ၍ လက်နက်ခဲယမ်းများနှင့်အတူတွေ့ရှိသူ ဒေါ်အီရှဲန်မူး (၄၄ နှစ်) နှင့် ထွက်ပြေးတိမ်းရှောင်နေသူ ဦးအင်ရှဲန် (၆၃ နှစ်) တို့ နှစ်ဦးအား ဥပဒေအရအရေးယူဆောင်ရွက်နိုင်ရေး မိုင်းဖြတ်မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်ဖြိုးလှိုင်က စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၄ . ၅ . ၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ - Breakfast News
၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်ထောင်စုရှေ့နေချုပ်ရုံး)
၉:၁၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉:၃၅ - "ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ"
၁၀:၃၀ - စိုက်ပျိုးရေးရာအဖြေရှာ "စိုက်ပါ၊ ပျိုးပါ၊ ဈေးကွက်ဖော်ဆောင်ရာကုလားပဲစိုက်ခင်းမှာ"

**ညပိုင်း**

၁၆:၃၀ - (၇၄)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း " 191 " (အပိုင်း- ၃) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းမော်ကွန်း၊ မိုးဟေကို၊ ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ- ဝိုင်း)
၁၇:၃၅ - Yes or No Talk Show
၁၈:၂၅ - ဥပဒေရေးရာအဖြာဖြာ "ယုန်ကမတိုး ပိုက်ကတိုး" (ဦးစံပေါ်၊ ထက်လျှံဦး၊ နေသစ်ခန့်၊ ကိုချမ်း၊ တော်မီလှိုင်၊ ခင်ဖြူဖြူသန့်၊ ဒေါ်အမာကြည်၊ မသန္တာ၊ မို့မို့သိန်း) (ဒါရိုက်တာ- ဝေဠု(ဝသန်))
၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၃၆) (၂)(ဇာတ်သိမ်း)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက်စတုတ္ထတစ်နှစ်တာ (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)
- မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- အစီအစဉ်ပြီး၏။

# တာချီလိတ်၊ ပင်လောင်း၊ လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃**

တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် နံနက် ၆ နာရီက တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာ အုပ်စု ဟိုရမ်း (၁) ကျေးရွာ အိမ်အမှတ်-ဟာရ (၁/၆၄) နေ ကမ်ခမ်း၏ နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀ နှင့် တိုယိုတာမတ်တူး အမျိုးအစား မော်တော်ယာဉ် တစ်စီးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းလွဲ ၃ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-ထာငို ကျေးရွာသွားကားလမ်း မိုင်တိုင်အမှတ် (၂/၅၅) အနီးတွင် တွေ့ရှိသူ သန်းနိုင်(ခ) ထွန်းနိုင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နောင်လှိုင်ကျေးရွာအနီး၊ လားရှိုး-နမ္မတူသွားကားလမ်းပေါ်တွင် အိုက်ထွေး မောင်းနှင်ပြီး မအေးအိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# MIU ဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲကို ပြန်လည်အတည်ပြုမည်

**ရန်ကုန် မေ ၃**

မြန်မာဖူဆယ်ကလပ် MIU အသင်းသည် ယခုနှစ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် နိုင်ငံတကာပြိုင်ပွဲနှစ်ခုအနက် ယှဉ်ပြိုင်မည့်ပြိုင်ပွဲကို ပြန်လည် အတည်ပြုသွားမည်ဖြစ်သည်။ MIU အသင်းသည် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာရှဖူဆယ်ကလပ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားခြင်းဖြစ်သည်။

MIU ဖူဆယ်အသင်းသည် ၂၀၁၉ MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ၂၀၂၀ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်း ဖြစ်သလို ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ၂၀၂၀ အာရှကလပ်ဖူဆယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိထားခြင်းဖြစ်သည်။ MIU အသင်းသည် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တွင် ယခုကဲ့သို့ ပြိုင်ပွဲနှစ်ခုစလုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကိုသာ ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ပြိုင်ပွဲတစ်ခုသာ ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ ၂၀၂၀ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ထိုင်းနိုင်ငံနှင့် ၂၀၂၀ အာရှ ဖူဆယ်ကလပ်ပြိုင်ပွဲကို ယူအေအီးနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် ကျင်းပမည့်ရက် ပြန်လည်အတည်ပြုမည်ဖြစ်သည်။ MIU ဖူဆယ်အသင်းသည် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးပြီး လေးကြိမ်စလုံး တတိယဆုရရှိခဲ့သည်။ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ငါးကြိမ်ကျင်းပပြီးစီးခဲ့ကာ ၂၀၁၇ ပြိုင်ပွဲတွင် PU အသင်း ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ အာရှကလပ်ပြိုင်ပွဲကိုမူ မြန်မာဖူဆယ်ကလပ်အသင်းများအနေဖြင့် ၂၀၁၈ ခုနှစ်မှစတင် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၁၈ နှင့် ၂၀၁၉ နှစ်ကြိမ်စလုံးတွင် MIU အသင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် VUC အသင်းက အစားထိုးယှဉ်ပြိုင်ခဲ့သည်။

MIU အသင်းသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လေ့ကျင့်မှု ရပ်နားထားသော်လည်း ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများနှင့် ပြည်တွင်းပြိုင်ပွဲများအတွက် ရောဂါအခြေအနေပျောက်ကင်းသွားပါက ပြန်လည် လေ့ကျင့်သွားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**




မြန်မာဖူဆယ်ကလပ်အသင်းမှ အားကစားသမားများအား တွေ့ရစဉ်။

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မေ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၇၆ စီး၊ သွင်းကုန် ၇၇၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၁၉၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် သန်း ၃၀ တန်ဖိုးရှိ Toyota Crown အမျိုးအစား တရားမဝင်လိုင်စင်မဲ့ယာဉ် တစ်စီး တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*❍ ကျောဖုံးမှ*

အငှားချထားသည့် ရီဂူလီယွန်နှင့် မာလေ့ဂါအသင်းသို့ အငှားချ ထားသည့် ကူဘိုတို့ ဖြစ်သည်။

အခြားသတင်းများတွင် ရီးရဲမက်ဒရစ်အသင်းသည် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ပေါလ် ပေါ့ဂ်ဘာ (၂၇နှစ်) ကို ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း ဖော်ပြထားသည်။ ပြင်သစ်ကွင်းလယ်ကစားသမားကလည်း မန်ယူအသင်းကို စာချုပ်သစ်ချုပ်ဆိုသွားမှာမဟုတ်ကြောင်း ပြောဆိုထားသူဖြစ်သည်။

ပေါ့ဂ်ဘာသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း နောက်ထပ် တစ်နှစ် ကျန်ရှိနေသေးသည်။ ပီအက်စ်ဂျီအသင်းကလည်း အဆိုပါ ကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ **အောင်ဇော်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ကော်တင်ဟိုကို ပစ်မှတ်ထား ခေါ်ယူသွားမည်**

နယူးကာဆယ်အသင်းသည် နည်းပြသစ်အဖြစ် စပါးနည်းပြဟောင်း ပိုချက်တီနိုကို ခန့်အပ်ခဲ့ပါက ဘိုင်ယန်မြူးနစ်အသင်းတွင် အငှားကစားလျက်ရှိနေသည့် ကော်တင်ဟို (၂၇နှစ်) ကို ပစ်မှတ်ထား ခေါ်ယူသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဂျီဗစ်ကို ခေါ်ယူရန် စုံစမ်းမှုများပြုလုပ်**

နယူးကာဆယ်နှင့် ဝက်စ်ဟမ်းအသင်းတို့သည် ရီးရဲမက်ဒရစ်အသင်းမှ ဆားဘီးယားတိုက်စစ်ကစားသမား လူကာ ဂျိုဗစ် (၂၂နှစ်) ကို ခေါ်ယူရန် စုံစမ်းမှုများပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကစားသမားအများစု ရောင်းထုတ်သွားဖွယ်ရှိ**

ဘာစီလိုနာအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ရန်ပုံငွေမြှင့်တင်ရန်အလို့ငှာ အသင်းမှ နာမည်ကြီးကစားသမားများဖြစ်သည့် ဂရစ်မန်း၊ လီဗာပူး တိုက်စစ်ကစားသမားဟောင်း ဆွာရက်ဇ်၊ ဒမ်ဘီလီ၊ ဗီဒယ်၊ ရာကီတစ်၊ အမ်တီတီ၊ ဆီမီဒိုတို့ကို ရောင်းထုတ်သွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆန်းချက်ဇ်ကို အငှားခေါ်ယူရန် ရီးမား ဆန္ဒရှိ**

ရီးမားအသင်းသည် မန်ယူနှင့် ချီလီတိုက်စစ်ကစားသမား ဆန်းချက်ဇ်ကို အငှားခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၃၁ နှစ်အရွယ်ရှိ ဆန်းချက်ဇ်သည် လက်ရှိတွင် အင်တာမီလန်အသင်း၌ အငှားကစားနေသူဖြစ်သည်။ ထို့အပြင် ရီးမားအသင်းသည် အသင်းတွင် အငှားကစားလျက်ရှိနေသည့် စမောလင်း (၃၀နှစ်) ကိုလည်း အနည်းဆုံး နောက်ထပ် တစ်နှစ်အငှားခေါ်ယူလိုနေကြောင်း နည်းပြ ဖွန်ဆီကာက ပြောကြားလိုက်သည်။

**အန်ဒီဒီကို ခေါ်ယူရန် ပစ်မှတ်ထားလာ**

ပီအက်စ်ဂျီအသင်းသည် လက်စတာအသင်းမှ နိုင်ဂျီရီးယားကွင်းလယ်ကစားသမား အန်ဒီဒီ(၂၃နှစ်) ကို ခေါ်ယူရန် ပစ်မှတ်ထားလာကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**တီယာနေကို ခေါ်ယူသွားဖွယ်ရှိ**

လက်စတာအသင်းသည် အသင်းမှ ဘင်ချီဝဲလ် (၂၃နှစ်) ကို ရောင်းထုတ်ခဲ့ပါက အာဆင်နယ်အသင်းမှ စကော့တလန် ဘယ်ခံစစ်ကစားသမား တီယာနေ (၂၂နှစ်) ကို ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**လင်ဂတ်၏ အခြေအနေကို ပရီမီယာလိဂ်အသင်းများ စောင့်ကြည့်လျက်ရှိ**

နယူးကာဆယ်၊ အဲဗာတန်၊ ဝက်စ်ဟမ်းနှင့် လက်စတာအသင်းတို့သည် မန်ယူအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား လင်ဂတ် (၂၇နှစ်) ၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

**ဒီဆာဆီကို ခေါ်ယူရန် မျှော်လင့်**

ဆောက်သမ်တန်အသင်းသည် ရိမ်းစ်အသင်းမှ ပြင်သစ်ခံစစ်ကစားသမား ဒီဆာဆီ (၂၂နှစ်) ကို ခေါ်ယူရန် မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# အမေရိကန်ကဖိအားပေးသည့်အတိုင်း လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုကို အချိန်ထပ်တိုးလျှင် နျူကလီးယားသဘောတူစာချုပ် ပျက်စီးသွားလိမ့်မည်ဟု အီရန်သတိပေး

**တီဟီရန် မေ ၃**

ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် အမေရိကန်က ဖိအားပေးသည့်အတိုင်း အီရန်အပေါ် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုကို အချိန်ထပ်တိုးခဲ့လျှင် ၂၀၁၅ ခုနှစ်တွင် သမိုင်းဝင်လက်မှတ် ရေးထိုးခဲ့သည့် နိုင်ငံတကာအသိအမှတ်ပြု နျူကလီးယားလက်နက် ထိန်းချုပ်ရေးသဘောတူစာချုပ် ပျက်စီးသွားလိမ့်မည်ဖြစ်ကြောင်း အီရန်ထိပ်တန်းအာဏာပိုင်တစ်ဦးက မေ ၃ ရက်တွင် ပြောကြားလိုက်ကြောင်း သိရသည်။

အမေရိကန်က ဖိအားပေးသည့်အတိုင်း အီရန်အပေါ် လုပ်ဆောင်လာခဲ့လျှင် နျူကလီးယားလက်နက် ထိန်းချုပ်ရေးသဘောတူစာချုပ် ထာဝရပျက်ပြယ်သွားမည် ဖြစ်သည့်အကြောင်း ထိပ်တန်းအီရန် အမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲ အလီရှမ်ခါနီက မေ ၃ ရက်တွင် တွစ်တာပေါ်၌ ရေးသားခဲ့သည်။ အမေရိကန်သည် ၎င်း၏ဗိုလ်ကျစိုးမိုးမှုကို တွန်းလှန်မည့်အန္တရာယ်မှ ရှောင်ရှားရန် အရေးယူပိတ်ဆို့မှုများကို လက်နက်သဖွယ် အသုံးချလေ့ရှိကြောင်း ရှမ်ခါနီက ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းက အမေရိကန်၏ ဖိအားပေးမှုကို ရင်ဆိုင်ရာတွင် ဥရောပမိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် မိမိတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ကြရန်နှင့် လူသားဆန်မှုကို အားပေးထောက်ခံကြရန် တိုက်တွန်းခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အမေရိကန်အနေဖြင့် အီရန်၏ လက်နက်ရောင်းချမှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပိတ်ပင်မှုကို အချိန်ထပ်တိုးရေး လုပ်ဆောင်နိုင်မည့် အရာမှန်သမျှကို ထည့်သွင်း စဉ်းစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်အစိုးရက အီရန်အပေါ် လက်နက်ကုန်သွယ်မှု ပိတ်ပင်ထားသည့်အချိန်ထပ်တိုးခဲ့လျှင် ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို။

# ကိုဗစ်-၁၉လူနာများအား ရမ်ဒဲစီဗီယာဆေးဖြင့် တစ်ပတ်အတွင်း ကုသနိုင်ရန်မျှော်မှန်း

**တိုကျို မေ ၃**

ဂျပန်နိုင်ငံရှိ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ရမ်ဒဲစီဗီယာဆေးကို ကိုဗစ်-၁၉ ရောဂါကုသဆေးအဖြစ် အသုံးပြုခွင့် လျှောက်ထားခဲ့ပြီး ရက်သတ္တပတ်အတွင်း အသိအမှတ်ပြုပေးရန် ရည်မှန်းထားသည့်အတွက် မကြာမီ အချိန်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် လူနာများအား ကုသပေးနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ခါတိုခတ်ဆုနိုဘူက ပြောကြားခဲ့သည်။



ရမ်ဒဲစီဗီယာဆေးကိုကိုဗစ်-၁၉ ကူးစက်ခံထားရသည့် လူနာများအတွက် အရေးပေါ်သုံးသည့် ဆေးအဖြစ် မေ ၁ ရက်တွင် အမေရိကန်က ခွင့်ပြုလိုက်ပြီးနောက် ဂျပန်နိုင်ငံက ထိုသို့လုပ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီး ခါတိုခတ်ဆုနိုဘူကရမ်ဒဲစီဗီယာဆေးကို အသုံးပြုခွင့်အတွက် ၎င်း၏ဌာနမှ တာဝန်ရှိသူများကို တစ်ပတ်အတွင်း ပါမစ်ချပေးရန် ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။

အဆိုပါဆေးကို ဂျပန်နိုင်ငံ၌ သုံးစွဲခွင့် ချမှတ်နိုင်ရန်အတွက် အစိုးရ၏ လုပ်ထုံးလုပ်နည်းကို ပြင်ဆင်မည့် အဆိုပြုချက်ကို ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်များက အစိုးရအဖွဲ့ဝန်ကြီးများထံသို့ မေ ၂ ရက်တွင် ပေးပို့ခဲ့သည်။ သို့ဖြစ်ရာ အထူးလုပ်ထုံးလုပ်နည်းများဖြင့် အသိအမှတ်ပြုပေးနိုင်ခဲ့မည်ဆိုပါက ကမ္ဘာပေါ်တွင် အမြန်ဆုံးခွင့်ပြုချက်ပေးနိုင်မည်ဖြစ်သည်ဟု ၎င်းကဆိုသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရမ်ဒဲစီဗီယာဆေးကို အလုံအလောက်ရရှိနိုင်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဆေးနှင့်ပတ်သက်သည့် လက်တွေ့စမ်းသပ်မှုများတွင် အမေရိကန်က ဂျပန်နိုင်ငံနှင့်အတူ ပူးပေါင်းပါဝင်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ဆေး၏အကျိုးအာနိသင်နှင့်ဘေးကင်းစိတ်ချရမှုရှိမရှိလိုအပ်သည့် အထောက်အထားများရယူကာ စိစစ်မှုများနှင့် ဆွေးနွေးမှုများ ထပ်မံလုပ်ဆောင်မည်ဖြစ်ကြောင်း မစ္စတာခါတိုက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ကပ်ရောဂါဖြစ်ပွားမှုအတွင်း အိမ်ပြင်မထွက်ရသည့် အခြေအနေကြောင့် အရက်စွဲသည့်ပြဿနာ ဖြစ်လာနိုင်

**တိုကျို မေ ၃**

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်နေသည့် ကာလအတွင်း အစိုးရက ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် အိမ်ပြင်မထွက်ကြရန် ညွှန်ကြားရာ အိမ်ပြင်မထွက်ရ ကာလအတွင်း အရက်သောက်သုံးမှု မြင့်တက်လာသည့် အခြေအနေကို ထိန်းချုပ်ရန် အရေးပေါ်အွန်လိုင်း ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အိမ်ပြင်မထွက်ရ ကာလအတွင်း အရက်စွဲလာသူများကို အရက်ဖြတ်နိုင်စေရေး အကူအညီပေးရန် ဂျပန်အခြေစိုက် Oneness Group က ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအဖွဲ့သည် အိမ်ပြင်မထွက်ရ အမိန့်ချထားသည့် ကာလအတွင်း အရက်စွဲသည့် ပြဿနာနှင့် ပတ်သက်၍ အကြံညာဏ်တောင်းခံမှုကို ပုံမှန်တစ်လတစ်ကြိမ် ရရှိခဲ့မှုမှ နှစ်ဆခန့်တိုးကာ လက်ခံရရှိခဲ့ကြောင်း သိရသည်။

ရက်သတ္တပတ် များစွာ ကြာမြင့်မည့် ဂျပန်နိုင်ငံ၏ ရုံးပိတ်ရက်ရှည်ကာလက အရက်သောက်သုံးသူများကို အရက်စွဲသည့် ပြဿနာပိုဆိုးလာစေနိုင်သည့်အတွက် ဝမ်းနက်စ်အဖွဲ့က အရက်သောက်သုံးသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို အွန်လိုင်းဆွေးနွေးမှု ပြုလုပ်ပေးရန် ဆုံးဖြတ်ပေးလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူနိုင်ငံ၌ နေအိမ်မှနေ၍ အလုပ်လုပ်ကြရန် ညွှန်ကြားချက်ကို အချိန်ထပ်တိုးမည်

**စင်ကာပူ မေ ၃**

စင်ကာပူနိုင်ငံရှိ ကုမ္ပဏီများတွင် လုပ်ကိုင်နေကြသည့် ဝန်ထမ်းများ အနေဖြင့် ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း နေအိမ်မှနေ၍အလုပ်လုပ်ကြရန် အစိုးရက ညွှန်ကြားရာ တစ်နိုင်ငံလုံး အဝင်အထွက် ကန့်သတ်ပိတ်ဆို့ထားမှု ဇွန်လ ၁ ရက်တွင် သက်တမ်းကုန်ဆုံးပြီးနောက်တွင်လည်း ဝန်ထမ်းများနေအိမ်မှ အလုပ်လုပ်ကြရန် ဆက်လက်ညွှန်ကြားသွားဖွယ်ရှိကြောင်း အစိုးရက ပြောကြားခဲ့သည်။

အလုပ်သမားများ ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ရန် လိုအပ်သည့် စက်ရုံကဲ့သို့ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်မှုကဏ္ဍများကိုမူ လာမည့် ရက်သတ္တပတ်များတွင် စီးပွားရေး ပြန်လည်ဖွင့်လှစ်ချိန် လုပ်ငန်းပြန်လည်စတင်ရန် ကြိုတင်ပြင်ဆင်မှုများ စတင်ရမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ချန်ချွမ်ဆင်းက မေ ၃ ရက်တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

သို့ရာတွင် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ် တားဆီးနိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ တိုင်းတာစစ်ဆေးမှုများ အဆက်မပြတ် လုပ်ဆောင်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လုပ်ငန်းခွင်အချို့နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လာမည့်မေ ၁၂ ရက်မှစတင်ကာ လုပ်ငန်းပြန်လည်ပတ်မည်ဖြစ်ပြီး အဆိုပါရက်သတ္တပတ်၌သတ်မှတ်ထားသည့်စာသင်ကျောင်းများမှ ကျောင်းသားအချို့ ကျောင်းပြန်လည်တက်ရောက်ခွင့် ရရှိမည်ဖြစ်ကြောင်း အာဏာပိုင်များက ယမန်နေ့တွင် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံအတွင်း ဧပြီလအစောပိုင်းမှစတင်ကာ စာသင်ကျောင်းများနှင့် လုပ်ငန်းခွင်အများစုကို ပိတ်သိမ်းရန် အပါအဝင် ကပ်ရောဂါထိန်းချုပ်ရေး လမ်းညွှန်ချက်များ ချမှတ်လိုက်ပြီးနောက် စင်ကာပူရှိ လုပ်ငန်းခွင်များ၏ ၈၀ ရာခိုင်နှုန်းသော ဝန်ထမ်းလုပ်သားများ နေအိမ်မှနေ၍ အလုပ်လုပ်ခဲ့ကြသည်။ တစ်နိုင်ငံလုံး ပိတ်ဆို့ကန့်သတ်မှုကာလသက်တမ်းကုန်ဆုံးပြီးနောက်တွင် မဖြစ်မနေ လုပ်ငန်းခွင်ဝင်ရောက်ရမည့်သူများမှလွဲ၍ ကျန်ဝန်ထမ်းများ နေအိမ်မှ အလုပ်လုပ်စေမည် ဖြစ်ကြောင်း သိရသည်။ **ဘန်ကောက်ပို့စ်**




စင်ကာပူရှိ ဈေးဝယ်ကုန်တိုက်တစ်ခုရှေ့၌ နှာခေါင်းစည်း တပ်ဆင်ထားသည့် ဈေးဝယ်သူများအားတွေ့ရစဉ်။

# တောင်အာဖရိကနိုင်ငံတွင် တစ်နေ့တည်း၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ အဆမတန် မြင့်တက်

**ကိပ်တောင်း မေ ၃**

တောင်အာဖရိကနိုင်ငံ၌ မေ ၂ ရက်တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၈၅ ဦး တွေ့ရှိခဲ့ရာ မတ်လအစောပိုင်း ကိုဗစ် -၁၉ လူနာ စတွေ့သည့် အချိန်မှစ၍ ယခုအချိန်သည် တစ်နေ့တည်း၌ ကူးစက်မှုအမြင့်ဆုံးပင်ဖြစ်ကြောင်း သိရသည်။

လူနာသစ်များပါ ထည့်ပေါင်းလျှင် တောင်အာဖရိကတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၆၃၃၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီး Zewli Mkhize က ကြေညာခဲ့သည်။

ကိပ်ပြည်နယ် အနောက်ပိုင်းတွင် ကူးစက်ခံရသူ ၂၇၀၀ ရှိပြီး ဂေါက်တန်ပြည်နယ်တွင် ၁၅၉၈ နှင့် ကဝါဇူလူပြည်နယ်တွင် ၁၀၅၁ ဦး ကူးစက်ခံထားရကြောင်း သိရသည်။ လူနာခုနစ်ဦး သေဆုံးခဲ့သည့်အတွက်လည်း ဝမ်းနည်းမိကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

ကိုဗစ် –၁၉ ရောဂါနှင့် ဆက်စပ်ပြီး သေဆုံးရသူပေါင်းမှာ မေ ၂ ရက်အထိ ၁၂၃ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။ တောင်အာဖရိကတွင် ကိုဗစ် –၁၉ နှင့် ဆက်စပ်ပြီး အများဆုံးသေဆုံးရသည့် အသက်အရွယ်မှာ ၆၄ နှစ် ဖြစ်ကြောင်း၊ နာတာရှည် ရောဂါခံစားနေရသူများမှာ သေဆုံးမှုများကြောင်း၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါအခံရှိသူများ သေဆုံးမှုများကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

အသက် ၆၃ နှစ်နှင့်အထက် လူကြီးများနှင့် သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါအခံရှိသူများ အနေဖြင့် ပိုမိုသတိထားကြိုတင်ကာကွယ်ထားရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။ တောင်အာဖရိကနိုင်ငံသားများအနေဖြင့် တတ်နိုင်သမျှ အိမ်တွင်း၌သာ နေကြရန်လည်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ဂျိုဟန်နက်စ်ဘတ်မြို့တွင် ဆိုင်မဖွင့်မီ ဝန်ထမ်းများ အပူချိန်တိုင်းနေစဉ်။

# အီတလီနိုင်ငံတွင် ကန့်သတ်မှု ဖြေလျှော့ပေးခါနီးအချိန်တွင် ကူးစက်မှုနှုန်း လျော့ကျ

**ရောမ မေ ၃**

အီတလီနိုင်ငံတွင် ကိုဗစ်– ၁၉ တိုက်ဖျက်ရေးအတွက် အသွားအလာ ပိတ်ဆို့ကန့်သတ်ထားမှုများ အဆုံးသတ်ရန်နီးကပ်လာပြီး ရောဂါကူးစက်ခံရမှုနှုန်းမှာလည်း မေ ၂ ရက်တွင် လျော့ကျလာကြောင်း ပြည်သူ့ကာကွယ်ရေးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကူးစက်ခံရသူ လူနာအသစ် ၁၉၀၀ တိုးလာခဲ့ပြီး ဧပြီ ၁ ရက်နှင့် နှိုင်းယှဉ်လျှင် ကူးစက်ခံရမှုနှုန်း ကျဆင်းလာကြောင်းတွေ့ရသည်။ အီတလီတွင် ရောဂါကူးစက်ခံရပြီးနောက် နောက်ထပ်ပြန်လည်ကျန်းမာလာသူ ၁၆၆၅ ဦးရှိပြီး စုစုပေါင်း ရောဂါပိုးကင်းစင်သွားသူ အရေအတွက်မှာ ၇၉၉၁၄ ဦး ရှိသည်ဟု သိရသည်။

မေ ၂ ရက်တွင် ကိုဗစ်– ၁၉ နှင့် ဆက်စပ်သည့် ရောဂါကြောင့် သေဆုံးသူ ၄၇၄ ဦးရှိပြီး စုစုပေါင်း သေဆုံးသူ အရေအတွက်မှာ ၂၈၇၁၀ အထိ ရှိလာသည်။ အီတလီနိုင်ငံ မြောက်ပိုင်း လွန်ဘာ့ဒီဒေသတွင် ပထမဆုံး ကူးစက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကူးစက်ခံရသူများထဲတွင် ၁၅၃၉ ဦးမှာ အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုခံယူနေရပြီး မေ ၁ ရက်နှင့် နှိုင်းယှဉ်လျှင် အခြေအနေဆိုးသည့် လူနာ ၃၉ ဦး လျော့နည်းသွားသည်။

ဆေးရုံတက်နေရသည့် လူနာပေါင်း ၁၇၃၅၇ ဦးရှိပြီး ၈၁ ရာခိုင်နှုန်းမှာ ရောဂါပိုး တွေ့ရှိသော်လည်း နေအိမ်၌ပင် သီးခြားခွဲနေရကြောင်း သိရသည်။ အီတလီနိုင်ငံတွင် တစ်နိုင်ငံလုံးအနှံ့ ပိတ်ဆို့ကန့်သတ်ထားမှုများကို မတ် ၁၀ ရက်မှ စတင်ခဲ့ပြီး မေ ၃ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ဆင်ဟွာ



ရောမမြို့ရှိ ပီဇာဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

# လာအိုနိုင်ငံတွင် ၂၁ ရက်အတွင်း ကိုဗစ်– ၁၉ လူနာသစ် မတွေ့ရှိရ

**ဗီယန်ကျင်း မေ ၃**

လာအိုနိုင်ငံတွင် ကိုဗစ်– ၁၉ လူနာသစ် ထပ်မံမတွေ့ရှိရတော့သည်မှာ ၂၁ ရက်ရှိလာပြီဖြစ်သည်။ လာအိုတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၁၉ ဦးသာရှိသည်။ လာအိုနိုင်ငံတွင် ကိုဗစ် – ၁၉ လူနာမှာ ၁၉ ဦး ရှိပြီး နောက်ထပ်ကူးစက်ခံရသူမတွေ့ဟု ကျန်းမာရေး ဒုတိယဝန်ကြီး ပေါ့သ်ဝမ်မြန်ပက်စ်က မေ ၃ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်း ကန့်သတ်စောင့်ကြည့်ရေးစင်တာပေါင်း ၁၄၇ ခုတွင် အသွားအလာကန့်သတ်ထားသူ ၆၃၉ ဦးရှိကြောင်း လူ ၄၀၀ မှာ နေအိမ်၌ပင် သီးခြားခွဲကာနေထိုင်လျက်ရှိကြောင်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအမျိုးသားအဆင့်လုပ်ငန်းကော်မတီက ပြောကြားခဲ့သည်။

လာအိုတွင် သံသယလူနာပေါင်း ၂၁၈၄ ဦးကို စမ်းသပ်ကြည့်ခဲ့ပြီး ရောဂါဖြစ်ပွားသူ ၁၉ ဦးသာ တွေ့ရှိခဲ့ကြောင်း လူနာကိုးဦးမှာ ပြန်လည်ကျန်းမာသွားပြီဟု သိရသည်။ ရောဂါကင်းစင်သွားသူ ကိုးဦးတွင် ခြောက်ဦးမှာ မြို့တော်ဗီယန်ကျင်းမှဖြစ်ပြီး သုံးဦးမှာ လန်ဘရာဘန်ပြည်နယ်မှ ဖြစ်ကြသည်။ ကျန် ၁၀ ဦးကို လာအိုမြို့တော် ဗီယန်ကျင်းမြို့ရှိ မစ်တာဟာဘ်ဆေးရုံတွင် ကုသမှုပေးနေကြကြောင်း သိရသည်။ လာအိုနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်လူနာကို မတ် ၂၄ ရက်တွင် ပထမဆုံးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံတွင် အရေးပေါ်အခြေအနေ ကြေညာမှုကို မေ ၃၁ ရက်အထိ တိုးမြှင့်

**တိုကျို မေ ၃**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကိုဗစ်– ၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်အတွက် အရေးပေါ်အခြေအနေကို မေလကုန်အထိတိုးမြှင့်ရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သဘောတူခဲ့သည်။

ယခင် သတ်မှတ်ထားသည့် အရေးပေါ် အခြေအနေကာလမှာ မေ ၆ ရက်တွင် သက်တမ်းကုန်သွားပြီဖြစ်သည်။ မစ္စတာအာဘေးသည် ဂျပန်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေး အကြီးအကဲဖြစ်သူ နီရှိမူရာယာဆူတိုရှိ၊ ကျန်းမာရေးဝန်ကြီး ကာတိုခတ်ဆူနိုဘူတို့နှင့် မေ ၃ ရက်တွင် တွေ့ဆုံခဲ့ပြီး အရေးပေါ်အခြေအနေကို မေလကုန်အထိ အချိန်တိုးမြှင့်သွားရန် သဘောတူခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဘောရစ်ဂျွန်ဆင်က သူသေဆုံးသည့် သတင်းကြေညာရန်ပင် ဆရာဝန်များကအသင့်ပြင်ထားသည်ဟုပြောကြား

**လန်ဒန် မေ ၃**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ကိုဗစ်– ၁၉ ကူးစက်ခံရစဉ်က အကြောင်းများကို ပြန်ပြောပြရာ၌ ၎င်းသေဆုံးကြောင်း ကြေညာရန်ပင် ဆရာဝန်များက အသင့်ပြင်ထားသည်ဟု ရောဂါအခြေအနေ ဆိုးရွားခဲ့ပုံကို ပြောပြခဲ့သည်။

### လက်မခံနိုင်အောင်ဆိုးရွား

မေ ၁ ရက်ကထုတ်ဝေသည့် သည်ဆန်းသတင်းစာနှင့် အင်တာဗျူးတွင် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အခုလို ပြောပြခဲ့ခြင်းဖြစ်သည်။ ကိုဗစ်– ၁၉ ကူးစက်ခံရသည်ဟု သိရှိပြီးနောက်ပိုင်း ရောဂါအခြေအနေမှာ လက်မခံနိုင်လောက်အောင် ဆိုးရွားခဲ့သည်ဟု ဗြိတိန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

### ကြိုတင်စီစဉ်ခဲ့

ကျန်းမာရေးအခြေအနေ ဆိုးရွားလာသည့်နောက် လန်ဒန်ဆေးရုံသို့ တက်ခဲ့ရသည်။ ဆေးရုံတွင်လည်း ဘောရစ်ဂျွန်ဆင်ကို အောက်ဆီဂျင်အကြာကြီးပေးထားရသည်။ ထို့နောက် အခြေအနေပိုဆိုးရွားလာသည့်အတွက် အထူးကြပ်မတ်ကုသဆောင်သို့ ပို့ခဲ့ရသည်။ ဆေးရုံမှ ဆရာဝန်များအားလုံးက ဝန်ကြီးချုပ်၏ အခြေအနေ ပို၍ဆိုးရွားလာပါက ပြင်ဆင်နိုင်အောင် ကြိုတင်စီစဉ်ခဲ့ကြသည်။

### အစားထိုးနိုင်ရေးပြင်ဆင်ခဲ့

မစ္စတာ ဘောရစ်ဂျွန်ဆင်က ၎င်းအနေဖြင့် ပထမဆုံးအကြိမ် သေဘေးနှင့် နီးစပ်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ခံခဲ့သည်။ အစိုးရအဖွဲ့သည်လည်း အရေးပေါ်အခြေအနေ၌ ၎င်းနေရာတွင်အစားထိုးနိုင်ရေးကိုလည်း ပြင်ဆင်ခဲ့ကြသည်။ ယခုအခါတွင် မစ္စတာဘောရစ်ဂျွန်ဆင်၌ သားလေးရလာပြီဖြစ်ပြီး ၎င်းကို ကုသပေးခဲ့သည့် ဆရာဝန်နှစ်ဦး၏ အမည်ကိုဂုဏ်ပြုကာ သားဖြစ်သူကို နာမည်ပေးမည်ဟု ဘောရစ်ဂျွန်ဆင်က ပြောသည်။




ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

### သတိကြီးစွာထား

ဗြိတိန်တွင် ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ခြင်းနှင့်ပတ်သက်ပြီး ဘောရစ်ဂျွန်ဆင်က သတိကြီးစွာ ထားလျက်ရှိသည်။ ဗြိတိန်ဝန်ကြီးချုပ်၏ ကိုဗစ်– ၁၉ ဆိုင်ရာ ကိုယ်ပိုင်အတွေ့အကြုံများက ပိတ်ဆို့ကန့်သတ်မှုနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချရာတွင် လွှမ်းမိုးမှုရှိနိုင်သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။

အင်န်အိတ်ချ်ကေ

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို ကျန်းမာစွာ တွေ့ရသည့်အတွက် ဝမ်းသာကြောင်း ထရမ့်ပြော

**ဝါရှင်တန် မေ ၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းကို ကျန်းမာစွာ မြင်တွေ့ရသည့်အတွက် ဝမ်းသာမိကြောင်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် မေ ၂ ရက်က ရေးသားခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင် မေ ၂ ရက်က ဓာတ်မြေသြဇာစက်ရုံသို့ သွားရောက်လည်ပတ်သည့် ပုံများကို အာဏာရပါတီ၏ သတင်းစာတွင် ဖော်ပြခဲ့ကြသည်။

ယင်းဓာတ်ပုံများ ပေါ်ထွက်လာပြီးနောက် အခုလို ထရမ့်ဘက်မှ ဝမ်းသာကြောင်း စကားဆိုခဲ့ခြင်း ဖြစ်သည်။ ယင်းမတိုင်မီက မြောက်ကိုရီးယားခေါင်းဆောင်၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး ခန့်မှန်းမှုများ ထွက်ပေါ်ခဲ့သည်။ ကင်နှင့် ပတ်သက်ပြီး မေ ၁ ရက်က ထရမ့်ကို မေးမြန်းကြရာ ယခုအချိန်တွင် ဘာမျှမပြောနိုင်သေးကြောင်း သင့်လျော်သည့်အချိန်တွင် ပြောကြားမည်ဟု ထရမ့်က သတင်းထောက်များကိုပြောခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### တောင်ကိုရီးယားတွင် ကိုဗစ် - ၁၉ လူနာသစ် ၁၃ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၃**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ လူနာသစ် ၁၃ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း၊ ထို့ကြောင့် မေ ၃ ရက်တွင် စုစုပေါင်းကူးစက်ခံရသူ လူနာအရေအတွက်မှာ ၁၀၇၉၃ ဦးအထိ ရှိလာပြီဟု သိရသည်။ နေ့စဉ် လူနာသစ်တွေ့ရှိမှုစာရင်းမှာ ၂၀ အောက်တွင် ရောက်ရှိနေသည်မှာ ၁၆ ရက်တာ ရှိပြီဖြစ်သည်။

ယခုတွေ့ရှိရသည့် လူနာသစ် ၁၃ ဦးတွင် ၁၀ ဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လာသူများဖြစ်ပြီး သေဆုံးသူလူနာမရှိခဲ့ပေ။ ထို့ကြောင့် တောင်ကိုရီးယားတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၂၅၀ တွင် ရပ်တန့်နေသည်။ စုစုပေါင်းသေဆုံးမှုနှုန်းမှာ ၂ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည်။ လူနာ ၆၀ မှာလည်း ရောဂါမှ ပြန်လည် ကျန်းမာလာပြီဖြစ်သည့်အတွက် ကန့်သတ်စောင့်ကြည့်နေရာများမှ ပြန်ခွင့်ရရှိသွားပြီဖြစ်သည်။ တောင်ကိုရီးယားတွင် စုစုပေါင်းပြန်လည်နေကောင်းသူအရေအတွက်မှာ ၉၁၈၃ ရှိပြီး ၈၅ ဒသမ ၁ ရာခိုင်နှုန်းနေပြန်ကောင်းကြခြင်း ဖြစ်သည်။ ဇန်နဝါရီ ၃ ရက်မှ စတင်ကာ တိုင်းပြည်အတွင်း လူပေါင်း ၆၃၀၀၀၀ ကိုစစ်ဆေးပေးသည်။ လူပေါင်း ၈၅၈၈ ဦးကိုမူ ဆက်လက်စစ်ဆေးနေဆဲ ဖြစ်သည်။ **ဆင်ဟွာ**

# ကိုဗစ် -၁၉ ကပ်ရောဂါအတွက် ကန့်သတ်မှုတွေ ဖြေလျှော့လာပေမယ့် မူလအခြေအနေပြန်လည်ရောက်ရှိရန် မမျှော်လင့်နိုင်သေး

• • • *ခြူးစန္ဒီနွေး* • • •



စပိန်နိုင်ငံတွင် ကန့်သတ်မှုဖြေလျှော့ပေးလိုက်သည့် ပထမသီတင်းပတ်အတွင်း သွားလာလှုပ်ရှားသူများကို တွေ့ရစဉ်။

စပိန်နိုင်ငံသားတွေကတော့ ၄၈ ရက်ကြာ အသွားအလာ ကန့်သတ်ခံရပြီးတဲ့နောက် ပထမဆုံးအကြိမ်အဖြစ် လမ်းထွက်ပြီးတော့ စက်ဘီးစီးတာတွေ၊ လမ်းလျှောက်တာတွေ၊ အားကစားလုပ်တာတွေ၊ စကိတ်စီးတာတွေ ပြန်လုပ်လာကြပါပြီ။

### သတိကြီးစွာဖြေလျှော့

ဥရောပနိုင်ငံအချို့မှာတော့ ကိုဗစ် -၁၉ ဗိုင်းရပ်စ်ကြောင့် ပိတ်ဆို့ကန့်သတ်ထားမှုတွေကို တဖြည်းဖြည်းချင်း သတိကြီးစွာ ဖြေလျှော့ပေးနေပါပြီ။ ရုရှားနိုင်ငံမှာတော့ ဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်းဟာ မြင့်တက်နေဆဲပါပဲ။ အခုဆိုရင် တစ်ကမ္ဘာလုံးက အစိုးရတွေဟာ ကန့်သတ်မှုတွေကို ဘယ်လိုမျိုးဖြေလျှော့ပြီး စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုပြန်စတင်မလဲဆိုတာနဲ့ ပတ်သက်ပြီး ဖိအားတွေနဲ့ ကြုံတွေ့နေရပါတယ်။ အမေရိကန်အာဏာပိုင်ကတော့ ကိုဗစ် -၁၉ လူနာတွေကို ကုသဖို့အတွက် အရေးပေါ်အခြေအနေမှာ အသုံးပြုဖို့ ဆေးဝါးကို တရားဝင် ခွင့်ပြုပေးခဲ့ပါတယ်။

### အရေးပေါ်ကုသဆေးအဖြစ် အတည်ပြု

ကိုဗစ် -၁၉ အတွက် ကာကွယ်ဆေးနဲ့ ကုသဆေးရရှိဖို့ တစ်ကမ္ဘာလုံးက တွန်းအားပေးနေကြတဲ့အချိန်မှာ Remdesivir ဆေးကို အတည်ပြုပေးဖို့ အမေရိကန်ဘက်က ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့လူဦးရေ ထက်ဝက်နီးပါးဟာ အသွားအလာကန့်သတ်ခံထားရပြီး စီးပွားရေးဟာဆိုရင်လည်း ၁၉၃၀ ပြည့်နှစ် နောက်ပိုင်း အဆိုးရွားဆုံးကျဆင်းမှုနှင့် ကြုံတွေ့နေရပါတယ်။ ဒီဗိုင်းရပ်စ်ကြောင့် ကမ္ဘာအနှံ့ လူပေါင်း ၂၃၉၀၀၀ နီးပါး သေဆုံးခဲ့ရပြီး ၃ ဒသမ ၃သန်း ရောဂါကူးစက်ခံထားရပါတယ်။ ဗိုင်းရပ်စ်ဒဏ်ကို ဆိုးဆိုးရွားရွား ခံစားခဲ့ရတဲ့ နိုင်ငံတွေမှာ အခုဆိုရင် ဖြစ်ပွားမှုနှုန်းဟာ ကျဆင်းလာပြီး ဥရောပနိုင်ငံတွေနဲ့ အမေရိကန် ပြည်နယ်အချို့မှာဆိုရင် ကန့်သတ်ထားမှုတွေကို ဖြည်းဖြည်းချင်း ဖယ်ရှားစ ပြုလာပါပြီ။ စီးပွားရေးလုပ်ငန်းတွေပိတ်ထားရမှုကြောင့် အကျပ်အတည်းကနေ ရုန်းထွက်နိုင်ဖို့ အခုလို ဆုံးဖြတ်ရတာလည်း ဖြစ်ပါတယ်။

### လူပေါင်း ၂၅၀၀၀ အသက်ဆုံးရှုံးရ

စပိန်နိုင်ငံရဲ့ မြို့ကြီးတွေမှာတော့ လမ်းထွက်ပြီး လမ်းလျှောက်တာ၊ အားကစားလုပ်တာကို ခွင့်ပြုလိုက်ပါပြီ။ စပိန်နိုင်ငံဟာ ကိုဗစ် -၁၉ အဆိုးရွားဆုံး ထိခိုက်ခံစားရတဲ့ နိုင်ငံတွေထဲက တစ်ခုဖြစ်ပြီး ဗိုင်းရပ်စ်ကြောင့် လူပေါင်း ၂၅၀၀၀ နီးပါး အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ အကြံပေးအဖြစ် လုပ်ကိုင်နေသူ မာကို့စ် အဘီတူကတော့ သူဟာ နေအိမ်မှာပဲ နေရစဉ်က အပြင်ထွက်ပြီး လျှောက်သွားချင်တဲ့ စိတ်တွေကို မနည်းထိန်းချုပ်ထားရတယ်လို့ ပြောပါတယ်။ အခုလို အပြင်ထွက်ခွင့်ရတဲ့ အခါမှာတော့ ကလေးတစ်ယောက်လို လွတ်လွတ်လပ်လပ် ခုန်ပေါက်မိတယ်လို့ သူ့ရဲ့ အတွေ့အကြုံကို ပြောပြပါတယ်။

### ရဲတွေက လိုက်လံသတိပေးရ

ရီထရှိုင်ရို ပန်းခြံအနီးမှာတော့ ဒေသခံအများစုဟာ လွတ်လွတ်လပ်လပ် လျှောက်သွားနေကြပြီး တစ်ခါတလေမှာ လူစုလူဝေးလုပ်လာတဲ့အတွက် ရဲတွေကနေ လူတွေကို ခပ်ခွာခွာနေကြဖို့ သတိပေးနေရပါတယ်။ ဘာစီလိုနာမှာ နေထိုင်တဲ့ အီတလီနိုင်ငံသားတစ်ဦးကတော့ ပထမဆုံး အပြင်ထွက်ခွင့်ရတဲ့အခါ အပြင်ထွက်နေတဲ့လူတွေကို ကြည့်ရတာ လုံခြုံစိတ်ချရမှုဆိုတာ မတွေ့ရဘူး။ လူတွေ ထောင်နဲ့ချီပြီး အပြင်ထွက်လာကြလိမ့်မယ်လို့ မျှော်လင့်မထားဘူးလို့ ပြောပြပါတယ်။ စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်ကတော့ ပြည်သူတွေအနေနဲ့ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေ၊ သယ်ယူပို့ဆောင်ရေးတွေအသုံးပြုတဲ့အခါ နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်ရမယ်လို့ အမိန့်ထုတ်ထားပါတယ်။ ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေကို အခုအချိန်ထိ အပြင်ထွက်နိုင်တဲ့ အချိန်ကာလကို ကန့်သတ်ထားတုန်းပါပဲ။

### နှာခေါင်းစည်းတပ်ရမယ်'

စပိန်၊ ဂျာမနီနဲ့ ဩစတြီးယားအပါအဝင် အခြားသော ဥရောပနိုင်ငံတွေမှာ ကန့်သတ်မှုတွေကို တဖြည်းဖြည်းချင်း ဖြေလျှော့လာပါတယ်။ ဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်းဟာ လျော့ကျလာပေမယ့် လူအချင်းချင်း ခပ်ခွာခွာနေရမယ့် အခြေအနေကိုတော့ ဆက်လက်ထိန်းထားဆဲပါပဲ။ ကူးစက်ခံရသူတွေကို ခြေရာခံလိုက်ဖို့နဲ့ အပြင်ထွက်ရင် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ဖို့ကိုတော့ ဆက်လက် လုပ်ဆောင်နေဆဲပါ။ ပြင်သစ်နိုင်ငံမှာတော့ မေ ၁၁ ရက်ကျမှ အသွားအလာ ပိတ်ဆို့ကန့်သတ်ထားမှုတွေကို ဖြေလျှော့ပေးမှာပါ။ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေကိုလည်း နောက်ထပ်နှစ်လထပ်တိုးပြီး ဇူလိုင်လနှောင်းပိုင်းအထိ လုပ်ဆောင်သွားဖို့ မေ ၂ ရက်က ဆုံးဖြတ်ခဲ့ကြပါတယ်။

> “အာရှမှာတော့ အိန္ဒိယနိုင်ငံဟာ ပိတ်ဆို့ကန့်သတ်မှုတွေကို မေ ၄ ရက်က စပြီး နောက်ထပ်နှစ်ပတ် ထပ်တိုးမယ်လို့ ကြေညာခဲ့ပါတယ်။ စင်ကာပူမှာတော့ တိရစ္ဆာန်အစာ အရောင်းဆိုင်တွေနဲ့ ဆံပင်ညှပ်ဆိုင်တွေကို မေ ၁၂ ရက်မှာ ပြန်ဖွင့်ခွင့်ပြုမယ်လို့ သိရပါတယ်”

### အီတလီနိုင်ငံရဲ့ဖြေလျှော့မှုများ

နှစ်လနီးပါးကြာ အသွားအလာ ပိတ်ဆို့ကန့်သတ်ခံရပြီးတဲ့နောက် အီတလီနိုင်ငံသားတွေဟာ မိဘဆွေမျိုးတွေဆီ အလည်အပတ်သွားတာ ပန်းခြံတွေဆီသွားတာမျိုးတွေ မေ ၄ ရက်ကစပြီး လုပ်ခွင့်ရတော့မှာပါ။ စားသောက်ဆိုင်တွေဟာလည်း ပြန်ဖွင့်ခွင့်ရမှာ ဖြစ်သလို လက်ကားရောင်းချတဲ့ ဆိုင်တွေလည်း မေ ၄ ရက်ကစပြီး စီးပွားရေး ပြန်စလုပ်ခွင့် ပြုပါပြီ။ ကျန်းမာရေးသတိရှိမှု အဆင့်အတန်းကို အမြင့်ဆုံးအထိထားရမှာဖြစ်ပြီး လူအချင်းချင်း ခပ်ခွာခွာနေဖို့နဲ့ နှာခေါင်းစည်း တပ်ဆင်ဖို့ကတော့ အရေးအကြီးဆုံးပါပဲ။ ကျွန်တော်တို့ဘက်ကလည်း အတတ်နိုင်ဆုံးလုပ်နိုင်သမျှ အားလုံးလုပ်ခဲ့ပြီးပြီ မေ ၄ ရက်ကစလို့ ပြည်သူတွေအပေါ်မှာပဲ မူတည်သွားပါပြီလို့ အရေးပေါ်အခြေအနေ တုံ့ပြန်ရေးဆိုင်ရာ အရာရှိတစ်ဦးဖြစ်သူ ဒိုမီနီကိုအာခရက ပြောပါတယ်။ ပြည်သူများအနေနဲ့ ကျန်းမာရေး သတိရှိမှုကို မပေါ့ဆကြဖို့ မေတ္တာရပ်ခံပါတယ်လို့ သူက ဆက်ပြောပါတယ်။

### ရုရှားမှာကူးစက်မှုမြင့်

ရုရှားမှာတော့ ကူးစက်မှုဟာ တစ်ရှိန်ထိုးမြင့်တက်နေပါတယ်။ တစ်ရက်တည်းမှာတင်ပဲ လူပေါင်း ၁၀၀၀၀ ကူးစက်ခံထားရတာကို တွေ့ရပါတယ်။ မော်စကိုမြို့ဟာ ကိုဗစ် -၁၉ အဓိကကူးစက်ရာနေရာ ဖြစ်နေပြီး လူဦးရေရဲ့ ၂ ရာခိုင်နှုန်းခန့်ဟာ ရောဂါကူးစက်ခံထားရပါတယ်။ ကိုဗစ်- ၁၉ ခြိမ်းခြောက်မှုဟာ သိသိသာသာကြီး မြင့်တက်လာနေပြီလို့ မော်စကိုမြို့တော်ဝန် ဆာဂီဆော့ဘရိုင်နင်က ပြောပါတယ်။ ကမ္ဘာအနှံ့ နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှာ ကိုဗစ် -၁၉ ကူးစက်ခံရသူ လူပေါင်း ၃ ဒသမ ၃ သန်းရှိတဲ့အနက် ဥရောပမှာ ကူးစက်ခံရသူကတော့ ၁ ဒသမ ၅ သန်း ရှိပါတယ်။ ဒါတောင်ရောဂါ ရှိ မရှိ စမ်းသပ်မှုတွေဟာ အကန့်အသတ်နဲ့ လုပ်ဆောင်နေရဆဲဖြစ်လို့ အတိအကျကြီး ပြောလို့မရပါဘူး။

### သေဆုံးမှုမြင့်သည့်နိုင်ငံများ

အမေရိကန်ပြည်ထောင်စုကတော့ သေဆုံးမှုအများဆုံးဖြစ်ပြီး လူပေါင်း ၆၅၀၀၀ ကျော် သေဆုံးထားပါတယ်။ အဲဒီနောက်မှာတော့ အီတလီက သေဆုံးသူ ၂၈၂၃၆ ဦးနဲ့ ဒုတိယ သေဆုံးမှုအမြင့်ဆုံးနိုင်ငံ ဖြစ်နေပါတယ်။ ဗြိတိန်မှာတော့ သေဆုံးသူ ၂၇၅၁၀ ရှိပြီး စပိန်မှာတော့ ၂၅၁၀၀နဲ့ ပြင်သစ်မှာတော့ ၂၄၅၉၄ ဦး သေဆုံးထားပါတယ်။ မေ ၁ ရက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ Remdesivir ဆေးကို ကိုဗစ် -၁၉ အရေးပေါ်ကုသဆေးအဖြစ် အသုံးပြုဖို့ ခွင့်ပြုလိုက်ကြောင်း ကြေညာခဲ့ပါတယ်။ အဲဒီဆေးဟာ ယခင်က အီဘိုလာအတွက် ထုတ်ထားတဲ့ဆေးဖြစ်ပြီး အခြေအနေဆိုးရွားတဲ့ ကိုဗစ် -၁၉ လူနာတွေကို အလျင်အမြန်ပဲ သက်သာစေတယ်လို့ ပြောပါတယ်။ အမေရိကန်နိုင်ငံအတွင်းမှာ ပြည်သူများနေအိမ်အတွင်းမှာ သာနေဖို့ အမိန့်ကို ဆန့်ကျင်လာကြတဲ့ နောက်ပိုင်း ခေါင်းဆောင်ပိုင်းအနေနဲ့လည်း အတော်လေး ရုန်းကန်လာရပါတယ်။

### အာရှတစ်လွှားကန့်သတ်မှုများ

အာရှမှာတော့ အိန္ဒိယနိုင်ငံဟာ ပိတ်ဆို့ကန့်သတ်မှုတွေကို မေ ၄ ရက်က စပြီး နောက်ထပ်နှစ်ပတ် ထပ်တိုးမယ်လို့ ကြေညာခဲ့ပါတယ်။ စင်ကာပူမှာတော့ တိရစ္ဆာန်အစာ အရောင်းဆိုင်တွေနဲ့ ဆံပင်ညှပ်ဆိုင်တွေကို မေ ၁၂ ရက်မှာ ပြန်ဖွင့်ခွင့်ပြုမယ်လို့ သိရပါတယ်။ စင်ကာပူမှာ ရွှေ့ပြောင်းလုပ်သားတွေ ကူးစက်ခံရမှုနှုန်း မြင့်တက်လျက်ရှိပြီး ပိတ်ဆို့ကန့်သတ်မှုတွေကို ဇွန် ၁ ရက်အထိ တိုးမြှင့်ထားပါတယ်။ ဟောင်ကောင်မှာတော့ တစ်ပတ်အတွင်း ကူးစက်လူနာ မတွေ့ရတော့တာ ခြောက်ရက်မြောက်နေ့ကို ရောက်လာပါပြီ။ အခုဆိုရင် နိုင်ငံအသီးသီးမှာ ပိတ်ဆို့ကန့်သတ်မှုတွေကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးလာပေမယ့် အရင်အခြေအနေအတိုင်း ပြန်ဖြစ်လာဖို့ဆိုတာကတော့ မျှော်မှန်းလို့မရသေးတဲ့ အရာတစ်ခုပါပဲ။ ။ **ကိုးကား -အေအက်ဖ်ပီ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၅-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ တတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၁၃၄)ခု အား စစ်ဆေးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိ (မတွေ့ရှိ)ပါ။

၂။ သို့ဖြစ်ပါ၍ (၂-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)နှင့် ဆေးသုတေသနဦးစီးဌာန(DMR)တို့မှ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း (၃၇၈)ခုတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၃။ (၃-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၅၁)ဦး ရှိပြီ ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၈) ခု |
| (၂-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ပထမ + ဒုတိယ + တတိယ)အသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၃၂၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၃-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၃) ခုနှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေး ပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၀) ခု၊ စုစုပေါင်း (၁၂၃) ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄) ဦး တွေ့ရှိခဲ့ပါသည်။

၂။ (၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၅၅) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ထိုသို့စစ်ဆေးမှုများတွင် (၃-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များတွင် ဓာတ်ခွဲနမူနာစစ်ဆေးမှု (၂) ကြိမ် ဆက်တိုက်အဖြစ် ပိုးမတွေ့ရှိသူ စုစုပေါင်း (၄၃) ဦးရှိပြီး ၎င်းတို့အနက် (၂၉) ဦးမှာ ဆေးရုံမှဆင်းခွင့်ရရှိပြီးဖြစ်ကာ ၎င်းတို့အား သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ ကျန်ရှိ ဓာတ်ခွဲအတည်ပြုလူနာ (၁၂၀) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသခန်းတွင် ကုသမှုခံယူနေသူ (၂) ဦး ရှိပါသည်။

၆။ (၂-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃-၅-၂၀၂၀)ရက်နေ့၊ နေ့လယ်(၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၇၂)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၃-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၃) ခု |
| (၃-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၄) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၄) ဦး | (၁၅၅) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၆) ဦး | (၄၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ဇယား -၁

(၃-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၅၂ | ၃၂ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| ၁၅၃ | ၁၉ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၅၄ | ၂၀ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၅၅ | ၄၈ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | စောင့်ကြည့်လူနာ |

## ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၈၅ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေး

**ချင်းရွှေဟော် မေ ၃**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် သဒ္ဓါသုခလူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းကာ ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ရှိသူများနှင့် စနစ်တကျ ချိတ်ဆက်ပြီး ၎င်းတို့၏ဒေသအသီးသီးသို့ အဆင်ပြေစွာရောက်ရှိနိုင်ရေး ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက နေရပ်ပြန်ပြည်သူ ၁၈၅ဦးအား ၎င်းတို့၏ သက်ဆိုင်ရာ ဒေသများသို့ ထပ်မံလွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**



အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၁၈၅ ဦးတွင် အမျိုးသား ၁၂၆၊ အမျိုးသမီး ၅၉ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ၃၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၅ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၈၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၃ ဦး၊ ရှမ်းပြည်နယ်မှ ၁၀ ဦး၊ ရခိုင်ပြည်နယ်မှ နှစ်ဦးနှင့် နေပြည်တော်မှ နှစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မှ သက်ဆိုင်ရာ ဒေသအသီးသီးသို့လွှဲပြောင်းပေးခဲ့သည့်နေရပ်ပြန်ပြည်သူများမှာ ဧပြီ ၃၀ ရက်တွင် ၄၃၂ ဦး၊ မေ ၁ ရက်တွင် ၂၆၇ ဦး၊ မေ ၂ ရက်တွင် ၂၄၉ ဦးနှင့် ယနေ့တွင် ၁၈၅ ဦး တို့ရှိပြီး အမျိုးသား ၆၉၉ ဦး၊ အမျိုးသမီး ၄၃၄ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၁၃၃ ဦးတို့အား စနစ်တကျ လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ပန်းတနော်မြို့နယ်၌ တရုတ်နိုင်ငံမှ နေရပ်ပြန်နှစ်ဦး ရောက်ရှိ

**ပန်းတနော် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်၌ တရုတ်နိုင်ငံမှ ယနေ့နံနက်ပိုင်းက ပြန်လာသည့် နေရပ်ပြန်နှစ်ဦးအား မြေနုကျေးရွာ အမက ညောင်ပင်သာကျောင်းတွင် အသွားအလာကန့်သတ် သီးသန့်နေထိုင် စောင့်ကြည့်သွားမည် ဖြစ်သည်။

အဆိုပါ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူနှစ်ဦးကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးမှုများကို အသွားအလာ ကန့်သတ်ထားစဉ် နေ့စဉ်စစ်ဆေးစောင့်ကြည့်ပေးခြင်းနှင့် နေရေးထိုင်ရေး စားသောက်စရာများကိုပါ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းနေရပ်ပြန် နှစ်ဦးမှာ တရုတ်နိုင်ငံ သကြားစက်ရုံတွင် အလုပ်ဝင်ရောက်လုပ်ကိုင်သူ မြေနုကျေးရွာမှ ဖြစ်ကြောင်း သိရသည်။

အေးချမ်းအောင်(ပန်းတနော်)

## သန်လျင်၌ ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် နှစ်ကြိမ်မြောက် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**ရန်ကုန် မေ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းကို ပြည်သူများ အသွားအလာများသော မြို့တွင်းလမ်းများ၌ မော်တော်ယာဉ်ဖြင့် ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မှ ဗိုလ်မှူး မင်းသူနှင့် တာဝန်ရှိသူများ၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက သန်လျင်မြို့ သိမ်ကျောင်းလမ်း၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ လမ်းမတော်လမ်းနှင့် မြို့မဈေးကြီးအား နှစ်ပတ်လှည့်လည်ကာ ကိုဗစ်-၁၉ ကာကွယ်ရေး မော်တော်ယာဉ်များဖြင့် ပိုးသတ် ဆေးဖျန်းပေးခြင်းကို နှစ်ကြိမ်မြောက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

## ကျောက်ဆည်မြို့နယ်တွင် သတ်မှတ်နေရာ၌အသွားအလာကန့်သတ်ထားသူ ၂၃၁ ဦးရှိ

**ကျောက်ဆည် မေ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မေ ၃ ရက်တွင် သတ်မှတ်နေရာ၌ အသွားအလာ ကန့်သတ်ထားသူ ၂၃၁ ဦးရှိပြီး သတ်မှတ်ရက်ပြည့်ကာ အိမ်တွင်ထားရှိ အသွားအလာ ကန့်သတ်ခြင်းသို့ ပြောင်းရွှေ့သွားသူ ခြောက်ဦးရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး ကူးစက်မှုမရှိစေရေးအတွက် ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအဖွဲ့များဖွဲ့ပြီး ပြည်ပမှပြန်လာသူများ၊ နယ်စပ်များမှ ပြန်လာသူများနှင့် ရောဂါဖြစ်ပွားနေသည့် မြို့နယ်များမှ ပြန်လာသူများအား စိစစ်စောင့်ကြည့်လျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ထားသည့်နေရာ ၅၀ ပြုလုပ်ထားကြောင်းနှင့် အဆိုပါနေရာများတွင် ယမန်နေ့က လူဦးရေ ၂၀၅ ဦး၊ ယနေ့ ထပ်တိုး ဦးရေ ၂၆ ဦး စုစုပေါင်း ၂၃၁ ဦးရှိသော်လည်း ခြောက်ဦးမှာ သတ်မှတ်နေရာ၌အသွားအလာကန့်သတ်ထားသည့်ရက်ပြည့်သွားပြီဖြစ်သဖြင့် အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်းအဖြစ် ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

သက်မောင်(ခရိုင်ပြန်/ဆက်)

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ မင်္ဂလာဒုံမြို့နယ်အတွင်း အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများသို့ရောက်ရှိ

**မင်္ဂလာဒုံ မေ ၃**

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူ မြန်မာနိုင်ငံသား ၁၉၅ ဦးအား အသွားအလာကန့်သတ် ၂၁ ရက် သီးခြားစောင့်ကြည့်ရန် မေ ၂ ရက် ညနေ ၅ နာရီခန့်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာများသို့ ရောက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူ မြန်မာနိုင်ငံသား ၁၉၅ ဦးအား မင်္ဂလာဒုံမြို့နယ် တိုက်ခွဲ (၃၂)သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ မြရွှေပင်ဓမ္မသုခရိပ်သာနှင့် ရွှေပြည်စံရာဟိုတယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ရောက်ရှိလာသူများ၏ ကျန်းမာရေးအခြေအနေကို အသွားအလာကန့်သတ် ၂၁ ရက် သီးခြားနေထိုင်နိုင်ရေး မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မင်္ဂလာဒုံမြို့နယ် ကျန်းမာရေး ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ရောက်ရှိလာသူများ၏ ကျန်းမာရေး အခြေအနေများကို စောင့်ကြည့်ပေးလျက်ရှိကြောင်း သိရသည်။

မြတ်သူဇာ(ပြန်/ဆက်)





# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ◆ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ◆ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ◆ စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ◆ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ◆ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ◆ စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ◆ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မလှိုင်မြို့နယ် ကိုဗစ် - ၁၉ အသိပညာပေးလှုပ်ရှားမှုတွင် ကျောင်းဆရာ၊ ဆရာမများနှင့် လူငယ်အားကစားသမားများပါဝင်

မလှိုင် မေ ၃

**မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ကာကွယ်ရေးအသိပညာပေး လှုပ်ရှားမှုများတွင် ပညာရေး ဆရာ ဆရာမများနှင့် လူငယ်အားကစားသမားများ ပါဝင်လှုပ်ရှားလာကြောင်း saving mahlaing group မှ သိရသည်။**

"ကိုဗစ်–၁၉ နဲ့ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်မယ်ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ နှာခေါင်းစည်း စနစ်တကျဝတ်ဆင်ဖို့၊ တစ်ဦးနဲ့တစ်ဦး ဈေးဝယ်မယ်ဆို သုံးပေကွာဝေးဖို့ လိုပါမယ်။ ဒီလို စနစ်တကျဖြစ်ဖို့ စည်းရုံးအသိပညာပေးတဲ့အခါ ဆရာ ဆရာမတွေရဲ့ ပတ်သက်ရာပတ်သက်ကြောင်း၊ သူတို့ရဲ့ တပည့်တွေ၊ မိဘတွေကိုယ်တိုင် ဈေးရောင်းချတာတွေ ပါတဲ့အတွက် ကျွန်တော်တို့ အရပ်ဘက်က ဝိုင်းထိန်းတာထက် ဆရာ ဆရာမတွေ ပုံရိပ်နဲ့ဝိုင်းထိန်းတာ ပိုကောင်းတဲ့အတွက် ဆရာ ဆရာမတွေ လေးစားမှုနဲ့ လိုက်နာမယ်ပေ့ါ။ အဓိကက စည်းကမ်းလိုက်နာစေချင်တဲ့အတွက် ဆရာ ဆရာမတွေကို ဖိတ်ခေါ်လိုက်တာပါ"ဟု မြို့နယ်ပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန် saving mahlaing group ခေါင်းဆောင် ဒေါက်တာကောင်းလျှံက ရှင်းပြသည်။

"ကျွန်မတို့အားနေတဲ့အချိန်မှာ မြို့အတွက် ကိုဗစ်–၁၉ တိုက်ဖျက်ရေးမှာ ကိုယ်လုပ်ပေးနိုင်တာ လုပ်ပေးဖို့ ခုလို ပါဝင်ခဲ့တာပါ။ ကျွန်မတို့က နှာခေါင်းစည်းကို နှာခေါင်းနဲ့ ပါးစပ်လုံအောင် စွပ်စေချင်ပေမယ့် အများအားဖြင့် မေးစေ့မှာ တပ်တာ၊ တချို့က နှာခေါင်းစည်းလုံးဝမပါဘဲ စွပ်ကျယ်နဲ့ ပတ်ထားတာတွေ့ရပါတယ်။ အချို့ဈေးသည်တွေ ဈေးရောင်းဝယ်တဲ့အခါ စကားပြောရတာ အားမရတာမျိုးနဲ့ အသက်ရှူမဝလို့ ခဏတဖြုတ် ချွတ်ထားတာတွေ တွေ့ရတယ်။ ကျွန်မတို့က ချိုချိုသာသာနဲ့ ကိုယ့်မှာဖြစ်ပွားခဲ့ရင်၊ အသက်ရှူပိုက်တွေတပ်ရရင် ဒီထက်ပိုခံစားရကြောင်း ခဏတာတပ်ဆင်ပေးဖို့ အသိပညာပေးရပါတယ်" ဟု ဆရာမ ဒေါ်ဖြူဖြူကျော်က ပြောသည်။

"မြို့မှာ အခုအချိန်က ဆွမ်းဆန်စိမ်းလောင်းတာရှိပါတယ်။ အဲဒီတွက် Saving Mahlaing က လုပ်တဲ့အခါ အရန်အင်အားလိုတဲ့အတွက် ကျွန်တော်တို့အဖွဲ့က လူငယ်ဘောလုံးအသင်းက ဆရာ ကိုမင်းစိုး ဦးဆောင်ပြီး ပါဝင်ဖြစ်တာပါ။ နှာခေါင်းစည်းတပ်ဆင်ဖို့ အသိပညာပေးတာနဲ့ မပါသူတွေ နှာခေါင်းစည်း ဝေငှတာ လုပ်ပါတယ်။ မနေ့က ယာယီဈေးမှာ ခြံစည်းရိုးကာရံပါတယ်" ဟု မလှိုင်မြို့နယ် လူငယ်ဘောလုံးအသင်းဝင် ဒေါက်တာကောင်းပြည့်လျှံက ပြောသည်။

မလှိုင်မြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန် ဒေါက်တာကောင်းလျှံ ဖွဲ့စည်းထားသော လူမှုရေးအသင်းပေါင်းစုံ၊ ဘာသာပေါင်းစုံပါဝင်သည့် Saving Mahlaing Group သည် ယနေ့ နံနက်ပိုင်းက မလှိုင်မြို့ မြို့ဦးကွက်သစ် ယာယီပျံကျဈေးအတွင်း ကိုဗစ်–၁၉ ထိန်းချုပ်ကာကွယ်ရေး အသိပညာပေးခြင်းဆောင်ရွက်ရာ မလှိုင်မြို့ ပညာရေးဝန်ထမ်း ကျောင်းဆရာ ဆရာမများ၊ ပြင်ပ ကျောင်းဆရာ ဆရာမများနှင့် လူငယ်ဘောလုံးအားကစားအသင်းသားများ ပါဝင်လာသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

**ဘိုဘို(မလှိုင်)**





# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်း အသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ကလိန်အောင်မြို့ မလွဲတောင်စစ်ဆေးရေးဂိတ်၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ကလိန်အောင် မေ ၃**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် မေ ၂ ရက် နံနက်ပိုင်းက ထားဝယ်ခရိုင် ကလိန်အောင်မြို့ မလွဲတောင်စစ်ဆေးရေးဂိတ်၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မလွဲတောင် ကိုဗစ်– ၁၉ ရောဂါ စောင့်ကြည့်စစ်ဆေးရေးဂိတ်၌ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ထမ်းများအတွက် စားသောက်ကုန်များ၊ စရိတ်ထောက်ပံ့ငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်ပြီး အားပေးစကား ပြောကြားကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**မိုးမိုးခိုင် (ပြန်/ဆက်)**

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၃**

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထား ကြောင်း သိရသည်။

**သတင်းစဉ်**




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

# ကျောက်ဆည် အရှေ့ခြမ်းဒေသများတွင် ငရုတ်သီးမှည့်အစိုများ စတင်ထွက်ရှိ ပြည်ပသို့တင်ပို့ရန် လာရောက်ဝယ်ယူသူများပြားလျက်ရှိ

**ကျောက်ဆည် မေ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ဘက်ခြမ်းဒေသများတွင် ငရုတ်သီး စတင်ထွက်ရှိလာပြီဖြစ်ရာ ငရုတ်သီးအမှည့်အစိုများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရန် လာရောက်ဝယ်ယူသူ များပြားလျက်ရှိကြောင်း ကျောက်ဆည်မြို့နယ် ပဲခင်းကျေးရွာမှ ငရုတ်အရောင်းအဝယ် ပြုလုပ်သူ ကိုတိုးတိုးအောင်က ပြောသည်။

"ငရုတ်သီး အရောင်းအဝယ်က အစိုလိုင်း၊ အခြောက်လိုင်း နှစ်လိုင်းရှိတယ်။ အခုက စပေါ်တာဆိုတော့ အစိုလိုင်းပဲ အရောင်းအဝယ်ဖြစ်နေတာ။ ကျွန်တော်တို့ဒေသထွက် ငရုတ်သီးအမှည့်အစိုတွေကို ပြည်ပနိုင်ငံတွေကို တင်ပို့ရောင်းချဖို့ဆိုပြီး လာရောက် ဝယ်ယူနေကြပါတယ်။ ငရုတ်သီးအမှည့်အစိုတွေကို ဝယ်ယူသန့်စင်ကာ ခြင်းထဲထည့်ပြီး အအေးခန်းနဲ့ ပို့ဆောင်ပေးရတာပါ"ဟု ၎င်းက ပြောသည်။



"ရွာမှာ လက်ရှိပေါက်ဈေးကတော့ ငရုတ်သီးအမှည့် အစိုတစ်ပိဿာကို ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး ငွေကျပ် ၁၇၀၀/၁၈၀၀ မှ ၂၂၀၀- ၂၃၀၀ အထိရှိပြီး သန့်စင်ပြီးဆိုရင် ငွေကျပ် ၂၄၀၀-၂၅၀၀ လောက်အထိ ဈေးပေါက်တယ်။ ဈေးကောင်းတော့ ငရုတ်စိုက်တောင်သူတွေ အဆင်ပြေကြတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ငရုတ်သီးအမှည့်အစိုများကို ပြည်ပနိုင်ငံများသို့ စတင်ပို့ဆောင်လျက်ရှိကြောင်း သိရသည်။ ကျောက်ဆည်ဒေသတွင် ငရုတ်သီးအမှည့်အစိုများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရန် လာရောက်ဝယ်ယူလျက်ရှိရာ ငရုတ်စိုက်တောင်သူများသည် ဈေးနှုန်းကောင်းမွန်မှုကြောင့် တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးရာသီ၌ သစ်စိမ်းမြေဩဇာ စိုက်ဧက ၁၀၀၀၀ ကျော်တွင် ပိုက်ဆံလျှော် ထည့်သွင်းစိုက်ပျိုးမည်

**ပုသိမ် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေး မြေဆီလွှာပြုပြင်သည့် လုပ်ငန်းများကို တောင်သူလယ်သမားများအား နည်းပညာပေး ဆောင်ရွက်လျက်ရှိသည်။

မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာများထည့်သွင်းရေး ဆောင်ရွက်လျက်ရှိရာ သစ်စိမ်းမြေဩဇာအဖြစ် ပိုက်ဆံလျှော် ၊ ပဲမျိုးစုံ ၊ ဒန့်ကျွဲ ၊ ညံပင်၊ ကုက္ကိုအရွက်များကို ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။ ပိုက်ဆံလျှော် သီးနှံသည်အာဟာရဓာတ်အများဆုံးပါဝင်ပြီး အပင်စပေါက်စဉ်မှ ၄၅ ရက်သား အချိန်တွင် အာဟာရဓာတ်အများဆုံး အချိန်ဖြစ်၍ မိုးစပါး မစိုက်ပျိုးမီ ချိန်ဆ၍ ကြိုတင်စိုက်ပျိုးရသည်။ ၂၀၁၉ ခုနှစ်တွင် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်းစမ်းသပ်ကွက် ၉၉၃ ဧက စိုက်ပျိုးပြသနိုင်ခဲ့သည်။ စမ်းသပ်ကွက်စိုက်ပျိုး သုံးစွဲသူတောင်သူများ၏ ပြောကြားချက်အရ ယူရီးယား ဓာတ်မြေဩဇာ ထည့်သွင်းရန် တစ်ကြိမ် လျော့နည်းခြင်း၊ မြေပြုပြင်ခြင်းလည်း ဆောင်ရွက်ရာရောက်ကြောင်း တစ်ဧကလျှင် ၃ ဒသမ ၆ တင်းမှ ၈ ဒသမ ၃ တင်းအထိ ပိုမိုထွက်ရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က" ၂၀၁၉ ခုနှစ်၊ ဆောင်းရာသီတွင် ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ခင်း ဧက ၃၉၀ စိုက်ပျိုးထားကြောင်း၊ အဆိုပါ စိုက်ပျိုးထုတ်လုပ်မှုမှရရှိသည့် မျိုးစေ့ပင်များဖြင့် ယခုနှစ် မိုးရာသီတွင် တိုင်းဒေသကြီးအတွင်း ပိုက်ဆံလျှော် သစ်စိမ်း မြေဩဇာထည့်သွင်းခြင်းကို ဧက ၁၀၀၀၀ ကျော်ကို ထည့်သွင်း စိုက်ပျိုးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဧပြီလ နောက်ဆုံးပတ်မှစ၍ အဆိုပါ ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာစိုက်ခင်းများ ဆောင်ရွက်လျက်ရှိရာ ဟင်္သာတ ၊ ကန်ကြီးထောင့် ၊ ဇလွန် ၊ ဝါးခယ်မ မြို့နယ်များတွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၅-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၀/၄၅၅ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၀/၄၇၀ | ကျပ် | ၄၇၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၁၀ | ကျပ် | ၃၄၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၅၀ | ကျပ် | ၄၉၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၀ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၄ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၄ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၀ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၅၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၁၆ | ၄၀၁၆၀၀၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၄၁၂၆ | ၁၅၅၀၇၀၅၀ |
| MCB | ၈၂၀၀ | ၈၁၀၀ | ၇၀၅ | ၅၃၆၉၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၁၇၆၅ | ၃၉၁၁၃၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၄၂ | ၆၆၅၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

# မုံရွာမြို့နယ်တွင် ဓာတုကင်းလွတ်သည့် ကျောင်းဝင်း ဥယျာဉ်စိုက်ခင်းများ ဖော်ဆောင်နိုင်ရန် စီစဉ်လျက်ရှိ

**မုံရွာ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွင်း ဓာတုကင်းလွတ် ကျောင်းဝင်းဥယျာဉ်စိုက်ခင်းများ ဖော်ဆောင်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်အမာကြည်၏ ပြောကြားချက်အရ သိရသည်။

"သီးပင်စားပင်တွေကို ဘယ်လိုစိုက်ပျိုးရတယ်။ ဓာတုကင်းလွတ်တဲ့အသီးအနှံတွေရဖို့အတွက် မြေဆီတွေ၊ ပိုးသတ်ဆေးတွေ ဘယ်လိုသုံးရသလဲ အပင်တွေရှင်သန် ကြီးထွားဖို့ ဘယ်လိုပြုစုပျိုးထောင်ရသလဲဆိုတာတွေကို အပင်တွေစိုက်ပျိုးရင်းနဲ့ သင်ကြားပေးမှာ ဖြစ်ပါတယ်။ ဓာတုကင်းလွတ် ကျောင်းဝင်းဥယျာဉ်စိုက်ခင်းကို ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေနဲ့ပူးပေါင်းပြီးတော့ အကောင်အထည် ဖော်ဆောင်ပေးမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ စိုက်ခင်းများကို ကျောင်းသား ကျောင်းသူများ စုပေါင်းလုပ်ဆောင်သည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန်၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများစနစ်ဖြင့် စိုက်ပျိုးသည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန်၊ ကျောင်းသား ကျောင်းသူများမှတစ်ဆင့် ဓာတုကင်းလွတ်သည့် အသီးအနှံဈေးကွက်တစ်ခုပေါ်ပေါက်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း Isolation Unit (ကလိ)သို့ သွားရောက်ကြည့်ရှု

ပဲခူး မေ ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ ကလိ (၆) ထပ်ဆေးရုံအနီးတွင် ဖွင့်လှစ်ထားရှိသော COVID–19 Designated Hospital ဖြစ်သည့် ပဲခူး ပြည်သူ့ဆေးရုံကြီး၏ COVID–19 PUI လူနာများထားရှိ ကုသပေးလျက်ရှိသော Isolation Unit (ကလိ)သို့ သွားရောက်ကြည့်ရှုသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့အား ပဲခူးဆေးရုံအုပ်ကြီးဒေါက်တာရန်နိုင်မောင်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝင်/ထွက်လမ်းနှင့် ကားရပ်နားရန်မြေနေရာသည် ပျက်စီးမှုရှိနေပြီး အရေးပေါ်ကားအပါအဝင် ကျန်းမာရေးဝန်ထမ်းများ၏ ကား/ဆိုင်ကယ်များဝင်ထွက်ရပ်နားခြင်းတို့အတွက် အဆင်မပြေမှုနှင့် အဆောက်အအုံအတွင်း လူနာခန်းများ၊ ဆရာဝန်သူနာပြုဂျူတီခန်းများသို့ မိုးပက်ခြင်းကြောင့် မိုးရေဝင်ရောက်မှု၊ COVID–19 PUI လူနာများထားရှိ ကုသပေးမှု၊ အဆိုပါလူနာများ မီးဖွားရန်နှင့် ခွဲစိတ်ကုသရန်လိုအပ်ပါက အရေးပေါ်သားဖွားခန်းနှင့်ခွဲစိတ်ခန်း ပြင်ဆင်ဆောင်ရွက်နေမှု၊ မိုးတွင်းကာလ သွားလာမှုအဆင်ပြေစေရန် လူနာဆောင်နှင့် ပတ်ဝန်းကျင်ကို ရေနစ်မြုပ်မှုမဖြစ်ပေါ်စေရန်၊ ရေချိုမပြတ်ရရှိစေရန်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။



ထို့နောက် ဝန်ကြီးချုပ်က Isolation Unit (ကလိ)တွင် ကိုဗစ်–၁၉ လူနာများ မီးဖွားရန်နှင့် ခွဲစိတ်ကုသရန် အရေးပေါ် သားဖွားခန်းနှင့် ခွဲစိတ်ခန်းပြင်ဆင်ဆောင်ရွက်နေမှုကို သက်ဆိုင်ရာအထူးကု/ပညာရှင်များ၏ လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်ဆောင်ရွက်ရန်၊ ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန်၊ လိုအပ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရန် စသည်ဖြင့် မှာကြားခဲ့ပြီး အဝင်/အထွက်ကားလမ်း ပြန်လည်ပြုပြင်ရမည့်အနေအထားကို ကြည့်ရှုကြသည်။

“ပဲခူးပြည်သူ့ဆေးရုံကြီးအနေနဲ့ စောင့်ကြည့်လူနာ ၁၁ ဦးကိုသာ ကုသမှုပေးခဲ့ရပြီး လူနာအားလုံးမှာလည်း ကိုဗစ်–၁၉ ရောဂါပိုး စမ်းသပ်မတွေ့ရှိရပါ၊ မိုးဦးကျလာတော့မှာ ဖြစ်တဲ့အပြင် နေရပ်ပြန်များလည်း ပြန်လည်ဝင်ရောက်လာမှာဖြစ်လို့ ကျွန်တော်တို့အဖွဲ့တွေ ပြင်ဆင်ဆောင်ရွက်နေကြပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနရဲ့ လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်အားပေးကူညီမှု၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနနဲ့ နှီးနွယ်ဌာနဆိုင်ရာတွေရဲ့ ကူညီပံ့ပိုးမှု၊ မြို့မိ မြို့ဖများ၊ ပရဟိတအဖွဲ့တွေ၊ စေတနာရှင်/အလှူရှင်တွေရဲ့ ပူးပေါင်းပါဝင်ကူညီပံ့ပိုးမှုတို့နဲ့ ပဲခူးပြည်သူ့ဆေးရုံကြီးအတွင်း လူနာများကို အဆင့်ဆင့်စိစစ်ခြင်း၊ မှတ်တမ်းရယူခြင်းအပြင် Isolation Unit အဖြစ် ဆောင်ရွက်ထားရှိတဲ့ တိုင်းကုသရုံး နှစ်ထပ်ဆောင် ပတ်ဝန်းကျင်ကိုလည်း မိုးတွင်းကာလ ရေနစ်မြုပ်မှုမရှိအောင် မြေဖို့ခြင်း၊ ကားရပ်နားရန် မြေနေရာစီစဉ်ခြင်း၊ ဝင်/ထွက် လမ်းဖောက်လုပ်ခြင်း၊ ရေချိုအမြဲရရှိရေး၊ လျှပ်စစ်မီး၂၄–နာရီရရှိရေးနဲ့ ရေနုတ်မြောင်းတွေ စနစ်တကျဖြစ်စေရေး စီစဉ်ခြင်းတို့ ဆောင်ရွက်နေပါတယ်”ဟု ပဲခူးမြို့ အထွေထွေ ရောဂါကုဆေးရုံအုပ်ကြီးဒေါက်တာ ရန်နိုင်မောင်က ပြောသည်။

**တင်စိုး(ပဲခူး)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ လှည့်လည်ကြည့်ရှု

မုံရွာ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် ဇနီး ဒေါ်တင့်တင့်(ခ) ဒေါ်ချူးချူးသည် ရွှေဘိုခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ပေါ်ရှိ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။



တိုင်းဒေသကြီး ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်မြောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေတောင်ဆောင်တွင် သွားလာကန့်သတ်စောင့်ကြည့်နေရာ ဖွင့်လှစ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျန်းမာရေးသုံးအတွက် လိုအပ်သော ပိုးသတ်ဆေးဖျန်းရည်များ၊ နှာခေါင်းစည်းများ၊ ရောဂါကာကွယ်ရေးဝတ်စုံများနှင့် သာမိုမီတာများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာနေထိုင်သွားကြရန်မှာ ကြားသည်။

ထို့နောက် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေချိန်အတွင်း ကျောက်မြောင်းမြို့နေ မိဘပြည်သူများအတွက် နေ့စဉ် အခြေခံစားသောက်ကုန်များနှင့် အသားငါးများ ဝယ်ယူရောင်းချနိုင်ရေးအတွက် အဆင်ပြေချောမွေ့စေရေး အလေးထား၍ ပြည်သူ့အားကစားကွင်းတွင် ဖွင့်လှစ်ထားရှိသော ယာယီပျံကျဈေးနှင့် အများ ပြည်သူဝင်ထွက်သွားလာဆက်သွယ်မှု အဆင်ပြေစေရေးအတွက် ကျောက်မြောင်း–စဉ့်ကူးလမ်းပေါ်ရှိ ရောဝတီမြစ်ကူး ရတနာသဃ်တံတားအနီးရှိ ကိုဗစ်–၁၉ရောဂါ စစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်နေသော မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်သောလူမှုရေးအသင်းအဖွဲ့တို့မှပြည်သူများ နှာခေါင်းစည်းများတပ်ဆင်ခြင်းနှင့် သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

## နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID–19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID–19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot–Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID–19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မွန်ပြည်နယ်ရှိ နှစ်ရှည်သစ်သီးဝလံနှင့် အခြားသီးနှံများ စိုက်ပျိုးသည့် တောင်သူများအတွက် နည်းပညာနှင့် အကြံဉာဏ်များ ဖြန့်ဝေမည်

မုဒုံ မေ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ အဇင်းစိုက်ပျိုးရေးသုတေသနခြံမှ မွန်ပြည်နယ်ရှိ နှစ်ရှည်သစ်သီးဝလံအပါအဝင် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတနှင့် အကြံဉာဏ်များ ဖြန့်ဝေပေးမည်ဖြစ်သည်။

အဆိုပါသုတေသနခြံမှာ မွန်ပြည်နယ် မုဒုံမြို့နယ်တွင်တည်ရှိပြီး သုတေသနပညာရှင်များက နှစ်ရှည်သစ်သီးဝလံများဖြစ်သည့် ဒူးရင်း၊ ကြက်မောက်၊



မင်းကွတ်နှင့် ကျွဲကောသီးနှံများကို အဓိကထားလျက် စားသုံးမှုအရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်း၊ မျိုးသန့်များ ရှာဖွေဖော်ထုတ်ခြင်း၊ တောင်သူများအကျိုးအမြတ်အများဆုံးရနိုင်သည့် စိုက်ပျိုးနည်းစနစ်များရှာဖွေဖော်ထုတ်ခြင်း၊ ဒေသတွင်းစိုက်ပျိုးသူတောင်သူများ ကြုံတွေ့နေရသည့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် နည်းပညာများရှာဖွေဖော်ထုတ်ခြင်း အစရှိသော သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ သုတေသနခြံမှာ အဓိကစိုက်ပျိုးပြီး သုတေသနပြုတဲ့ သီးနှံတွေကတော့ ဒီဒေသနဲ့ ကိုက်ညီတဲ့ နှစ်ရှည်သစ်သီးဝလံတွေဖြစ်တဲ့ ဒူးရင်း၊ ကြက်မောက်၊ ကျွဲကော၊ မင်းကွတ်စတဲ့ သီးနှံတွေနဲ့ ပတ်သက်ပြီး တောင်သူတွေ တွေ့ကြုံရတဲ့အခက်အခဲတွေကို သိရှိနိုင်မယ့် နည်းပညာရှာဖွေရေး၊ မျိုးအသစ်အဆန်းတွေရရှိဖို့ မျိုးကူးဆက်ခြင်း၊ မျိုးရွေးချယ်ခြင်းတွေကို အဓိကသုတေသနလုပ်ပါတယ်။ သီးနှံနဲ့ပတ်သက်ပြီး ဒီဒေသမှာ တောင်သူတွေ တွေ့ကြုံနေရတဲ့ အခက်အခဲတွေ၊ ကျွန်တော်တို့ဒေသနဲ့ ဘယ်လိုမျိုးတွေက သင့်တော်သလဲ ဆိုတာတွေ၊ မျိုးအသစ်တွေရှာဖွေတာတွေ၊ မျိုးစုဆောင်းတာ၊ လက်ရှိစိုက်ပျိုးနေတဲ့သီးနှံစိုက်ပျိုးတဲ့အပေါ်မှာ အခက်အခဲတွေ၊ ဥပမာအနေနှင့် ပိုးမွှားရောဂါကျရောက်မှုအခက်အခဲလား၊ ပုံမှန်ရာသီထက် စောစောပေါ်အောင် ဘယ်လိုစိုက်ပျိုးထုတ်လုပ်မလဲ စတဲ့နည်းစနစ်တွေကို သုတေသနပြုနေပါတယ်။ အဓိကကတော့ မျိုးရရှိရေးနဲ့ နည်းပညာရရှိရေးဆောင်ရွက်နေပါတယ်" ဟု အဇင်း စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံ ဦးသိန်းညွန့်ကပြောသည်။

"အခြားဒေသတွေမှာလည်း မွန်ပြည်နယ်မှာစိုက်ပျိုးတဲ့ နှစ်ရှည်သီးနှံတွေကို စမ်းသပ် စိုက်ပျိုးချင်ရင် အဇင်းသုတေသနခြံကို တိုက်ရိုက်ဆက်သွယ်နိုင်သလို ဒေသအခြေအနေပေါ်မူတည်ပြီး ဘယ်နေရာမှာ စိုက်ချင်သလဲ၊ ကြက်မောက်လား၊ဒူးရင်းလား၊ကျွဲကောစိုက်ချင်တာလား သီးနှံပေါ်မူတည်ပြီး အကြံပြုပေးနိုင်ပါတယ်။ စိုက်ပျိုးချင်တဲ့ ဒေသရဲ့ ရေ၊ မြေနဲ့ရာသီဥတုအပေါ်မူတည်ပြီးတော့ ဒေသအခြေအနေကိုမေးမြန်းပြီး ဖြစ်နိုင် မဖြစ်နိုင် အကြံပြုလို့ရပါတယ်"ဟု ၎င်းက ပြောပြသည်။



ထို့အပြင် အဆိုပါသုတေသနခြံမှ ထွက်ရှိသည့် ဒူးရင်း၊ ကြက်မောက်နှင့် ကျွဲကောသီးများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကာလအတွင်း ဒေသခံပြည်သူများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"လက်ရှိမှာ ဈေးနှုန်းကို အရင်နှစ်တွေကထက် လျှော့ရောင်းနေပါတယ်။ ဒီကာလမှာက အသွားအလာလည်းနည်းတယ်။ စားသုံးသူလည်း နည်းသွားတယ်။ ဒါ့အပြင် ဈေးကွက်ကလည်း ကျဉ်းသွားတော့ ဈေးချရောင်းပေးနေရပါတယ်။ ပုံမှန်ထွက်နေကြလိုင်းကားတွေ မထွက်တော့ အဝယ်နည်းသွားပါတယ်။ တခြားဒေသတွေကလည်း ကိုယ်ပိုင်ကားတွေနဲ့ လာဝယ်တာတွေရှိပါတယ်"ဟု ၎င်းကဆက်လက်ပြောပြသည်။

အဇင်းစိုက်ပျိုးရေးသုတေသနခြံတွင် ဒူးရင်းသီးကို ကိုယ်ပိုင်ဒေသမျိုးရရှိအောင် သုတေသနပြုလုပ်လျက်ရှိပြီး နည်းပညာဗဟုသုတနှင့် အကြံဉာဏ်များ ရယူလိုပါက အဇင်းစိုက်ပျိုးရေးသုတေသနခြံတာဝန်ခံ ဦးသိန်းညွန့် ဖုန်း-၀၉၂၅၅၇၅၂၄၁၁ နှင့် သုတေသနပညာရှင်များထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး၊ ဓာတ်ပုံ- အဇင်းစိုက်ပျိုးရေးသုတေသနခြံ**

# ပင်လည်ဘူးမြို့နယ်၌ ဒေသထွက်ကြက်သွန်ဖြူများ ဈေးကောင်း၍ ကြက်သွန်ဖြူစိုက်ပျိုးသူများ အဆင်ပြေ

**ပင်လည်ဘူး မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ဧပြီလတွင် ထွက်ရှိသည့် ဒေသထွက် ကြက်သွန်ဖြူများ ဈေးကောင်းရောင်းရ၍ ကြက်သွန်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း ကြက်သွန်ဖြူ စိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ကြက်သွန်များကို မိုးစပါးရိတ်သိမ်းပြီးချိန် လယ်ကွက်များအတွင်းနှင့် နုန်းမြေစိုက်ခင်းများအတွင်းတွင် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလများမှာ စတင်စိုက်ပျိုးကြကြောင်း၊ ကြက်သွန်များစိုက်ပျိုးရာတွင် လယ်ကွက်ထဲရှိ စပါးရိတ်ပြီးသား အပင်ငုတ်များကို ပြန်လည် ရိတ်သိမ်းခုတ်ထွင်ပြီး မြေကြီးပျော့ထဲသို့ ကြက်သွန်အတက်များကို တစ်ခုနှင့်တစ်ခုပင်ကြား ခြောက်လက်မခြားကွာ စိုက်ကြကြောင်း၊ စိုက်ပြီးသားကြက်သွန်အတက်များကို စပါးခြွေပြီးသား စပါးပင်ကောက်ရိုးများဖြင့် ရက်ပေါင်း ၁၀၀ ကျော် ဖုံးအုပ်စိုက်ပျိုးထားကြပြီး ဧပြီလတွင် နုတ်ယူ ဖော်ကြကြောင်း၊ ကြက်သွန်ဖြူအပြင် ကြက်သွန်နီကိုလည်းစိုက်ပျိုးကြကြောင်း၊ ပင်လည်ဘူးမြို့နယ်တွင် ကြက်သွန်ဖြူကို အများဆုံးစိုက်ပျိုးကြပြီး ယခုနှစ်တွင် ကြက်သွန်ဖြူမှာ ဈေးကောင်းရကြောင်း မံစီလေးကျေးရွာမှ ကြက်သွန်စိုက် တောင်သူတစ်ဦးထံက သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ယခင်နှစ်က ဒေသပေါက်ဈေး ကြက်သွန်ဖြူ တစ်ပိဿာကို ငွေကျပ် ၅၀၀ မှ ၈၀၀ သာရောင်းကြရပြီး ယခုနှစ်တွင် ကြက်သွန်ဖြူအလုံးအကြီး အသေးရွေးပြီး အရွယ်အစားအလိုက် တစ်ပိဿာကို ငွေကျပ် ၁၅၀၀ မှ ၃၀၀၀ အထိ ရကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**





# တိုက်ကြီးမြို့နယ်၌ နွေစပါးအထွက်တိုးပြီး ဈေးကောင်းရ

**ရန်ကုန် မေ ၃**

ရန်ကုန်တိုင်းဒေသကြီးတွင် စပါးစိုက်ဧက ၁၃ သိန်းကျော်ရှိပြီး ဧပြီလနောက်ဆုံးပတ်က တိုက်ကြီးမြို့နယ်တွင် ရိတ်သိမ်းလျက်ရှိရာ ယခုနှစ်နွေစပါးအထွက်နှုန်းကောင်းပြီး စပါးအဖွင့်ဈေး တင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်းရှိသောကြောင့် စပါးစိုက်တောင်သူများ အားရကျေနပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါးစိုက်ဧက ၁၁၆၈၅၉၇ နှင့် နွေစပါးစိုက်ဧက ၂၀၄၂၅၁ ရှိရာ နွေစပါးအထွက်နှုန်းနှင့် စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးရန်လိုအပ်မှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးမီမီစိုးက "နွေစပါးအထွက်နှုန်းကောင်းတဲ့အတွက် အားရဝမ်းသာဖြစ်ရပါတယ်။ အထွက်နှုန်းကောင်းဖို့ နွေစပါးစိုက်တောင်သူတွေကို အကြံပြုလိုတာက ရေသွင်းရမယ့် လယ်တွေအတွက် ကြိုတင်အသိပေးနိုင်ဖို့ပါ။ ပြီးတော့ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ် စိုက်ပျိုးဖို့လည်းလိုပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ ဆင်းသုခ၊ ပေါ်ဆန်းရင်၊ ရတနာတိုး၊ ဆင်းသွယ်လတ်၊ မော်ဘီသုံးနဲ့ ရက်၉၀ စပါးတွေ အစိုက်များကြတယ်"ဟု ပြောသည်။

တိုက်ကြီးမြို့နယ်ရှိ ကျေးလက်ဒေသများတွင် နွေစပါးကို ထိုင်းမျိုးကောက်ဖြစ်သော ရက် ၉၀ စပါးနှင့် ရတနာတိုးကိုအများဆုံး စိုက်ပျိုးကြပြီး မိုးစပါး တစ်ဧကလျှင် တင်း ၇၀ ထွက်ရှိတတ်၍ နွေစပါးတင်း ၁၀၀ ခန့်သာ ထွက်လေ့ရှိရာ ယခုနှစ်နွေစပါး တင်း ၁၁၀ ထွက်ရှိမှုအပေါ် အားရကျေနပ်လျက်ရှိသည်။

"မနှစ်က နွေစပါး တင်း ၁၀၀ ထွက်တယ်။ ဒီနှစ်တင်း ၁၁၀ ထွက်တယ်။ အခြားလယ်တွေလည်း အတူတူပဲ။ နွေစပါးအထွက်နှုန်းကောင်းကြတယ်။ ပိုပြီးဝမ်းသာရတာက နွေစပါးအဖွင့်ဈေးမှာ တင်း ၁၀၀ ကို ငွေကျပ် ငါးသိန်းရလို့ တောင်သူတွေ အားရနေကြတာ။ လယ်ကွက်မှာ လာယူတဲ့ ဈေးက ငွေကျပ် ငါးသိန်း ရတယ်။ ဒိုင်မှာဆိုရင် ငွေကျပ် ၅၂၀၀၀၀ ဈေးရှိတယ်။ မနှစ်က ငွေကျပ် ၄၆၀၀၀၀ ဈေးနဲ့ စဖွင့်တယ်"ဟု တိုက်ကြီးမြို့နယ် ရေအိုးစင်ကွင်းမှ လယ်သမားကြီး ဦးစောထွန်းဦးက ပြောသည်။

**သစ္စာ**

## မိတ္ထီလာတွင် ဆူးပုပ်ရွက် တစ်ပိဿာ ငွေကျပ် ၂၀၀၀ဖြင့် ခူးဆွတ်ရောင်းချနိုင်၍ စိုက်ပျိုးသူများ အဆင်ပြေ

မိတ္ထီလာ မေ ၃

မိတ္ထီလာမြို့တွင် ဒေသအတွင်းရှိ ဟင်းသီးဟင်းရွက်ဈေးကွက်သို့ ဆူးပုပ်ရွက် တစ်ပိဿာကို ငွေကျပ် ၂၀၀၀ နှုန်းဖြင့် တိုက်ရိုက်ခူးဆွတ်ရောင်းချနိုင်၍ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရ လုပ်ငန်းအဖြစ် ဆူးပုပ်စိုက်ပျိုးသူ ရောင်းချသူများ အဆင်ပြေလျက်ရှိသည်။

"ဆူးပုပ်ရွက် စပေါ်တဲ့အချိန်ကဆို တစ်ပိဿာကို ငွေကျပ် ၃၀၀၀ နှုန်းအထိ ရောင်းချရတယ်။ အခုနောက်ပိုင်း တဖြည်းဖြည်း ဈေးကျတာကြောင့် တစ်ပိဿာ ငွေကျပ် ၂၀၀၀ နှုန်းနဲ့ ရောင်းချနိုင်သေးတဲ့အတွက် စိုက်ပျိုးသူတွေအနေနဲ့ အဆင်ပြေပါတယ်။ လက်ရှိ မိတ္ထီလာမြို့မှာရှိတဲ့ ဟင်းသီးဟင်းရွက်ဈေးကွက်အတွင်းမှာပဲ အပတ်စဉ်ခူးဆွတ်ရောင်းချနိုင်ပြီး မိသားစုဝင်ငွေရတဲ့ အလုပ်ဖြစ်တဲ့အတွက် ဆူးပုပ်ပင်ကို စိုက်ပျိုးသင့်ပါတယ်"ဟု ဆူးပုပ်ပင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချနေသူ ကိုနိုင်လင်းက ပြောသည်။

ဆူးပုပ်ပင်မှာ စိုက်ပျိုးခူးဆွတ်ရောင်းချနိုင်သည့် အရွယ်တွင် တစ်နှစ်ကာလ၌ ဆယ်လမျှကြာအောင် ခူးဆွတ်ရောင်းချနိုင်ပြီး တစ်ပတ်တစ်ခါခူး ဆွတ်ရောင်းချနိုင်ခြင်း၊ ထို့ကြောင့် မိတ္ထီလာတွင် ဆူးပုပ်ကို တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးရောင်းချသူ များပြားလာကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တနင်္သာရီ ကမ်းမြောင်ဆီသို့

## မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာဦးရေ စာရင်းချုပ်(၁၆-၉-၂၀၁၉)အရ တနင်္သာရီတိုင်းဒေသကြီးကို ခရိုင် သုံးခရိုင်၊ မြို့နယ် ၁၀ မြို့နယ်နှင့် မြို့ ၁၈ မြို့တို့ဖြင့် ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်တွင် တည်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ခရိုင်ကို ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်းနှင့် ရေဖြူမြို့နယ်တို့ဖြင့်လည်းကောင်း၊ မြိတ်ခရိုင်ကို မြိတ်၊ ကျွန်းစု၊ ပုလောနှင့် တနင်္သာရီမြို့နယ်တို့ဖြင့်လည်းကောင်း၊ ကော့သောင်းခရိုင်ကို ကော့သောင်းနှင့် ဘုတ်ပြင်းမြို့နယ်တို့ဖြင့်လည်းကောင်း ဖွဲ့စည်းထားသည်။

တစ်ချိန်က ရေလမ်းခရီးနှင့် လေကြောင်းခရီးဖြင့်သာ သွားလာနိုင်ခဲ့သည့် တနင်္သာရီကမ်းမြောင်ဒေသသို့ ယခုအခါတွင် ကုန်းလမ်းခရီးဖြင့် ကော့သောင်းမြို့အထိ သွားလာနိုင်ကာ ရထားဖြင့် ထားဝယ်မြို့အထိ သွားလာနိုင်ကြပေသည်။



မောင်းမကန်ကမ်းခြေ ပင်လယ်အတွင်းမှ စေတီတစ်ဆူ

### ထားဝယ်ခရိုင်သို့

မွန်ပြည်နယ်မှ တနင်္သာရီတိုင်းဒေသကြီးသို့ ကားဖြင့် လာလျှင် ထားဝယ်မြို့သို့ မရောက်မီ ထားဝယ်မြို့၏ မြောက်ဘက် ၂၃ ကီလိုမီတာ၌ တည်ရှိသည့် ရေဖြူမြို့သို့ ဦးစွာ ရောက်ရှိသည်။ ရေဖြူမြို့သည် ကားလမ်းအတိုင်း ရန်ကုန်မြို့မှ ၆၀၆ ကီလိုမီတာနှင့် မော်လမြိုင်မြို့မှ ၂၉၁ ကီလိုမီတာ ကွာဝေးသည်။

ထားဝယ်မြို့၏အနောက်မြောက်ဘက် ကိုးမိုင်အကွာ ထားဝယ်မြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည့် သာဂရမြို့(ယခု မြို့ဟောင်းကျေးရွာ)မှ မြောက်ဘက် ၁၄ မိုင်အကွာရှိ တောင်တန်းတွင် ရှေးအခါက ရေဆူနေသည့် ကျောက်ရေတွင်းတစ်ခု ရှိခဲ့သည်။ ရေဆူနေသည့်တွင်းကို အကြောင်းပြု၍ ယင်းတောင်ကို ရေဆူတောင်ဟု ခေါ်ဆို ခဲ့ကာ တောင်အနီးရှိရွာကို ရေဆူရွာဟု ခေါ်ဆိုခဲ့ကြပြီး ကာလကြာမြင့်လာချိန်တွင် ရေဖြူရွာဟု အမည်တွင်ခဲ့ သည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၇၂ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ရေဖြူရွာကို မြို့အဖြစ် စတင် သတ်မှတ်ခဲ့သည်။

ထားဝယ်ခရိုင် ရေဖြူမြို့နယ်၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ မိနစ်နှင့် ၁၅ ဒီဂရီ ၁၅ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၅ မိနစ်နှင့် ၉၈ ဒီဂရီ ၃၆ မိနစ် အကြားဖြစ်ကာ အရှေ့အနောက် ၃၄ မိုင်နှင့် တောင်မြောက် ၇၃ မိုင် ရှည်လျားပြီး ၁၅၈၅ ဒသမ ၄ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြို့နယ်၏ ၅၃ ရာခိုင်နှုန်း သည် ကြိုးဝိုင်းသစ်တောဧရိယာဖြစ်သည်။

ရေဖြူမြို့နယ်ကို မြို့ နှစ်မြို့(ရေဖြူနှင့် ကလိန်အောင်)၊ ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၃၄ အုပ်စု၊ ကျေးရွာ ၁၂၉ ရွာဖြင့် ဖွဲ့စည်းထားပြီး ရေဖြူမြို့နယ်၏ အရှေ့ဘက်တွင် ထားဝယ်မြို့နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ တောင်ဘက်တွင် ထားဝယ်မြို့နယ်နှင့် လောင်းလုံးမြို့နယ်၊ မြောက်ဘက်တွင် ရေးမြို့နယ်တို့ တည်ရှိသည်။

ရေဖြူမြို့နယ်၏ အရှေ့ဘက်နှင့် မြောက်ဘက်သည် တောင်ကုန်း တောင်တန်းများဖြစ်၍ အနောက်ဘက်နှင့် တောင်ဘက်ပိုင်းသည် မြေပြန့်များဖြစ်သည်။ မြို့နယ်အတွင်း၌ ထားဝယ်မြစ်အပါအဝင် မြစ်ချောင်းများသည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေကြသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀ မြင့်သည့် ရေဖြူမြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိကာ လွန်ခဲ့သည့် သုံးနှစ်အတွင်း အနိမ့်ဆုံး အပူချိန်သည် ၉ ဒသမ ၈ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံး အပူချိန်သည် ၃၈ ဒသမ ၈ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ ပျမ်းမျှ မိုးရေချိန်သည် ၂၂၆ ဒသမ ၉၃ လက်မဖြစ်သည်။

၂၀၁၇ ခုနှစ် ဧပြီလက ထုတ်ပြန်သည့် စာရင်းများအရ ရေဖြူမြို့နယ်၏ လူဦးရေသည် ၁၁၉၄၅၈ ဦးဖြစ်ပြီး မြို့နယ်လူဦးရေ၏ ၈၄ ဒသမ ၁ ရာခိုင်နှုန်း(၁၀၀၄၇၄ ဦး) သည် ဗမာလူမျိုးများဖြစ်ပြီး ၁၁ ဒသမ ၁၁ ရာခိုင်နှုန်း (၁၃၂၈၂ ဦး)သည် မွန်လူမျိုးများဖြစ်ကာ ကရင်နှင့် အခြားလူမျိုး အနည်းငယ်လည်း နေထိုင်ကြသည်။ မြို့နယ် လူဦးရေ၏ ၉၄ ဒသမ ၉၄ ရာခိုင်နှုန်း (၁၁၃၄၂၀ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြကာ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်းရှိသည်။

ဒေသနေပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများဖြင့် အဓိက အသက်မွေးကြကာ မြို့နယ်၏ အဓိကထွက်ကုန်သည် ရော်ဘာ၊ ကွမ်းသီးနှင့် သီဟိုဠ်သရက်ဖြစ်သည်။ အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၁၁၂၃၆၆ ဧကတွင် စပါး၊ ပြောင်း၊ ရော်ဘာ၊ ဆီအုန်းနှင့် ကွမ်းပင်များကို စိုက်ပျိုးကြကာ ဒေသတွင်း ဆန်ဖူလုံမှုသည် ၆၁ ဒသမ ၆၅ ရာခိုင်နှုန်းဖြစ်သည်။ အသားထုတ်လုပ်ရန် ရေချို ရေငန် ငါးဖမ်းလုပ်ငန်းအပြင် နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်နှင့် ဘဲတို့ကိုလည်း မွေးမြူသည်။

ပညာရေးကဏ္ဍတွင် အထက်တန်းကျောင်း လေးကျောင်း၊ အထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၈ ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်း ၁၄၆ ကျောင်းတို့ ရှိသည်။ ကျန်းမာရေးကဏ္ဍတွင် ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ကျန်းမာရေးဌာနခွဲ ၂၁ ခု ဖွင့်လှစ်ထားသည်။ ရေဖြူမြို့နယ်အတွင်းရှိ စေတီပုထိုး ၅၃ ဆူအနက် ကလိန်အောင်မြို့ရှိ ဆံတော်ရှင်ဘုရားသည် အထင်ရှားဆုံးဖြစ်သည်။

### ထားဝယ်မြို့

ထားဝယ်မြို့သည် ရေဖြူမြို့မှ တောင်ဘက်သို့ ၂၃ ကီလိုမီတာသာ ကွာဝေး၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးစိုက်သည့်မြို့ ဖြစ်သည်။ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလမ်းတို့ဖြင့် သွားရောက်နိုင်သည့် ထားဝယ်မြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ မြောက်ပိုင်း၌ တည်ရှိကာ ရန်ကုန်မြို့မှ မော်တော်ကား၊ ရထား၊ လေယာဉ်၊ သင်္ဘောတို့ဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။

မြန်မာ့စွယ်စုံကျမ်းတွင် ထားဝယ်လူမျိုးများသည် တိဗက်-မြန်မာအစုမှ မြန်မာလူမျိုးအုပ်စုဝင်ဖြစ်ပြီး မြန်မာတို့နှင့် ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့တူညီကြောင်း ရေးသားထားသည်။ ထားဝယ်ဒေသသည် မြန်မာဘုရင်များလက်ထက်က ထိုင်းသို့ စစ်ချီသည့် လမ်းပေါ်တွင် ကျရောက်နေသဖြင့် ပုဂံခေတ်ကပင် မြန်မာတို့နှင့် ဆက်ဆံမှုများရှိခဲ့ကာ ထားဝယ်သားများက မြန်မာများကို ဂံသားဟု ခေါ်ဆိုခဲ့ကြသည်။

ထားဝယ်ဒေသမှ ရာဇဝင်ဆရာများ၏ အလိုအရ ထားဝယ်စား ဦးနဲလှသည် ခရစ်နှစ် ၁၇၄၈ တွင် ထားဝယ်မြို့ကို တည်ခဲ့ကြောင်း အဆိုရှိသကဲ့သို့ "ဥဩအော်သည် ထားဝယ်တည်"ဟူသည့် စာချိုးအရ မြန်မာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်တွင် တည်ခဲ့သည်ဟုလည်း ဆိုကြသည်။ ထားဝယ်မြို့ကို တည်ထောင်စဉ်က ဇရစ်၊ ခုံဝင်းဒပ်၊ ကညို၊ မြောက်ရွာ၊ အနောက်နှင့် မြို့တွင်းဟူသည့် အရပ်ခြောက်ခု ပါဝင်ခဲ့သည်။

ထားဝယ်မြို့ကို တည်စဉ်က သာယာဝပြောစေရန် ရည်ရွယ်လျက် သာယာဝတီမြို့ဟု အမည်ပေးပြီး အုတ်မြို့အဖြစ် တည်ဆောက်ခဲ့ကာ သာယာဝတီမှ ထားဝယ်သို့ မည်သည့်အချိန်တွင် အမည်ပြောင်းလဲခဲ့ခြင်းကို မသိရှိရကြောင်း ထားဝယ်ဒေသဆိုင်ရာ အချက်အလက်များတွင် ဖော်ပြထားသည်။

၁၉၇၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက ထားဝယ်မြို့ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တွင် မေတ္တာမြို့ကိုလည်းကောင်း ဖွဲ့စည်းခဲ့သည်။ ထားဝယ်မြို့နယ်၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၇ မိနစ်နှင့် ၁၄ ဒီဂရီ ၃၆ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၂၇ မိနစ်နှင့် ၉၉ ဒီဂရီ ၁၂ မိနစ် အကြားဖြစ်ကာ အရှေ့အနောက် မိုင် ၆၀ နှင့် တောင်မြောက် ၇၁ မိုင် ရှည်လျားပြီး ၂၆၃၆ ဒသမ ၁၄ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြို့နယ်အကျယ်အဝန်း၏ ၇၅ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းထားသည်။


လက်ရှိအချိန်တွင် ထားဝယ်မြို့နယ်၌ မြို့နှစ်မြို့(ထားဝယ်နှင့် မေတ္တာ)၊ ရပ်ကွက် ၁၈ ခု၊ ကျေးရွာအုပ်စု ၂၅ အုပ်စုနှင့် ကျေးရွာ ၁၀၆ ရွာ ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၂ ပေမြင့်သည့် ထားဝယ်မြို့နယ်သည် အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် လောင်းလုံးမြို့နယ်၊ တောင်ဘက်တွင် သရက်ချောင်းမြို့နယ်၊ မြောက်ဘက်တွင် ရေဖြူမြို့နယ်တို့နှင့် ထိစပ်နေသည်။

ထားဝယ်မြို့နယ်သည် တောင်ကုန်းတောင်တန်းများ ထူထပ်၍ ထားဝယ်မြစ်သည် ထားဝယ်မြို့၏ အနောက်ဘက်တွင် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေသည်။ ပူနွေးစွတ်စိုသော ရာသီဥတုရှိသည့် ထားဝယ်မြို့နယ်တွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း အနိမ့်ဆုံး အပူချိန်သည် ၁၀ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံး အပူချိန်သည် ၃၆ ဒသမ ၅ ဒီဂရီ စင်တီဂရိတ် ဖြစ်၍ ပျမ်းမျှ မိုးရေချိန် ၁၈၆ ဒသမ ၄၃ လက်မ ရွာသွန်းခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလက ထုတ်ပြန်သည့် စာရင်းများအရ ထားဝယ်မြို့နယ်၏ လူဦးရေသည် ၁၃၈၁၈၂ ဦး ဖြစ်ပြီး မြို့နယ်လူဦးရေ၏ ၈၃ ဒသမ ၄၆ ရာခိုင်နှုန်း (၁၁၅၃၂၁ ဦး)သည် ဗမာလူမျိုးများဖြစ်၍ ၁၃ ဒသမ ၇၀ ရာခိုင်နှုန်း (၁၈၉၃၇ ဦး)သည် ကရင်လူမျိုးများဖြစ်ကာ မွန်နှင့် အခြားလူမျိုး အနည်းငယ်လည်း နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၈၄ ဒသမ ၄၅ ရာခိုင်နှုန်း (၁၁၆၆၉၉ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြကာ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်း ရှိသည်။

ဒေသနေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးကြကာ မြို့နယ်၏ အဓိကထွက်ကုန်သည် ရော်ဘာ၊ ဆီအုန်း၊ ကွမ်းသီးနှင့် သီဟိုဠ်သရက်ဖြစ်သည်။ အသားတင် စိုက်ပျိုးနိုင်သည့် မြေဧရိယာ

**မြန်မာ့စွယ်စုံကျမ်းတွင် ထားဝယ်လူမျိုးများသည် တိဗက်-မြန်မာအစုမှ မြန်မာလူမျိုးအုပ်စုဝင်ဖြစ်ပြီး မြန်မာတို့နှင့် ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့ တူညီကြောင်း ရေးသားထား။**



ထားဝယ်မြို့မှ ၂၇ တောင်ရပ်တော်မူ ဘုရား

၈၉၀၆၇ ဧကတွင် စပါး၊ ငရုတ်၊ ဟင်းသီးဟင်းရွက်၊ ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ကွမ်းပင်များကို စိုက်ပျိုးကြကာ ထားဝယ်မြို့နယ်၏ ဆန်ဖူလုံမှုသည် ၃၀ ဒသမ ၆၇ ရာခိုင်နှုန်း ဖြစ်သည်။ ရေချိုရေငန် ငါးဖမ်းလုပ်ငန်းအပြင် နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်နှင့် ဘဲတို့ကို မွေးမြူသည်။

ထားဝယ်မြို့နယ်တွင် အဆင့်မြင့်ပညာကဏ္ဍ၌ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ နည်းပညာအထက်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်းတို့ကို ဖွင့်လှစ်ထားသည်။ ထို့အတူ အခြေခံပညာကဏ္ဍ၌ အထက်တန်းကျောင်း ၁၀ ကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အလယ်တန်းကျောင်း ၁၁ ကျောင်း၊ အလယ်တန်းကျောင်းခွဲ လေးကျောင်း၊ မူလတန်းလွန်နှင့် မူလတန်း ၁၁၂ ကျောင်းတို့ကို ဖွင့်လှစ်ထားသည်။ ကျန်းမာရေးကဏ္ဍတွင် ခုတင် ၂၀၀ ဆံ့ အစိုးရဆေးရုံကြီး၊ ခုတင် ၁၀၀ ဆံ့ တပ်မတော်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ မေတ္တာတိုက်နယ်ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ လေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန လေးခုနှင့် ကျန်းမာရေးဌာနခွဲ ၂၂ ခု ဖွင့်လှစ်ထားသည်။ ထားဝယ်မြို့နယ်အတွင်းရှိ စေတီပုထိုး ၃၇၆ ဆူအနက် ရှင်မုတ္ထီး၊ ရှင်ပင်ခရု၊ ရှင်ဥဩ၊ ရှင်ဓာတ်ဝဲ၊ ရွှေသာလျောင်းနှင့် ၂၇ တောင်ရပ်တော်မူဘုရားတို့သည် အထင်ရှားဆုံးဖြစ်သည်။

### လောင်းလုံးသို့

ထားဝယ်မြို့မှ အနောက်မြောက် ယွန်းယွန်းသို့ ၂၂ ကီလိုမီတာ အကွာတွင် လောင်းလုံးမြို့ တည်ရှိသည်။ နှုတ်ပြောရာဇဝင်များအရ စက္ကာပါလကျွဲမင်းနှင့် သားဖြစ်သူ ကျွဲလေသားတို့ လုံးထွေးသတ်ပုတ်ခဲ့ကြသည့် နေရာကို ထွေးလုံးဟု ခေါ်ဆိုခဲ့ရာမှ လောင်းလုံးဟု အမည်ပြောင်းလဲခဲ့သည်ဟု ဆိုသည်။

လောင်းလုံးမြို့နယ်၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၃ မိနစ်နှင့် ၁၄ ဒီဂရီ ၈ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၃ မိနစ်နှင့် ၉၈ ဒီဂရီ ၁၃ မိနစ်ကြားဖြစ်ကာ အရှေ့အနောက် ၁၂ မိုင်နှင့် တောင်မြောက် ၄၄ မိုင် ရှည်လျားပြီး ၃၆၆ ဒသမ ၉၂ စတုရန်းမိုင် ကျယ်ဝန်းသည်။ လောင်းလုံးမြို့နယ်သည် အရှေ့ဘက်တွင် ထားဝယ်မြစ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ တောင်ဘက်တွင် မြန်မာ့ပင်လယ်ပြင်နှင့် မြောက်ဘက်တွင် ရေဖြူမြို့နယ်တို့နှင့် ထိစပ်နေသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၅၀ မြင့်သည့် လောင်းလုံးမြို့နယ်ကို ရပ်ကွက် လေးခု၊ ကျေးရွာအုပ်စု ၄၁ အုပ်စုနှင့် ကျေးရွာ ၁၁၀ တို့ဖြင့် ဖွဲ့စည်းထားသည်။ လောင်းလုံးမြို့နယ်သည် တောင်ကုန်းချိုင့်ဝှမ်း ပေါများကာ လွန်ခဲ့သည့် သုံးနှစ်အတွင်း အနိမ့်ဆုံးအပူချိန်သည် ၁၀ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံး အပူချိန်သည် ၃၉ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ ပျမ်းမျှ မိုးရေချိန်သည် ၂၁၀ ဒသမ ၃၉ လက်မဖြစ်သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ လောင်းလုံးမြို့နယ်၏ လူဦးရေသည် ၁၄၇၂၃၂ ဦးဖြစ်ပြီး မြို့နယ်လူဦးရေ၏ ၉၉ ဒသမ ၈၇ ရာခိုင်နှုန်း(၁၃၇၀၄၆ ဦး)သည် ဗမာလူမျိုးများဖြစ်ကာ အခြားလူမျိုးများလည်း အနည်းငယ် နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၉၉ ရာခိုင်နှုန်း(၁၄၇၁၈၁ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာ ကိုးကွယ်သူများလည်း အနည်းငယ်ရှိသည်။

ဒေသနေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းဖြင့် အဓိက အသက်မွေးကြကာ မြို့နယ်၏ အဓိကထွက်ကုန်များသည် စပါး၊ ရော်ဘာနှင့်

*စာမျက်နှာ ၂၃ သို့*

## ထီးလင်းမြို့နယ် အောင်းကျေးရွာ၌ နွေရာသီကာလ ရေပြတ်လပ်မှုမရှိစေရန် ကြိုတင်ဆောင်ရွက်

**ထီးလင်း မေ ၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အောင်းကျေးရွာ၌ ဒေသခံကျေးလက်နေပြည်သူများ နွေရာသီ သောက်သုံးရေပြတ်လပ်မှု မဖြစ်စေရေးအတွက် လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းမှ ထောက်ပံ့ငွေဖြင့် အိမ်တိုင်ရာရောက် ကျေးလက်ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း ထီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းရုံးမှ သတင်းပြန်ကြားဆက်သွယ်ရေး တာဝန်ခံ ဦးကျော်ဇေယျထံမှ သိရသည်။

လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်း ရန်ပုံငွေဖြင့် ထီးလင်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၉၃ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စုစုပေါင်း ၁၂၀ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အောင်းကျေးရွာ၌ဆောင်ရွက်သည့် ရေရရှိရေးလုပ်ငန်းလည်း အပါအဝင်ဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းကို စီမံကိန်းထောက်ပံ့ငွေ ကျပ် ၁၁၅ သိန်းဖြင့် ကျေးရွာ စီမံကိန်းကော်မတီဝင်များ၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီး အနက်ပေ ၃၀၊ အချင်း ခုနစ်ပေရှိ ရေတွင်းတူးဖော်၍ ရေမြုပ်ပန့်ဖြင့် ရေတင်ကာ အလျား ၁၆ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၆ ပေရှိ ဂါလန် ၆၇၀၀ ဆံ့ ရေစုကန် တည်ဆောက်ပြီး အဆိုပါ ရေစုကန်မှတစ်ဆင့် ရေပိုက်လိုင်းများ အိမ်အရောက်သွယ်တန်း၍ ရေပေးဝေရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိမ်တိုင်ရာရောက် ကျေးလက်ရေပေးဝေရေးလုပ်ငန်းကို ဧပြီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပါက ထီးလင်းမြို့နယ် အောင်းကျေးရွာရှိ အိမ်ထောင်စု ၅၅ စုမှ လူဦးရေ ၂၈၀ ခန့်အနေဖြင့် နှစ်စဉ် ကြုံတွေ့နေရသည့် သောက်သုံးရေရှားပါးမှု အခက်အခဲမှ ကင်းဝေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



တည်ဆောက်ပြီးစီးနေသည့် ဂါလန် ၆၇၀၀ ဆံ့ ရေစုကန်

## မြိတ်မြို့ ကမ်းနားလမ်းပလက်ဖောင်းကို ကျပ်သန်း ၂၀၀ ကျော်သုံး၍ အဆင့်မြှင့်တင်နေ

**မြိတ် မေ ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြည်သူများ နေ့စဉ် လမ်းလျှောက်ရင်း အပန်းဖြေ အနားယူလျက်ရှိသည့် ကမ်းနားလမ်းပလက်ဖောင်းကို တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေ ကျပ်သန်း ၂၀၀ ကျော်ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။



ပလက်ဖောင်းတစ်လျှောက် အမာခံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်

"မြိတ်မြို့က ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တဲ့အတွက် ကမ်းနားလမ်းကို မြို့သူမြို့သားများက အပန်းဖြေနေရာတစ်ခုအဖြစ် သတ်မှတ်ထားကြပါတယ်။ လက်ရှိမှာလည်း မြို့သူမြို့သားတွေဟာ လမ်းလျှောက်ခြင်း၊ အနားယူခြင်း၊ ပင်လယ်လေရှူခြင်းကို ကမ်းနားလမ်းမှာ အများဆုံး ပြုလုပ်တဲ့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ အဓိက ဦးစားပေးပြီး ပလက်ဖောင်းကို အဆင့်မြှင့်တင်ဖို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၂၂ သန်းနဲ့ ကမ်းနားလမ်းပလက်ဖောင်း အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပလက်ဖောင်းရဲ့အရှေ့မှာ ယခင်က ရေတမာပင်တွေ စိုက်ပျိုးထားပါတယ်။ ရေတမာပင်တွေကြားမှာ အပွင့်ပွင့်နေတဲ့ အပင်လေးတွေကို ဆက်လက်စိုက်ပျိုးသွားဖို့နဲ့ အများပြည်သူ အပန်းဖြေနိုင်အောင် သာယာလှပအောင် ဆက်ပြီးဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်ရှိပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးစိန်ဝင်းက ပြောသည်။

ပလက်ဖောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆိပ်ငယ်ရပ်ကွက် ဆိပ်ငယ်ဇေတဝံတားထိပ်မှ ကန်ကြီးရပ်ကွက် သဲကွင်းလမ်းဆုံကြားအထိ အရှည် ပေ ၃၇၀၀ ၌ အကျယ် ခုနစ်ပေ ပလက်ဖောင်းအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဧပြီလ တတိယပတ်အတွင်းမှ စတင်ဆောင်ရွက်လျက်ရှိကာ လက်ရှိအချိန်တွင် မြေတူးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ပလက်ဖောင်း အောက်ခံမြေ တည်ငြိမ်မှုရှိစေရန် သဲဖြည့် ရေလောင်း၍ လမ်းကြိတ်စက်ငယ်ဖြင့်ကြိတ်ခြင်းနှင့် သံချောင်းများထည့်၍ အမာခံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေကြောင်း သိရသည်။

ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက Natural Clay အဆင့်မြင့် ရောင်စုံကျောက်ပြားခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဇူလိုင်လကုန်တွင် လုပ်ငန်းအားလုံး ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

## ကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ကလိန်အောင် မေ ၃**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျောက်ရပ်ကျေးရွာအုပ်စု ဟိန္ဒကျေးရွာ၌ ဒေသခံပြည်သူများ ရေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း(၁/၄)မိုင်ကို ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်သည်။

လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး၍ ပြည်သူများက အိမ်တိုင်ရာရောက်စနစ်ဖြင့် ရေရယူအသုံးပြုနေသည့် အခြေအနေများကို ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်ဦးအောင်နှင့် တာဝန်ရှိသူများက မေ ၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျေးရွာကော်မတီဝင်များအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။

အဆိုပါ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ ကျပ် ၁၀ သန်းဖြင့် ဟိန္ဒကျေးရွာ တည်ဆောက်ရေးကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


**မြို့နယ်(ပြန်/ဆက်)**

(စာမျက်နှာ ၂၂ မှ)

ရေထွက်ပစ္စည်း ဖြစ်သည်။ အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၇၆၉၆၈ ဧကတွင် စပါး၊ မတ်ပဲ၊ ရော်ဘာနှင့် ဆီအုန်းပင်များ စိုက်ပျိုးကြကာ ဒေသတွင်း ဆန်ဖူလုံမှုသည် ၁၂၅ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်သည်။ ရေချိုရေငန် ငါးဖမ်းလုပ်ငန်းအပြင် နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲနှင့် မန်ဒါလီတို့ကို မွေးမြူသည်။

လောင်းလုံးမြို့နယ်တွင် အဆင့်မြင့်ပညာကဏ္ဍ၌ ထားဝယ်တက္ကသိုလ်နှင့် ထားဝယ်စိုက်ပျိုးရေးသိပ္ပံတို့ကို ဖွင့်လှစ်ထားပြီး အခြေခံပညာကဏ္ဍ၌ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ ကိုးကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်းနှင့် အလယ်တန်းကျောင်းခွဲ ကိုးကျောင်း၊ မူလတန်းလွန်နှင့် မူလတန်း ၉၁ ကျောင်း ဖွင့်လှစ်ထားသည်။ ဒေသနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ကျန်းမာရေးဌာနခွဲ ၃၂ ခု ဖွင့်လှစ်ထားသည်။

မြို့နယ်အတွင်းရှိ ဘုရားစေတီ ၁၂၇ ဆူအနက် ရှင်ဇလွန်၊ ရှင်တောက်ထိန်၊ မျှော်ရစ်နှင့် ရှင်မော်စေတီတို့သည် အထင်ရှားဆုံးဖြစ်သည်။ ထို့အတူ လောင်းလုံးမြို့နယ်ရှိ မောင်းမကန်ကမ်းခြေသည် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားနေလေ့ရှိကာ သာဂရမြို့ဟောင်းကိုလည်း လေ့လာနိုင်ကြသည်။



လောင်းလုံးမြို့နယ်မှ မောင်းမကန်ကမ်းခြေ၏ သဘာဝရှုခင်းအလှ

### သရက်ချောင်းသို့

သရက်ချောင်းမြို့သည် ထားဝယ်မြို့မှ တောင်ဘက်သို့ ၂၉ ကီလိုမီတာ ကွာဝေး၍ ထားဝယ်ရာဇဝင်များအရ သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ရက်ချောင်းအမည်ဖြင့် တည်ထောင်ခဲ့သည်ဟု ဆိုသည်။ ကာလကြာမြင့်လာချိန်တွင် ရက်ချောင်းမှ သရက်ချောင်း ဖြစ်လာခဲ့ကာ ၁၈၇၂ ဇူလိုင် ၇ ရက်တွင် သရက်ချောင်းကို မြို့အဖြစ်သတ်မှတ်၍ ယင်းနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် သရက်ချောင်းမြို့နယ်အတွင်းမှ ကျေးရွာအုပ်စုများကို ဖွဲ့စည်းခဲ့သည်။

သရက်ချောင်းမြို့နယ်၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၇ မိနစ်နှင့် ၁၄ ဒီဂရီ ၁၄ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၁၄ မိနစ်နှင့် ၉၈ ဒီဂရီ ၄၀ မိနစ်အကြားဖြစ်ကာ အရှေ့အနောက် ၂၅ မိုင်နှင့် တောင်မြောက် ၅၂ မိုင် ရှည်လျားပြီး ၈၂၉ ဒသမ ၆၂ စတုရန်းမိုင် ကျယ်ဝန်းသည်။ သရက်ချောင်းမြို့နယ်သည် အရှေ့ဘက်နှင့် မြောက်ဘက်တွင် ထားဝယ်မြို့နယ်၊ အနောက်ဘက်တွင် ထားဝယ်မြစ်၊ တောင်ဘက်တွင် ပလောက်မြို့နှင့် ထိစပ်နေသည်။

သရက်ချောင်းမြို့နယ်သည် တောင်ကုန်းတောင်စွယ်များထူထပ်၍ ထားဝယ်မြစ်သည် မြို့နယ်၏ အနောက်ဘက်တွင် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀ မြင့်ပြီး ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည့် သရက်ချောင်းမြို့နယ်တွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း အနိမ့်ဆုံးအပူချိန်သည် ၁၀ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံးအပူချိန်သည် ၃၉ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ ပျမ်းမျှ မိုးရေချိန်သည် ၂၀၁ ဒသမ ၆၄ လက်မရှိသည်။

သရက်ချောင်းမြို့နယ်ကို ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ ကျေးရွာ ၉၁ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၁၇ ခုနှစ် ဧပြီလတွင်ထုတ်ပြန်သည့် စာရင်းများအရ သရက်ချောင်းမြို့နယ်၏ လူဦးရေသည် ၁၂၁၆၃၇ ဦး ဖြစ်သည်။

လူဦးရေ၏ ၉၀ ဒသမ ၁၈ ရာခိုင်နှုန်း(၁၀၉၆၉၉ ဦး)သည် ဗမာလူမျိုးများဖြစ်ပြီး ၈ ဒသမ ၉၅ ရာခိုင်နှုန်း(၁၀၈၈၇ ဦး)သည် ကရင်လူမျိုးများဖြစ်ကြသည်။ မြို့နယ်လူဦးရေ၏ ၉၂ ဒသမ ၇၅ ရာခိုင်နှုန်း (၁၁၂၈၂၁ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်း အနည်းငယ်ရှိကာ ဟိန္ဒူဘာသာ ကိုးကွယ်သူမရှိချေ။

သရက်ချောင်းမြို့နယ်တွင် နေထိုင်ကြသော ပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးကြကာ မြို့နယ်၏ အဓိကထွက်ကုန်သည် ကွမ်းသီး၊ ရော်ဘာနှင့် သိဟိုဠ်သရက်ဖြစ်သည်။ အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၉၈၆၇၁ ဧကတွင် စပါး၊ ရော်ဘာ၊ ကွမ်းပင်၊ အုန်းပင်၊ ဆီအုန်း၊ ဒူးရင်း၊ ငှက်ပျောကောင်းပင်များကို စိုက်ပျိုးကြကာ ဒေသတွင်း ဆန်ဖူလုံမှုသည် ၉၈ ဒသမ ၂၃ ရာခိုင်နှုန်းဖြစ်သည်။ ရေချိုရေငန် ငါးဖမ်းလုပ်ငန်းအပြင် နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်နှင့် ဘဲတို့ကိုလည်း မွေးမြူကြသည်။

သရက်ချောင်းမြို့နယ်တွင် အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်းနှင့် အလယ်တန်းကျောင်းခွဲ ၁၅ ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၁၀၀ ဖွင့်လှစ်ထားသည်။

ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ၂၅ ခုတင်ဆံ့ သရက်ချောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခုနှင့် ကျန်းမာရေးဌာနခွဲ ၂၆ ခုကို ဖွင့်လှစ်ထားသည်။ မြို့နယ်အတွင်းရှိ ဘုရားစေတီ ၅၃၈ ဆူအနက် ရှင်ကိုးရှင်ထဲမှ စေတီတစ်ဆူဖြစ်သည့် ရှင်တောင့်ပုံဘုရားသည် အထင်ရှားဆုံးဖြစ်ကာ ဘုရားဖူး လာရောက်ကြသူများဖြင့် စည်ကားနေလေ့ရှိသည်။

ထားဝယ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်သည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုနှင့် အေးချမ်းသာယာမှုတို့ကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည့် ခရိုင်တစ်ခုဖြစ်ကြောင်း ကိုယ်တိုင် မြင်တွေ့ခဲ့ရပေသည်။

# ဟားခါးမြို့တွင်း ဗိုလ်ချုပ်လမ်းမတစ်လျှောက် အန္တရာယ်ရှိကွေ့များ ပြုပြင်ခြင်းနှင့် မြေထိန်းနံရံဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဟားခါး မေ ၃**

ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးရွှေထီးအိုး၏ ညွှန်ကြားမှုအရ ဟားခါးမြို့အတွင်း၌ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့တွင်းလမ်းများကို တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဟားခါးမြို့ ဗိုလ်ချုပ်လမ်းနှင့် ဂေါက်ကွင်းလမ်းဆုံအနီးရှိ အန္တရာယ်ရှိသော လမ်းကွေ့နေရာများကို ပြုပြင်ခြင်း၊ ရေမြောင်းတူးဖော်ခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို ခရိုင် လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

"ချင်းပြည်နယ်အစိုးရရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၈၈ သန်းနဲ့ ဟားခါးမြို့အတွင်း ဗိုလ်ချုပ်လမ်းနဲ့ ဂေါက်ကွင်းလမ်းဆုံအနီး အန္တရာယ်ရှိကွေ့ရဲ့ အထက်ဘက်မှာ မြေထိန်းနံရံ ဆောက်လုပ်ခြင်းနဲ့ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းတွေကတော့ ရာနှုန်းပြည့် ပြီးသွားပါပြီ၊ အောက်ဘက်မှာ ဂေါက်ကွင်းလမ်းဘက်သွားတဲ့ လမ်းပေါ်ကို မြေပြိုမကျရအောင် အလျား ၁၉၇ မီတာရှိတဲ့ မြေထိန်းနံရံဆောက်လုပ်တာကတော့ ၉၀ ရာခိုင်နှုန်း ပြီးသွားပါပြီ"ဟု တည်ဆောက်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် ခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညာဏ်ဖြိုးလင်းက ပြောကြားသည်။

ဟားခါးမြို့၌ ပြည်သူများ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် အဆိုပါလုပ်ငန်းများအပြင် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်တွင် လူကူးမျဉ်းကျားများ တိုးချဲ့ရေးဆွဲခြင်း၊ အရှိန်ထိန်းခုံများ တည်ဆောက်ခြင်းနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို ဒေသခံပြည်သူများ လိုက်နာရေးအတွက် အသိပညာပေးဆိုင်းဘုတ်များ တိုးချဲ့တပ်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ်အတွင်း၌ ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ဖြစ်ပွားမှုတို့ကို ယခုလက်ရှိထက် ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေး ရည်မှန်းချက်ထားလျက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ ဦးစီးမှူး ဦးစောမြင့်လွင်ထံမှ သိရပြီး ဟားခါးမြို့ပေါ်မှ ယာဉ်အန္တရာယ်ရှိနိုင်သောနေရာများကို ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးကြည့်ရှု၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**



လမ်းပေါ်သို့ မြေပြိုကျမှု မဖြစ်ပွားစေရန် မြေထိန်းနံရံ တည်ဆောက်နေစဉ်

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးသက်လေပြင်းကျ ကျေးရွာအချို့တွင် နေအိမ်အချို့ပျက်စီး

**ကျောက်ပန်းတောင်း မေ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မေ ၂ ရက် ည ၇ နာရီခွဲခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုနှင့် သစ်ပင်ပြိုလဲမှုများကြောင့် တည်ပင်တဲကျေးရွာအုပ်စုအတွင်းရှိ ဇီးဖြူကုန်းကျေးရွာ၊ ဒါန့်ကျင်းကျေးရွာနှင့် ပြည်သာယာကျေးရွာတို့တွင် လူနေအိမ်နှင့် နွားတင်းကုပ်၊ မီးဖိုချောင်အချို့ ပျက်စီးမှုဖြစ်ပွားသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ဇီးဖြူကုန်းကျေးရွာ၌ နေအိမ် လေးလုံး ပျက်စီးခဲ့သလို မန်ကျည်းပင် ပြိုလဲမှုကြောင့် နေအိမ်တစ်လုံး ပျက်စီးခဲ့ကြောင်း၊ နွားတင်းကုပ် တစ်ခုနှင့် မီးဖိုချောင် တစ်ဆောင်လည်း အမိုးလန်ပျက်စီးခဲ့၍ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၅၈ သိန်းနီးပါး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့အပြင် ဒါန့်ကျင်းကျေးရွာ၌လည်း အိမ်တစ်လုံး(ခန့်မှန်းတန်ဖိုး ကျပ် ၁၀ သိန်းခန့်)နှင့် ပြည်သာယာကျေးရွာတွင် ကျေးရွာအများသုံးရေကန်၏အမိုး(ခန့်မှန်းတန်ဖိုး ကျပ်နှစ်သိန်းခန့်) ပျက်စီးဆုံးရှုံးခဲ့သည်။

မိုးသက်လေပြင်း ကျရောက်မှုကြောင့် ပျက်စီးခဲ့သည့် ကျေးရွာများရှိ လူနေအိမ်များကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့် သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# သနပ်ပင်မြို့နယ်အတွင်း၌ ကျေးလက်နေပြည်သူများ ရေအခက်အခဲမဖြစ်စေရန် ပူးပေါင်းဆောင်ရွက်နေ

**သနပ်ပင် မေ ၃**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ နွေရာသီကာလအတွင်း သောက်သုံးရေအခက်အခဲ မရှိစေရန်အတွက် အခြား ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာများ၌ ပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ စတင်၍ ကျေးလက် သောက်သုံးရေရရှိရေးအဖြစ် စက်ရေတွင်းတူးဖော်ခြင်း၊ ရေကန်တူးဖော်ခြင်းနှင့် အခြား ရေပေးရေးလုပ်ငန်းများ စုစုပေါင်း ၁၄၈ ခုကို နှစ်အလိုက် ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း နွေရာသီတွင် သောက်သုံးရေအခက်အခဲဖြစ်သော ကျေးရွာများ ကျန်ရှိနေသေးသဖြင့် စီမံချက်များရေးဆွဲ၍ ဆက်လက် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း သောက်သုံးရေလိုအပ်သော ရွာများသို့ ရေများ သွားရောက်ဖြန့်ဝေပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိရာ ဧပြီလနှင့် မေလအတွင်း ကျွဲတဲ၊ ဆယ်ဧက၊ သနတ်တန်း၊ ဉာဏ်ကျွန်း၊ ကသစ်ခုံနှင့် ကံကြီးဝိုင်း ကျေးရွာများသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့်လည်းကောင်း၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးအန္တရာယ်များ ကူညီကယ်ဆယ်စောင့်ရှောက်ရေးကွန်ရက်နှင့် ချိတ်ဆက်၍လည်းကောင်း ရေများဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ပြီးခဲ့သည့်နှစ် မိုးရာသီက မိုးနှောင်းကာလ မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် ယခုနှစ် နွေရာသီကာလ အပူချိန်မြင့်ခြင်းကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၃၁ ရွာ၌ သောက်သုံးရေကန်အချို့ ရေခန်းခြောက်လျက်ရှိကြောင်း ကျေးရွာများမှ တင်ပြလာမှုအရ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်များ ပါဝင်သော မြို့နယ်အဆင့် သောက်သုံးရေရရှိမှု အကောင်အထည်ဖော်ရေး ကော်မတီက ၎င်းကျေးရွာများတွင် သောက်သုံးရေအဆင်ပြေစေရန် အလှူရှင်များဖိတ်ခေါ်၍ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ရေကန်များ ပြန်လည်ပြုပြင်ပေးလျက်ရှိရာ ယခုအခါ ၁၉ ရွာ၌ ရေကန်များ ပြုပြင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မန္တလေးမြို့ရှိ မသန်စွမ်း သက်ငယ်စောင့်ရှောက်မှုစင်တာက အိမ်အရောက် စောင့်ရှောက်မှုများ လုပ်ဆောင်မည်

**မန္တလေး မေ ၃**

ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းများပိတ်ထားချိန်တွင် မန္တလေးမြို့ရှိ New Hope Association မသန်စွမ်း သက်ငယ်စောင့်ရှောက်မှု စင်တာမှ ကလေးများအား ခန္ဓာကိုယ်၊ စိတ်နှင့် လိုအပ်သည့် စောင့်ရှောက်မှုများကို မေလအတွင်း သုံးကြိမ်တိတိ အိမ်တိုင်ရာရောက်သွား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါစင်တာမှ ဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်က ပြောသည်။

"ဒီကာလမှာ ရောဂါကာကွယ်ရေးအတွက် ကျောင်းတွေပိတ်ထားတော့ အထူးစောင့်ရှောက်မှုလိုအပ်တဲ့ အော်တစ်ဇင် အပါအဝင် မသန်စွမ်း သက်ငယ်တွေအတွက် စောင့်ရှောက်မှုပေးနေတဲ့ ကျောင်းကိုလည်း ပိတ်ထားရတယ်။ အဲဒါကြောင့် စောင့်ရှောက်မှုကင်းကွာနေတဲ့ ဒီအချိန်မှာ အိမ်တိုင်ရာရောက် သွားရောက်စောင့်ရှောက်ပေးဖို့အတွက် အစည်းအဝေးခေါ်ပြီး ဒီအစီအစဉ်ကို စတင်သွားမှာဖြစ်ပါတယ်၊ ကိုဗစ်-၁၉ ကာလဖြစ်လို့ အိမ်တွေကိုသွားမယ့် ဆရာမတွေလည်း အကာအကွယ်နဲ့ သွားကြရမှာပါ၊ မေလ ၇ ရက်ကစပြီး ၁၄ ရက်နဲ့ ၂၈ ရက်နေ့တွေမှာ ဆောင်ရွက်မှာပါ၊ ဆောင်ရွက်ပြီးသမျှကို နောက်ရက်တွေမှာ ပြန်ဆွေးနွေးမယ်၊ လိုအပ်တာတွေ ဆက်ပြီး ပြန်လုပ်ပေးမယ်၊ အချို့ကလေးတွေက အိမ်မှာ မိဘစကားကို သိပ်နားမဝင်တာလေးတွေလည်း ရှိကြတယ်၊ အဲဒီတော့ ဆရာမကို ဖုန်းဆက်တယ်၊ သူတို့ဆရာမ အသံကြားမှ ကလေးက အဆင်ပြေတာမျိုးတွေရှိတယ်၊ အခုက အွန်လိုင်းကပဲ လုပ်နေရသလို ဖြစ်နေတာပေါ့။ ဒီကလေးတွေက အထူးစောင့်ရှောက်ရတာဖြစ်တယ်၊ ဒါကြောင့် သူတို့အိမ်ကိုသွားပြီး ခန္ဓာကိုယ် ကျန်းမာရေး၊ စိတ်ကျန်းမာရေးနဲ့ လိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေကို စင်တာက ဆရာမငါးဦးက လုပ်ပေးမှာပါ"ဟု ဥက္ကဋ္ဌက ဆက်ပြောသည်။

မန္တလေးမြို့ရှိ အဆိုပါ New Hope Association (မန္တလေး) မသန်စွမ်း သက်ငယ်စောင့်ရှောက်မှု စင်တာ၌ အထွေထွေဖွံ့ဖြိုးမှု နောက်ကျသော အထူးစောင့်ရှောက်ရန်လိုအပ်သည့် မသန်စွမ်းကလေးနှင့် လူငယ် ၂၀ အား ပြုစုစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။ **ဝေဖြိုးအောင်**

# ခမောက်ကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံကူကွန်ကရစ်တံတားသစ် တည်ဆောက်

**ခမောက်ကြီး မေ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့မှ နယ်စပ်ဒေသ ကျေးရွာများသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် သံကူကွန်ကရစ်တံတားသစ်တစ်စင်းကို အမှတ်(၄) ရပ်ကွက် ဖောင်ဆိပ်၌ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ရေးလုပ်ငန်းကို ယခုနှစ် ဇန်နဝါရီလလယ်ခန့်က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး တံတားသည် အရှည် ပေ ၃၅၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ ရှိ၍ ရေလမ်းကင်းလွတ်အကျယ် ပေ ၆၀၊ ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန်ဖြစ်ကြောင်း၊ တံတားကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ကျေးလက်လမ်းဦးစီးဌာန၏ ရန်ပုံငွေဖြင့် တည်ဆောက်ပြီး တံတားစီမံကိန်း ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၃၆၅ သန်းဖြစ်ကာ ချဉ်းကပ်လမ်းအတွက် ကျပ်သန်း ၅၀ ဖြစ်ကြောင်း တံတားကို တာဝန်ယူတည်ဆောက်နေသည့် တည်ဆောက်ရေးအဖွဲ့(၄)မှ ဦးစီးအရာရှိ(မြို့ပြ) ဦးမျိုးညီညီဦးထံမှ သိရသည်။

အဆိုပါ ဖောင်ဆိပ်တံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သန်း ၁၃၅၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ထိုစဉ်က တံတားကြီး တည်ဆောက်ပြီးစီးခဲ့သော်လည်း တံတား၏ ၁၀ ခွင်မြောက် အောက်ခံတံတားတိုင် ကျွံကျသွားခဲ့သဖြင့် လူများ ဖြတ်သန်းအသုံးပြု၍ မရခဲ့သောကြောင့် ယခုအခါ အဆိုပါ တံတားဟောင်းကိုဖျက်၍ ထိုနေရာ၌ တံတားသစ် ပြန်လည်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယခု တံတားသစ်တည်ဆောက်မှုတွင် လက်ရှိအချိန်အထိ တံတားတစ်စင်းလုံး၏ ၄၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **နန့်လေးလေး(ပြန်/ဆက်)**





(၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနမှ သန္နွေမီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ မေ ၃ ရက်က သွေးလှူဒါန်းစဉ်။ မင်းမင်းလတ်(ရှုပဗေဒ)

# အပင်ဗီဇမျိုးကွဲများ စဉ်ဆက်မပြတ်ထိန်းသိမ်းအသုံးပြုခြင်းမှသည် အပင်မျိုးအသစ်များမွေးမြူထုတ်လုပ်စိုက်ပျိုး အသုံးချခြင်းသို့ ...

ဒေါက်တာပပဝင်း(သုတေသနအရာရှိ - စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

**ဇီဝမျိုးစုံမျိုးကွဲများ (အပင်ဗီဇမျိုးကွဲများ) နှင့် ၎င်းတို့ကို ထိန်းသိမ်းအသုံးပြုခြင်းဇီဝမျိုးစုံမျိုးကွဲများ(Biodiversity)**

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ သက်ရှိများနှင့် ၎င်းတို့ နေထိုင်သည့် ပတ်ဝန်းကျင်တို့အကြား အပြန်အလှန် သက်ရောက်မှုကြောင့် အမျိုးမျိုးကွဲပြားဖြစ်ပေါ်တည်ရှိနေသည့် သတ္တဝါအမျိုးမျိုး၊ အပင်အမျိုးမျိုးတို့ ဖြစ်ပါသည်။ ၎င်းတို့အနက် အပင်ဗီဇမျိုးကွဲများသည် လူနှင့်တိရစ္ဆာန်များ စားဝတ်နေရေးအတွက် လိုအပ်သည့် အစားအစာ၊ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်း၊ ဓာတုဓာတ်ပေါင်းနှင့် စွမ်းအင်များ ထုတ်ယူသုံးစွဲနိုင်သောကြောင့် သတ္တဝါအားလုံးအတွက် မရှိမဖြစ်လိုအပ်ရုံမျှမက စားနပ်ရိက္ခာဖူလုံရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုတို့အတွက် အဓိကကျသည့် ဗီဇအရင်းအမြစ်များလည်း ဖြစ်ကြပါသည်။ အပင်ဗီဇမျိုးကွဲများမှာ အပင်မျိုးရိုင်းအမျိုးမျိုး၊ မိရိုးဖလာ စိုက်ပျိုးသီးနှံမျိုးကွဲများ၊ ခေတ်မီမျိုးအသစ်များ၊ သားဆက် မျိုးလိုင်းများ၊ မျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများနှင့် ဒီအင်န်အေများဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အပင်မျိုးစိတ်အရေအတွက် ၂၄၀၀၀၀ ခန့် ရှိသည့်အနက် ၅၀၀၀ ခန့်ကို ခွဲခြမ်းစိတ်ဖြာလေ့လာပြီးဖြစ်သည်။ (Source: Fan et al. 2006) အပင်ဗီဇအရင်းအမြစ်များသည် အစားရေစာလုံလောက်နေရေးအတွက် အဓိကအခန်းကဏ္ဍတွင်ပါဝင်လျက်ရှိခြင်းကြောင့် ၎င်းတို့ကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းအသုံးပြုနိုင်ရန် လိုအပ်သကဲ့သို့ ကမ္ဘာပေါ်ရှိ လူသားတိုင်း အကျိုးတူမျှဝေသုံးစွဲခွင့် ရရှိနိုင်ရန်လည်း အလွန်အရေးကြီးလှသည်။



“လက်ရှိ ရှိရင်းစွဲ မျိုးဟောင်းများထက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း အပင်မျိုးသစ်များကို စိုက်ပျိုးသူများ အသုံးပြုလာနိုင်ပါက အထွက်နှင့် အရည်အသွေး သာလွန်သောကြောင့် ထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူ၊ စားသုံးသူများအားလုံးအတွက်ပါ အကျိုးကျေးဇူးရရှိနိုင်”

CBD & ABS

ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း (Convention on Biological Diversity–CBD) ကို ၅–၆–၁၉၉၂ ရက်က ရီယိုဒီဂျနေးရိုး၌ ကျင်းပသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးတိုးတက်မှုကွန်ဖရင့်တွင် အစိုးရများက လက်မှတ်ရေးထိုးခဲ့ရာ ၂၉–၁၂–၁၉၉၃ ရက်တွင် စတင်အသက်ဝင်ခဲ့ပါသည်။ CBD ၏ ရည်ရွယ်ချက်များမှာ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ်အသုံးပြုရန်နှင့် အကျိုးတူမျှဝေခံစားရန်တို့ ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် CBD အဖွဲ့ဝင်ပေါင်း ၁၉၃ ရှိပါသည်။ မြန်မာနိုင်ငံသည် ၂၅–၁၁–၁၉၉၄ ရက်က သဘောတူလက်မှတ်ထိုးခဲ့ပြီး ၂၃–၂–၁၉၉၅ ရက်တွင် အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ထို့ကြောင့် စာချုပ်ပါ အပိုဒ် ၂၆ အရ နိုင်ငံ၏ အမွေအနှစ်များနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို အကျိုးရှိရှိ ထိန်းသိမ်း အသုံးချနိုင်ခြင်း ရှိ/မရှိ မှတ်တမ်းများပုံမှန်ပေးပို့ရသကဲ့သို့ ကွန်ဗင်းရှင်းမှ ချမှတ်ထားသည့် ကတိကဝတ်များကိုလည်း လိုက်နာကြရမည်ဖြစ်သည်။

ဗီဇအရင်းအမြစ်များကို ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့စွာ သုံးစွဲနိုင်ရေးအတွက် ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးတူမျှဝေခံစားခြင်း ( Access to Benefit Sharing–ABS) သည် ဇီဝမျိုးစုံမျိုးကွဲများကွန်ဗင်းရှင်း(CBD) နှင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သဘောတူ မူဘောင်တို့တွင် အရေးကြီးသည့် အခန်း၌ ပါဝင်လျက်ရှိပါသည်။ ယခုအခါတွင် ABS နှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ဒေသတွင်းတို့၌ အမျိုးသားရေးမူဝါဒများချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း အသုံးပြုခြင်းများ တူညီစွာဆောင်ရွက်နိုင်ရန် အလို့ငှာ Nagoya Protocol တစ်ရပ် ပေါ်ပေါက်ခဲ့ပြီလည်း ဖြစ်သည်။

အပင်ဗီဇများကိုထိန်းသိမ်းနည်း နှစ်နည်းမှာ In situ conservation နှင့် Ex situ conservation တို့ဖြစ်ကြပါတယ်။ In situ conservation ဆိုသည်မှာ အပင်ဗီဇအရင်းအမြစ်များကို ၎င်းတို့တွေ့ရှိရာဒေသတွင် သဘာဝအတိုင်း ထိန်းသိမ်းခြင်းဖြစ်ပြီး Ex situ conservation ဆိုသည်မှာ အပင်ဗီဇမျိုးကွဲများကို ၎င်းတို့ပေါက်ရောက်ရာဒေသမဟုတ်သည့်နေရာများ၌ အထူးကြပ်မတ်၍ ထိန်းသိမ်းခြင်း (ဥပမာ–မျိုးစေ့များကို အအေးခန်း ၅ ဒီဂရီစင်တီဂရိတ်၊ မျိုးရိုးဗီဇအပိုင်းအစများကို အထူးအအေးခန်း၊ သီးသန့် စိုက်ခင်းနှင့် ရုက္ခဗေဒဥယျာဉ်တို့တွင် ထိန်းသိမ်းခြင်း)ဖြစ်ပါသည်။ အာဖရိကနိုင်ငံအချို့မှလွဲ၍ နိုင်ငံအတော် များများတွင် အပင်ဗီဇအရင်းအမြစ်များကို ဗီဇဘဏ်ဖြင့် ထိန်းသိမ်းလျက်ရှိရာ ယခုအချိန်ထိ ဗီဇဘဏ်ပေါင်း ၁၇၅၀ကျော်ခန့်ရှိပါသည်။ ၎င်းတို့ အနက် ဗီဇဘဏ်ပေါင်း ၁၃၀ တွင် အနည်းဆုံး မျိုးဗီဇကွဲ ၁၀၀၀၀ ကျော်စီလောက် ထိန်းသိမ်းထားရှိပြီးဖြစ်သည်။

မြန်မာနိုင်ငံ၌လည်း အပင်ဗီဇမျိုးကွဲများကို ဗီဇ/မျိုးစေ့ဘဏ်(gene /seed bank) ဖြင့် ထိန်းသိမ်းနိုင်ရန် ၁၉၉၀ ပြည့်နှစ်မှစ၍ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် စတင်ခဲ့ရာ ယခုအခါ အပင်ဗီဇမျိုးကွဲပေါင်း ၁၂၈၃၈ မျိုး( စပါး ၇၈၇၆၊ စပါးရိုင်း ၁၈၀၊ ပဲ ၁၅၇၈၊ နှံစား ၂၂၃၄၊ ဆီထွက်သီးနှံ ၈၀၂၊ ဟင်းသီးဟင်းရွက်နှင့်အခြားသီးနှံ ၁၆၆)တို့ကို နှစ်တို၊ နှစ်လတ် အအေးခန်းများဖြင့် ထိန်းသိမ်းထားပါသည်။ မြန်မာနိုင်ငံဗီဇဘဏ်မှ အပင်ဗီဇမျိုးကွဲပေါင်း၂၀၈၈၆ မျိုးကို ဧရိယာ နယ်ပယ်အသီးသီးသို့ အကျိုးတူမျှဝေ ခံစားခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီလွှဲပြောင်းပေးအပ်ခြင်း သဘောတူညီမှုစာချုပ်အရ Standard Material Transfer Agreement (SMTA) မျှဝေသုံးစွဲနိုင်ခဲ့ပါသည်။ (Source: DAR နှစ်ချုပ် ၂၀၁၈)

ကမ္ဘာပေါ်တွင် အပင်မျိုးရိုင်း၊ မျိုးစိတ်ပေါင်း များစွာရှိသည့်အနက် ၇၀၀၀ခန့်သည် စားနပ်ရိက္ခာဖူလုံလာရေးအတွက် စုဆောင်းဖော်ထုတ်အသုံးပြုရန် လိုအပ်လျက်ရှိသည်။ (Eigenbrode 1996) ယခုအချိန်ထိ ကမ္ဘာ့ဗီဇဘဏ်တွင် မျိုးစိတ်ပေါင်း ၅၇၀၃ မျိုး၊ မျိုးကွဲပေါင်း ၈၈၀၈၃၇ ခန့် ထိန်းသိမ်းထားရှိပါသည်။ မြန်မာနိုင်ငံမျိုးစေ့ဘဏ်၏ ထိန်းနိုင်သည့် ပမာဏမှာ နှစ်တို ၁၀ ဒီဂရီ စင်တီဂရိတ်ဖြင့် သက်တမ်း ၃–၅ နှစ်အထိ ၂၁၆၀၀ နှင့် နှစ်လတ် အနုတ် ၅ ဒီဂရီစင်တီဂရိတ်ဖြင့် သက်တမ်း ၂၀–၂၅ နှစ်အထိ ၂၀၈၃၈ တို့ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း စုဆောင်းထိန်းသိမ်းရန် ကျန်ရှိနေသည့် အပင်ဗီဇမျိုးကွဲများကို ဆက်လက်စုဆောင်းသွားရန်နှင့် sub-gene bank များ ဆောက်လုပ်၍ ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်အတွက်လိုအပ်သည့် အစီအမံများချမှတ်ဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံသည် ရေမြေသဘာဝအနေအထားအရ အပင်ဗီဇမျိုးစုံ မျိုးကွဲများစွာ ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ အကျိုးရှိစွာထိန်းသိမ်းအသုံးချသွားနိုင်သော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်မှာလည်း အင်မတန်အရေးပါလှသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတော်တော်များများမှာ အပင်ဗီဇအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းရေး မဟာဗျူဟာနှင့် အစီအမံများမှာ အားနည်းလျက်ရှိနေပါသေးသည်။ ဗီဇဘဏ်သည် အပင်ဗီဇအရင်းအမြစ်များ ရှေ့လျားခြင်းကို ထိန်းသိမ်းကြပ်မတ်ရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ အချို့နိုင်ငံများတွင် အပင်ဗီဇမျိုးကွဲများ ထိန်းသိမ်းအသုံးပြုမည့် ဧရိယာ နယ်ပယ်နှင့် သက်ဆိုင်သော ဥပဒေမူဘောင်များကို တိကျစွာချမှတ်ထားရှိ သော်လည်း အချို့တွင်မူ ရှိသင့်သည့် ဥပဒေမူဝါဒများ အပြည့်အဝမရှိသေးပါ။ ဇီဝမျိုးကွဲများကို လက်ခံရယူခြင်းနှင့် အကျိုးတူ မျှဝေသုံးစွဲရေးဥပဒေမူဘောင်ကို နိုင်ငံတကာတွင် တူညီစွာသတ်မှတ် ပြဋ္ဌာန်းနိုင်ရန် CBD အောက်တွင် Nagoya Protocol ကို ၂၉–၁၀–၂၀၁၀ ရက်တွင် ပြုစုခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင် အပင်ဗီဇမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် အကျိုးတူ မျှဝေသုံးစွဲနိုင်ရေးဆိုင်ရာ regulatory framework ပြဋ္ဌာန်းနိုင်ရန် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ အဆိုပါ regulatory framework ပေါ်ပေါက်လာပါက ဇီဝမျိုးစုံမျိုးကွဲများသာမက မိရိုးဖလာ နည်းပညာများကိုပါ စနစ်တကျ အစီအမံများ ချမှတ်၍ ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

ယခုအခါ အပင်ဗီဇမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် အကျိုးတူ မျှဝေသုံးစွဲနိုင်ရေးဆိုင်ရာ regulatory framework နှင့် ဆက်စပ်လျက်ရှိသည့် ဥပဒေများဖြစ်သော ပိုးမွှားရောဂါထိန်းချုပ်ရေးဥပဒေ (၁၉၉၃/၂၀၁၃)၊ မျိုးစေ့ဥပဒေ (၂၀၁၁ / ၂၀၁၅)၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေ (၂၀၁၆/၂၀၁၉)၊ ဉာဏမူပိုင်ခွင့် ဥပဒေ (၂၀၁၉)၊ တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ(၂၀၁၃) တို့ကိုပြဋ္ဌာန်းထားခြင်းနှင့် ဇီဝလုံခြုံမှု ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရန် (ပြုစုဆဲ) တို့ဖြစ်သည်။

**အပင်မျိုးသစ်များမွေးမြူထုတ်လုပ်စိုက်ပျိုးနိုင်ခြင်း၏ အရေးပါမှု**

လူဦးရေတိုးပွားလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများ ရှားပါးလာခြင်း စသည့်စိန်ခေါ်မှုများကို ကမ္ဘာ့နှင့်အဝန်း ရင်ဆိုင်နေကြရသောကြောင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို အမြဲရှာဖွေနေကြရသည်။ နည်းလမ်းများစွာရှိသည့်အနက် အပင်မျိုးမွေးမြူခြင်းနည်းလမ်းသည် အရေးပါသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဥပမာ တိုးပွားလာသည့် လူဦးရေကြောင့် အစာရေစာရှားပါးမှု အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည့်အပေါ် ဖြေရှင်းပေးနိုင်ခဲ့သော အခြေအနေတစ်ခုကို မီးမောင်းထိုးပြရလျှင် ၁၉၆၅ ဝန်းကျင်က ခေတ်စားခဲ့သည့် မြစိမ်းရောင်တော်လှန်ရေးကို ပြရပေလိမ့်မည်။

**မြစိမ်းရောင်တော်လှန်ရေး (Green revolution )**

စစ်ပြီးခေတ် ၁၉၆၀–၁၉၆၅ခုနှစ်ဝန်းကျင်တွင် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများရှိ ပြည်သူများ ရင်ဆိုင်နေရသည့် အငတ်ဘေးမှ ကယ်တင်ရန် သမားရိုးကျ မိရိုးဖလာမျိုးနှင့် စိုက်နည်းစနစ်များအစား အထွက်ကောင်း မျိုးသစ်များအသုံးပြုခြင်း၊ ဓာတ်မြေဩဇာသုံးစွဲခြင်း၊ ရေသွင်းစိုက်ခြင်း စတဲ့ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် စိုက်ပျိုးထုတ်လုပ် အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ မြစိမ်းရောင်တော်လှန်ရေး၏ ဖခင်မှာ အမေရိကန်နိုင်ငံသား အပင်မျိုးမွေးမြူရေးပညာရှင်နှင့် အပင်ရောဂါပညာရှင် Mr. Norman Borlaug ဖြစ်ပြီး ၁၉၄၄ ခုနှစ်မှစတင်၍ Rockefeller Foundation အထောက်အပံ့ဖြင့် အထူးအထွက်တိုးမျိုးသစ်များကို မွေးမြူထုတ်လုပ်ခဲ့သောကြောင့် ၁၉၇၀ ပြည့်နှစ်တွင် နိုဘယ်ဆုကို ရရှိခဲ့ပါသည်။

**အပင်မျိုးသစ်များသုံးစွဲရခြင်း၏အကျိုးကျေးဇူးများ**

အပင်မျိုးအသစ်များကို စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုလျှင် ၎င်းနှင့် ပတ်သက်ဆက်နွှယ်နေသည့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအတွက် များစွာသောအကျိုးတရားများ ရရှိခံစားရမည်ဖြစ်ပါသည်။ ဥပမာ– လက်ရှိ ရှိရင်းစွဲ မျိုးဟောင်းများထက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း အပင်မျိုးသစ်များကို စိုက်ပျိုးသူများ အသုံးပြုလာနိုင်ပါက အထွက်နှင့် အရည်အသွေး သာလွန်သောကြောင့် ထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူ၊ စားသုံးသူများ အားလုံးအတွက်ပါ အကျိုးကျေးဇူး ရရှိနိုင်ပါသည်။ အာဟာရဓာတ်ကြွယ်ဝသည့် အပင်မျိုးသစ်များ များစွာ ထုတ်လုပ် အသုံးပြုနိုင်ပါက ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများရရှိနိုင်ခြင်း၊ ပိုးမွှားရောဂါခံနိုင်ရည်ရှိသည့် အပင်မျိုးသစ်များ များစွာထုတ်လုပ်အသုံးပြုနိုင်ပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်သည့် အကျိုးတရားများရရှိခြင်း၊ အလှစိုက် အပင်မျိုးသစ်များ များစွာ ထုတ်လုပ်အသုံးပြုနိုင်ပါက လူမှုပတ်ဝန်းကျင် စိတ်အပန်းပြေစေနိုင်သည့် အကျိုးတရားများကို ရရှိနိုင်ခြင်းတို့ ဖြစ်ပါသည်။

သို့သော် အပင်မျိုးသစ်များကို လွယ်ကူစွာ မရရှိနိုင်ပါ။ အပင်မျိုးမွေးမြူသူအနေဖြင့် အချိန်၊ ငွေ၊ ဉာဏတို့ကိုရင်းပြီး အပင်မျိုးမွေးမြူသည့် နည်းလမ်းတစ်ခုခုကို အသုံးပြု၍

*စာမျက်နှာ ၂၆ သို့*

# Coronavirus Disease-2019(COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease-2019 (COVID-19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှု ကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံ ကန့်သတ်ခြင်း၊ မြို့/ရွာများ လူဝင်/ လူထွက် စိစစ်ခြင်း၊ ခရီးသည် ပို့ဆောင်ရေးယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့်အရေးပေါ် အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး Online နှင့် အိမ်တွင်းကျူးလွန်မှုများ အဖြစ်သို့ ပြောင်းလဲသွားခြင်း။

(ခ) ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်းတို့ကြောင့် ပြည်သူများ လိုအပ်သည့် အစားအသောက်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများကို တုပမှုများလာခြင်းနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း။

(ဂ) Home Stay ကြောင့် Online Games များ ပိုမိုအသုံးပြုလာကြရာ Cyber ဒုစရိုက်သမားများက Game နည်းလမ်းသစ်များ တီထွင်ထုတ်လွှင့်၍ ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာထိခိုက်ပျက်စီးရေး ရည်ရွယ်၍ Malware နှင့် Ransomware ကဲ့သို့သော Virus များနှင့် တိုက်ခိုက်လာခြင်း။

(ဃ) ဆေးရုံများ၏အင်တာနက်နှင့် ချိတ်ဆက်မှုစနစ်များ၊ အရေးပေါ်လူနာ ခွဲစိတ်မှုများ၊ COVID-19 ကူးစက်ရောဂါကုသမှုနှင့် လူနာစောင့်ကြည့်သည့်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်း။

(င) ဒုစရိုက်သမားများသည် COVID-19 နှင့် ဆက်စပ်သော Stock ရင်းနှီးမြှုပ်နှံမှုများတွင် ရောဂါဖြစ်နေသူများ၏ အရင်းအနှီးများကို နည်းမျိုးစုံဖြင့် လိမ်လည်/ ခြိမ်းခြောက် ငွေကြေးရယူခြင်း။

(စ) လိမ်လည်သူများသည် ဆေးဝါးပစ္စည်းများရောင်းချရန်နှင့် ဖြန့်ဝေရာ website, e-commerce platforms, social medias, emails များအသုံးပြုလျက်ရှိရာ နာမည်ကြီး ကုမ္ပဏီများ၏အမည်ကိုအသုံးပြု၍ ငွေလွှဲပြောင်းလိမ်လည်ရယူခြင်း။

(ဆ) တယ်လီဖုန်းများအသုံးပြု၍ COVID-19 ကပ်ရောဂါဖြင့် ဆေးရုံတက်နေရသူ၊ Quarantine စခန်းဝင်နေရသူဟု လိမ်လည်ပြောဆို၍ ပြည်သူ့ကျန်းမာရေး ကိုယ်စားလှယ်များထံ ငွေသား/ I-pay တို့ဖြင့် ဆေးဝါးကုသစရိတ်များ လိမ်လည်တောင်းခံခြင်း။

(ဇ) Online များတွင် ဆရာဝန်/အထူးကုသမားတော်များဟု ဟန်ဆောင်ထုတ်လွှင့်ပြီး ဆေးဝါးအတုများ ဝယ်ယူစေခြင်း၊ စိုးရိမ်ကြောက်ရွံ့နေသူများထံမှ email နှင့် Password များတောင်းခံ၍ website များဝင်ကြည့်စေပြီး ငွေကြေးလိမ်လည် ရယူခြင်း။

(ဈ) COVID-19 ကာကွယ်ရန် masks များနှင့် PPEs ဝတ်စုံများ၊ Alocohol Gels များ ဝယ်ယူရန် အမည်ခံ၍ ငွေကြေးများလိမ်လည်ခြင်း။

(ည) Online နှင့် ပြင်ပလူမှုနယ်ပယ်တွင် စံမမီဆေးဝါးနှင့် ပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းအတုများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းများ များစွာဖြစ်ပွားနေပြီး မှုခင်းများ၏ အဓိကနယ်ပယ်တစ်ခုဖြစ်လာခြင်း။

(ဋ) တရားမဝင်ကုန်ပစ္စည်းများနှင့် စံမမီဆေးဝါး ထုတ်လုပ်ရောင်းချမှုများကြောင့် ပြည်သူများ၏ အသက်အန္တရာယ်အတွက် များစွာစိုးရိမ်ဖွယ်ဖြစ်နေခြင်း။

(ဌ) ညမထွက်ရအမိန့်နှင့် Home Stay နေထိုင်စဉ် ပူပြင်းသည့်ရာသီဥတုဖြစ်၍ နေအိမ်ပြတင်းပေါက်များ နေ့/ည ဖွင့်ထားခြင်းကြောင့် ဒုစရိုက်သမားများက အခွင့်ကောင်းယူ၍ အိမ်ကျော်နင်းမှု၊ ခိုးယူမှုများ ကျူးလွန်ခြင်း။

(ဍ) လူ(၅)ဦးနှင့်အထက်စုဝေးခြင်း၊ သွားလာမှုမပြုရခြင်းကြောင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း။

(ဎ) အခြေအမြစ်မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက်ငွေတောင်းယူမှုများကျူးလွန်ခြင်း။

(ဏ) Online Delivery ပို့ဆောင်သူများထံမှ ရောဂါကူးစက်နိုင်သည့်အပြင် မိမိနှင့် သိကျွမ်းမှုမရှိသော Delivery များက အစားအသောက်များတွင် မူးဝေမေ့လျော့စေသော ဆေးဝါးများထည့်သွင်း၍ အိမ်တွင်း ခိုးယူမှု၊ လုယက်မှုများကျူးလွန်ခြင်း။

(တ) Mask ကို လူတိုင်းတပ်ဆင်ထားရသဖြင့် ဒုစရိုက်သမားများအနေဖြင့် ပုံဖျက်ရန် အခွင့်ကောင်းရရှိပြီး ယာဉ်/ဆိုင်ကယ်တို့ဖြင့် ရုတ်တရက် အနီးကပ်လုယက်မှု ကျူးလွန်ခြင်း။

(ထ) Home Stay ကာလကြာမြင့်လာသည့်အတွက မိသားစုအတွင်း၊ အဆောင်နေသူများအချင်းချင်း အိမ်တွင်းအကြမ်းဖက်မှုခင်းများ ပိုမိုဖြစ်ပွားလာနိုင်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Cyber / Online တို့မှ လိမ်လည်နေမှုများ၊ မှုခင်းများနှင့် ပတ်သက်၍ ကျူးလွန်ခံရမှုများမဖြစ်ပွားရအောင် အောက်ပါအချက်များကို လိုက်နာကြရန် အကြံပြုအပ်ပါသည်-

(က) မိမိနှင့် ရင်းနှီးကျွမ်းဝင်သော email များနှင့် မိမိအသုံးပြုနေသော Links များမဟုတ်ပါက attached files များကို ဖွင့်ကြည့်ခြင်းမပြုရန်။

(ခ) မိမိ email နှင့် databases များကို ပုံမှန်စစ်ဆေးခြင်း၊ online / offline အသုံးပြု၍ backup လုပ်ထားရန်။

(ဂ) လုံခြုံမှုအပြည့်အဝရှိမည့် password ကိုအသုံးပြုရန်။

(ဃ) Antivirus software နှင့် မိမိကွန်ပျူတာရှိ software များကို update ပြုလုပ်ရန်။

(င) Social media များ၏ လုံခြုံရေးစနစ်ကို ခိုင်မာမှုရှိအောင် စီမံရန်။

(စ) မိမိနေအိမ်တွင်အသုံးပြုသော network အား လုံခြုံမှုစနစ်သေချာတပ်ဆင်ရန်။

(ဆ) မိသားစုဝင်များ၊ အထူးသဖြင့် ကလေးသူငယ်များအား Online စနစ်လုံခြုံမှုနှင့် ပတ်သက်၍ ပညာပေး ပြောကြားရန်။

(ဇ) လူသွားလူလာပြတ်သည့်နေရာများ၊ လမ်းများတွင် လုယက်မှုကျူးလွန်ခြင်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန်။

၄။ COVID-19 ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘစီးပွားရေးသမားများက ကျူးလွန်လျက်ရှိသည့် ဆောင်ရွက်ချက်များအပေါ် အများပြည်သူကလည်း အသိ/သတိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန်နှင့် မြို့/ရွာ၊ ရပ်ကွက်များအတွင်း ထူးခြားမှု၊ မသင်္ကာဖွယ်ရာတွေ့ရှိမှု တစ်စုံတစ်ရာရှိလာပါက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ် ဆက်သွယ်အကြောင်းကြားနိုင်သည့် နီးစပ်ရာ ရဲစခန်းဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

*စာမျက်နှာ ၂၅ မှ*

စုဆောင်းထိန်းသိမ်းထားသည့် အပင်ဗီဇအရင်းအမြစ်များကို တိုးတက်ကောင်းမွန်အောင်ဖန်တီးမှသာလျှင် အပင်မျိုးသစ်တစ်မျိုးကို ထုတ်လုပ်နိုင်ခြင်း ဖြစ်ပါသည်။ အပင်မျိုး မွေးမြူသူများအနေဖြင့်လည်း ၎င်းတို့ရင်းနှီးမြှုပ်နှံလိုက်သည့် အရင်းအနှီးများအပေါ် အကျိုးအမြတ်ပြန်လည်ရရှိမှသာလျှင် အပင်မျိုးသစ် မွေးမြူခြင်းလုပ်ငန်းတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြမည် ဖြစ်ပါသည်။ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေအောက်ရှိ အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ်သည် အပင်မျိုးမွေးမြူသူများမှ မိမိတို့မွေးမြူ ထုတ်လုပ်သည့် အပင်မျိုးသစ်များကို ကာကွယ်ခွင့်ယူခြင်းမှတစ်ဆင့် ရပိုင်ခွင့်အခွင့်အရေးကိုခံစားသွားစေရန် ထိန်းချုပ်ကာကွယ်ပေးသည့် စနစ်ဖြစ်သောကြောင့် ကမ္ဘာနှင့်အဝန်း အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ် ကောင်းစွာကျင့်သုံးနိုင်ရေးမှာ အလွန်ပင်အရေးကြီးပါသည်။

အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေအရ အပင်မျိုးသစ်ဟု သတ်မှတ်ခံရပြီး ကာကွယ်ခွင့်ရယူနိုင်ရန် အဓိက အချက်(၅)ချက်နှင့် ကိုက်ညီရပါမည်။ အဆိုပါအချက် ငါးချက်မှာ-

(၁) **မျိုးအသစ်ဖြစ်ခြင်း**- အပင်မျိုး မွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးလျှောက်ထားလာသည့်အချိန်၌ အပင်မျိုးမွေးမြူသူ သို့မဟုတ် ယင်း၏ ခွင့်ပြုချက်ရရှိသူက အဆိုပါ အပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများအား ပြည်တွင်း၌ တစ်နှစ်ထက်စော၍ လည်းကောင်း၊ ပြည်ပ၌ လေးနှစ်ထက်စော၍ လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ခြောက်နှစ်ထက်စော၍ လည်းကောင်း စီးပွားရေးအလို့ငှာ စိုက်ပျိုးထုတ်လုပ် ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချထားခြင်း မရှိစေရ။

(၂) **ထူးခြားမှုရှိခြင်း**- အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားသည့်အချိန်တွင် အများလက်ခံသိရှိထားသည့် အခြားမည်သည့် အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသော လက္ခဏာရပ်ရှိရမည်။

(၃) **ညီညာမှုရှိခြင်း**- အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် မျိုးပွားဖြစ်စဉ်ကြောင့် အချို့သော လက္ခဏာရပ်များ ကွဲလွဲနိုင်သော်လည်း အဆိုပါအပင်မျိုး၏ မူရင်းလက္ခဏာရပ်များသည် ညီညာမှုရှိရမည်။

(၄) **တည်ငြိမ်မှုရှိခြင်း**- အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် သို့မဟုတ် အထူးသဖြင့် မျိုးပွားစက်ဝန်းတစ်လျှောက်နှင့် စက်ဝန်းအသီးသီး၏ အဆုံးတွင် ယင်းအပင်မျိုးကို ကိုယ်စားပြုသည့် လက္ခဏာရပ်များ ပြောင်းလဲမှု မရှိဘဲ တည်ငြိမ်စွာဖော်ပြရမည်။

(၅) ဥပဒေပုဒ်မ ၁၂၊ ၁၃ ပါအတိုင်း စနစ်တကျ အမည်ပေးခြင်းတို့ ဖြစ်ပါသည်။

### အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်

အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် တူညီစွာလက်ခံကျင့်သုံးလာနိုင်ရေး အားပေးကူညီဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေးအဖွဲ့(The International Union for the Protection of Varieties of Plants, UPOV) ကို ၁၉၆၁ ခုနှစ်၌ ပြင်သစ်နိုင်ငံတွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ရုံးစိုက်ထားပါသည်။ အဆိုပါအဖွဲ့ကြီး၏ အဓိကမျှော်မှန်းချက်မှာ လူမှုအသိုင်းအဝိုင်းအတွက် အကျိုးအမြတ်ရှိစေသည့် အပင်မျိုးသစ်များရရှိစေရန်အလို့ငှာ အပင်မျိုးမွေးမြူခြင်းလုပ်ငန်းကိုအားပေးသည့် အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် လက်ခံကျင့်သုံးလာရေးကို အားပေးသွားရန် ဖြစ်ပါသည်။ နိုင်ငံတကာတွင် လိုက်လျောညီထွေသည့်အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ် ကျင့်သုံးလာနိုင်ရန် လိုက်နာသင့်သည့်ဥပဒေပုဒ်မများကိုလည်း ၁၉၇၂၊ ၁၉၇၈ နှင့် ၁၉၉၁ ခုနှစ်များတွင် အဆင့်ဆင့်ပြင်ဆင် ပြုစုခဲ့ပါသည်။ ယခုအခါ UPOV အဖွဲ့ဝင်နိုင်ငံပေါင်း ၇၅ နိုင်ငံ ရှိခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း UPOV အဖွဲ့ဝင်နိုင်ငံဖြစ်လာရေးအတွက် ရည်မှန်းကြိုးစားလျက်ရှိပါသည်။

### မြန်မာနိုင်ငံ၏အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေနှင့်စနစ်

ယခုအခါ မြန်မာနိုင်ငံတွင် အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်ပါသည်။ ရေမြေသဘာဝပတ်ဝန်းကျင်မျိုးစုံရှိသည့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်လာစေရန် ရည်ရွယ်၍ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ( New Plant Variety Protection Law)ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ပြဋ္ဌာန်းခဲ့ပါသည်။ UPOV နှင့် Inline ဖြစ်ရန် ၂၀၁၉ စက်တင်ဘာလ ၂၄ ရက်နေ့တွင် အသစ်ပြန်လည် ပြဋ္ဌာန်းပြီးလည်းဖြစ်ပါသည်။ အဆိုပါဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကော်မတီများဖြစ်သည့် အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ၊ အပင်မျိုးသစ်စစ်ဆေးရေးဆိုင်ရာ နည်းပညာကော်မတီနှင့် အမိန့်နှင့် ညွှန်ကြားချက်များလည်း ထုတ်ပြန်ပြီးဖြစ်ပါသည်။ အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ်အောက်တွင် လုပ်ကိုင်ဆောင်ရွက်ရမည့် နည်းပညာပိုင်းနှင့် စီမံဆောင်ရွက်မှု အပိုင်းများကို အရှိန်အဟုန်မပျက်လုပ်ကိုင်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ အဓိကတာဝန်ယူလျက်ရှိရာ ယခုအခါ အစိုးရနှင့်ပုဂ္ဂလိက အပင်မျိုးမွေးမြူသူများမှ ၎င်းတို့၏အပင်မျိုးသစ်များဖြစ်သော စပါး၊ ပြောင်း၊ မတ်ပဲ၊ ထောပတ်သီးနှံနှင့် စတော်ဘယ်ရီသီးနှံ အပင်မျိုးသစ်များကို ကာကွယ်ခွင့်ရရှိရန် အပင်မျိုးမွေးမြူသူများမှ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ဆက်သွယ်လျှောက်ထားလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

# ကျောက်တံခါးမြို့နယ်သို့ ရောက်ရှိလာသော နေရပ်ပြန်များအား သတ်မှတ်စောင့်ကြည့်စခန်းများသို့ ပို့ဆောင်ပေး



**ကျောက်တံခါး မေ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်း မိုင်တိုင်အမှတ် ၁၀၅/၇ တွင် မတ် ၂ ရက်က တရုတ်နိုင်ငံမှပြန်လည်ရောက်ရှိလာသော နေရပ်ပြန်များအား ကြိုဆိုလက်ခံ၍ စိစစ်ကာ သတ်မှတ်နေရာစောင့်ကြည့်စခန်းများသို့ ကူညီပို့ဆောင်ခဲ့ကြသည်။

နေရပ်ပြန်များအား ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်ငြိမ်းနှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက မော်တော်ယာဉ် ၁၀ စီးဖြင့် နေရပ်ပြန် အမျိုးသား ၁၅၀ ၊ အမျိုးသမီး ၆၅ ဦး စုစုပေါင်း ၂၁၅ ဦးအား လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ရာ အဆိုပါ နေရပ်ပြန် ၂၁၅ ဦးအနက်မှ ကျောက်တံခါးမြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး လေးဦးကို ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူးက ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသော နေရပ်ပြန် အမျိုးသား ၁၃၉ ဦး၊ အမျိုးသမီး ၆၁ ဦး စုစုပေါင်း ၂၀၀ ကို ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်းနှင့်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်တာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ရာ အမြန်လမ်းမိုင်တိုင်အမှတ် ၅၅/၀ တွင် ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး သိန်းဇော်နှင့်တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျောက်တံခါးမြို့နယ်သို့ရောက်ရှိလာသော နေရပ်ပြန်များအား မြို့နယ်အုပ်ချုပ်ရေးမှူးက ကညင်ကျိုးကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ အဆိုပါ နေရပ်ပြန် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၅ ဦးမှာ ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာအုပ်စုအတွင်း နေထိုင်သူများဖြစ်၍ အဆိုပါ နေရပ်ပြန် ၁၅ ဦးကို ကညင်ကျိုးကျေးရွာရှိ အထက စုရပ်တွင် ၂၁ ရက်ကြာ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

# ကျန်းမာရေးကြောင့် သွားလာမှုအခက်အခဲဖြစ်သူများအား ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီရေးအဖွဲ့ (YRO) က ကူညီဆောင်ရွက်ပေးနေ

**ရန်ကုန် မေ ၃**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ခံရမှုမရှိစေရန် ဧပြီ ၂၃ ရက်က ညမထွက်ရ စတင်ထုတ်ပြန်ခဲ့ရာ ကျန်းမာရေးအခြေအနေကြောင့် သွားလာမှုအခက်အခဲဖြစ်သူများအား ရန်ကုန်တိုင်းဒေသကြီးလူမှုကူညီရေးအဖွဲ့ (YRO) က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ညမထွက်ရအမိန့် ထုတ်တဲ့နေ့ကစပြီး ဆေးရုံအရေးပေါ်သွားတဲ့ လူနာတွေ၊ မတော်တဆ ထိခိုက်မှု၊ ခိုက်ရန်ဖြစ်ပွားဒဏ်ရာရ တာတွေနဲ့ အထူးလူနာတွေကို ညပိုင်းပို့ရတာ ရှိပါတယ်။ ခရိုင် ပေါင်းစုံဆိုရင် တစ်ရက်ကို လူနာ ၇၀ လောက်ပို့ရပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ရေးအဖွဲ့ (YRO) ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။




အဆိုပါရိုးရိုးလူနာများကိုမြောက်ဥက္ကလာပဆေးရုံ၊ အင်းစိန်ဆေးရုံ၊စံပြဆေးရုံတို့သို့ညစဉ်၁၂ကြောင်း ပို့ဆောင်ပေးနေကြောင်း သိရသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီရေးအဖွဲ့ (YRO) ကို ရန်ကုန်မြို့ မဂ်လာတောင်ညွန့် မြို့နယ် သိမ်ဖြူအားကစားရုံတွင် ဖွင့်လှစ်ထားပြီး ဖုန်း ၀၉-၇၇၂၉၈၈၉၈၈၊ ၀၉-၇၇၄၉၈၈၉၈၈ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အာကာစိုး**

# သထုံခရိုင်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဓာတ်အားလိုင်းကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်

**သုဝဏ္ဏဝတီ မေ ၃**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ သထုံ၊ ဘီးလင်း၊ ကျိုက်ထို၊ ပေါင်မြို့နယ်များသို့ အဓိက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီဓာတ်အားလိုင်းတစ်လျှောက် မေ ၂ ရက်မှ မေ ၃ ရက်အထိ ဓာတ်အားပိတ်၍ ဓာတ်အားလိုင်းကြံ့ခိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည် ။


ယမန်နေ့က သုဝဏ္ဏဝတီမြို့လျှပ်စစ်ဓာတ်အားခွဲဖြန့်ဖြူးရေးလုပ်ငန်းရုံးမှ လျှပ်စစ်ဓာတ်အားပိတ်၍ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများ၏ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို သုဝဏ္ဏဝတီမြို့အနီး တံတားဦးကျေးရွာ ၁၀ အမ်ပီအေ ၃၃/ ၁၁ ကေဗွီ ဓာတ်အားခွဲရုံးမှ သထုံမြို့ သဘာဝလျှပ်စစ်ဓာတ်အားပေးစက်ရုံ(ကြာပန်း) အထိ ၂၃ မိုင်ခန့် အကွာအဝေးအတွင်း လျှပ်စစ်ဝန်ထမ်းများနှင့် ဆောင်ရွက်နေပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်မှုကောင်းမွန်စေရန်နှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းလာစေရန်အတွက် နှစ်ရက်တာအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နေကြောင်း မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးတင်လင်းအောင်က ပြောသည်။

**ခွန်(ဝင်းပ)**



မှုပိုင်ခွင့် အသိရှိပါ။

Facebook ပေါ်ရှိ အကြောင်းအရာ တစ်ခုကို အခြား အသုံးပြုသူများအား ဖြန့်ဝေခြင်းများ မလုပ်မီ သင့်တွင် မျှဝေပိုင်ခွင့် ရှိ၊ မရှိကို သေချာအောင် ဆန်းစစ်စေလိုပါသည်။



# ငပဲမြို့နယ်၌ မိုးရာသီတွင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၇၈၉၃၀ ပျိုးထောင်ထား

**ငပဲ မေ ၃**

မကွေးတိုင်းဒေသကြီး ငပဲမြို့နယ် သစ်တောဦးစီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးရန်အတွက် မြို့မပျိုးဥယျာဉ်နှင့် တောင်ပေါ်ဘိနယ်ပျဉ်းဝသစ်တောပျိုးဥယျာဉ်တို့တွင် သစ်ပင်များပျိုးထောင်ထားရှိသည်။

ငပဲမြို့နယ်ရှိ မြို့မပျိုးဥယျာဉ်တွင် ခရေ၊ ဗာဒံ၊ ကံ့ကော်၊ ရှား၊ မဲဇလီ၊ သင်းဝင်၊ လိန်၊ ဖလံ၊ စိန်ပန်းနှင့် ကုက္ကိုပင် ၂၅၀၀၀နှင့် ပျဉ်းဝသစ်တောပျိုးဥယျာဉ်တွင် ယူကလစ်၊ မဲဇလီနှင့် မျောက်ငိုပင် ၅၃၉၃၀ ကို ပျိုးထောင်ထားရှိသည်။

၂၀၂၀ပြည့်နှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း ၇၈၉၃၀ ကို ကျေးရွာသုံးထင်းစိုက်ခင်းဧက ၃၀ အတွက် ယူကလစ်ပင် ၃၉၉၃၀၊ သီးနှံသစ်တောရောနှောစိုက်ခင်း ၁၀ ဧကတွင် စိုက်ပျိုးရန် ယူကလစ်ပင်၂၀၀၀၊ ရေဝေရေလဲစိုက်ခင်းများအတွက် မဲဇလီပင် ၇၂၀၀ ၊ မြောက်ငိုပင် ၄၈၀၀ နှင့် မိုးရာသီလူထုလှုပ်ရှားမှုအဖြစ်ဌာနဆိုင်ရာ ကပစ(၁၄)နှင့် ပြည်သူလူထုမှစိုက်ပျိုးရန် ခရေ၊ ဗာဒံ၊ ကံ့ကော်၊ရှား၊ မဲဇလီ၊ သင်းဝင်၊ လိန်၊ ဖလံ၊ စိန်ပန်းနှင့် ကုက္ကိုပင် ၂၅၀၀၀ ကို မိုးရွာသွန်းမှုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးဆောင်ရွက်နိုင်ရေးစီစဉ်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးမိုးအာကာကျော်ထံက သိရသည်။

**မယု(ငပဲ)**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာမှုမရှိသည့် အလုပ်ရုံတချို့ကို တစ်ပတ် ယာယီပိတ်သိမ်းမည်

**မြိတ် မေ ၃**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလ၌ မြိတ်မြို့တွင် စက်ရုံအလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် အလုပ်ရုံတချို့ကို တစ်ပတ်ယာယီပိတ်သိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးထံမှ သိရသည်။




"စစ်ဆေးတွေ့ရှိချက်အရ လိုက်နာဆောင်ရွက်တဲ့စက်ရုံကို လည်ပတ်ဖို့ ညွှန်ကြားလွှာထုတ်ပြီးတော့ မလိုက်နာတဲ့ စက်ရုံတွေ၊ အထူးသဖြင့် ကင်းမွန်ပြုတ်ခြောက်လုပ်ငန်း စက်ရုံတွေကို တစ်ပတ်ယာယီ ရပ်နားပါမယ်။ ယာယီရပ်နားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အချက်တွေကို လိုက်နာမှုရှိ မရှိ ရှောင်တခင်ဝင် စစ်ပါမယ်။ ဝင်စစ်ပြီးတော့မှပဲ ဒီလုပ်ငန်းတွေက ရပ်နားရမှာလား၊ ဆက်လက်လည်ပတ်ရမှာလားဆိုတာကို ဆုံးဖြတ်သုံးသပ်သွားမှာ ဖြစ်ပါတယ်" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဇင်ကိုအောင်က ပြောသည်။

စက်ရုံအလုပ်ရုံများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ မရှိကို ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် ပတ်သက်၍ ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးကျော်မင်း၊ လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စစ်ဆေးရေးအဖွဲ့များ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

"အလုပ်သမားတွေ မှီခိုအားထားပြီး သူတို့ရဲ့ ဝင်ငွေအတွက်ရော၊ သူတို့ရဲ့ဘဝရပ်တည်မှုအတွက် အင်မတန်အရေးကြီးတဲ့ စက်ရုံအလုပ်ရုံတွေက မရှိမဖြစ်လိုအပ်ချက်ရှိပါတယ်။ ဒါပေမယ့်လည်း စက်ရုံအလုပ်ရုံတွေက ရောဂါကိုဖြန့်ဝေတဲ့နေရာ၊ ရောဂါကို စုဆောင်းတဲ့နေရာ ဖြစ်သွားမှာကို အင်မတန်စိုးရိမ်ရပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ဖို့ရှိပါတယ်။ သူတို့တွေက လိုက်နာနိုင်မှု အားနည်းတယ်ဆိုရင်တော့ ရပ်သင့်ရင် ရပ်ရမယ်။ အလုပ်သမားတွေရဲ့ ကျန်းမာရေးအခြေအနေ၊ သူတို့တွေရဲ့ ကူးစက်မှုရောဂါ မပြန့်ပွားဖို့အတွက် တားဆီးရခြင်းဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ပြောသည်။

စက်ရုံအလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စက်ရုံ အလုပ်ရုံများ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ၊ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် အချက်များ လိုက်နာဆောင်ရွက်ခြင်းရှိ မရှိကို ဧပြီ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများက ဆောင်ရွက်ခဲ့ကြသည်။

"တိုင်းဒေသကြီး အစိုးရအဖွဲ့က စက်ရုံအလုပ်ရုံတွေကို ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ချက်တွေ လိုက်နာမှုရှိ မရှိကို ၁၀ ဦးနှင့်အထက်ရှိတဲ့ စက်ရုံတွေ၊ လူစုလူဝေးများနိုင်ခြေရှိတဲ့ စက်ရုံအလုပ်ရုံတွေကို မူတည်ပြီးတော့ မြိတ်မြို့နယ်မှာ နှစ်ဖွဲ့ပေါင်းပြီးတော့ ၅၅ ရုံ စစ်ခဲ့ပြီး ကျွန်းစုမှာ ၁၁ ခု စစ်ခဲ့ပါတယ်။ နောက်ပြီးတော့ ဆိုင်အလုပ်ဌာန သုံးခုကိုလည်းပဲ စစ်ဆေးခဲ့ပါတယ်။ စုစုပေါင်း ၆၉ ရုံ စစ် ဆေးနိုင်ခဲ့ပါတယ်" ဟု အလုပ်ရုံနှင့်အလုပ်သမား စစ်ဆေးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်ဖြိုးက ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလ၌ စက်ရုံအလုပ်ရုံများကို စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် နှင့်ပတ်သက်၍ ဆွေးနွေးရာတွင် စစ်ဆေးခဲ့သည့်စက်ရုံအလုပ်ရုံများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာမှုရှိသည့် စက်ရုံများကို လည်ပတ်ဆောင်ရွက်ရန်နှင့် လိုက်နာမှုမရှိသည့် စက်ရုံကို ယာယီပိတ်၍ ပြုပြင်စေကာ ရှောင်တခင် စစ်ဆေးဆောင်ရွက်ပြီးမှ လည်ပတ်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ မကြာမီပြီးစီးမည်

**ပခုက္ကူ မေ ၃**

ပခုက္ကူမြို့နယ် ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွင် IPP(B0D)စနစ်ဖြင့် ၂၀ ဒသမ ၅၄ မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်လျက်ရှိရာ တည်ဆောက်ခြင်းစီမံကိန်း မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။



ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော် ဓာတ်အားစနစ်ထဲသို့ ပို့လွှတ်ပေးလျက်ရှိပြီး လက်ရှိအသုံးပြုလည်ပတ်နေသော စက်မှာနှစ်ကာလ ရှည်ကြာလာသည်နှင့်အမျှ ၄ မဂ္ဂါဝပ်ခန့်သာ ထွက်ရှိတော့ကြောင်း၊ ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ အင်ဂျင်နီယာမှူးကြီး ဦးမျိုးသီဟထံမှ သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် တိုးတက်သုံးစွဲလာမည့် နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက်နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ သဘာဝဓာတ်အားငွေ့သုံး ဓာတ်အားပေးစနစ် တစ်ခုအပါအဝင်ဖြစ်သည်။

**ကိုဇော်(ဓာတု)**



## သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးပြင်ဆင်

**အောင်လံ မေ ၃**


မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနသည် ဒေသတွင်း မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေးနှင့် ငလျင်ဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ကိရိယာများဖြင့် လက်တွေ့လေ့ကျင့်ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်သည်။

အဆိုပါဆောင်ရွက်မှုတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထက်ဇော်မင်းနှင့် ဒုဦးစီးမှူး ဦးထွန်းထွန်းဇော်တို့ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ကူညီကယ်ဆယ်ရေးရေယာဉ်၊ ကူညီကယ်ဆယ်ရေးကိရိယာများကို အသုံးပြုလျက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် အသင်းစုဖွဲ့လေ့ကျင့်နည်းများဖြင့် သရုပ်ပြလေ့ကျင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သိန်းလွင်(အောင်လံ)**


## အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ။

Facebook သည် အနိုင်ကျင့်ခြင်း သို့မဟုတ် အရှက်ခွဲခြင်းကို လုံးဝသည်းမခံပါ။ အသုံးပြုသူများအား အများနှင့်ဆိုင်သော အကြောင်းအရာ ကိစ္စရပ်များကို လွတ်လပ်စွာပြောဆိုခွင့် ပေးထားပါသည်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးအပေါ်၌ နိုင်ထက်စီးနင်း နှောင့်ယှက်ခြင်းများအပေါ် တိုင်ကြားချက်များအား အရေးယူပါသည်။



# ထိုင်းနိုင်ငံမှ ပြန်လာသူများအား ပြန်လည်ကြိုဆိုလက်ခံရာတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ပေးသူများ၏ စကားသံများ

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ ထိန်လင်းအောင်(ပြန်/ဆက်)**

**ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာသူများအား ပြန်လည်ကြိုဆိုလက်ခံရာတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ပေးသူများ၏ စကားသံများကို ဖော်ပြပေးလိုက်ပါသည်။**



စအိုင်ခန့်(စေတနာ့ဝန်ထမ်း၊ ရောဝတီတိုင်းဒေသကြီး)



ခွန်ထွန်းဝင်းနောင် (စေတနာ့ဝန်ထမ်း၊ ကရင်ပြည်နယ်)



စောရဲထွန်း (စေတနာ့ဝန်ထမ်း၊ ကရင်ပြည်နယ်)



ဦးအောင်နိုင်ဦး (မြဝတီခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး)

**စအိုင်ခန့်(စေတနာ့ဝန်ထမ်း၊ ရောဝတီတိုင်းဒေသကြီး)**

အဓိကလိုအပ်နေတဲ့ နေရပ်ပြန်တွေ ပြန်လာတဲ့အချိန်မှာ သူတို့ရဲ့ ကိုယ်ရေးအချက်အလက်တွေပါမယ်။ ကျွန်တော်တို့ စေတနာ့ဝန်ထမ်းတွေက အဲဒါတွေ တာဝန်ယူရတဲ့ အပိုင်းတွေပါမယ်၊ ပြီးတော့ ပြန်လာကြတဲ့ နေရပ်ပြန်တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုဟာ ကျွန်တော်တို့ရဲ့ နိုင်ငံသား တွေပဲလေ။ အဲဒီအပေါ်မှာ ကျွန်တော်က တစ်ဖက်တစ်လမ်းကနေ ကူညီတဲ့ သဘောပါ၊ အခုလိုကူညီရတာလည်း ဝမ်းသာတယ်။ ပြီးတော့ ကျွန်တော်တို့ တိုင်းပြည်အတွက် တစ်ခုခု လုပ်ပေးနေရသလိုပါပဲ။ ပြန်လာတဲ့သူတွေ ကိုလည်း အဝင်ဝမှာ လက်ဆေးခိုင်း တာမျိုးတွေ ရှိမယ်။ ပြီးတော့ သူတို့ကို အပူချိန်တိုင်းတာတို့ ရှိမယ်။ ကိုယ်ရေး အချက်အလက်တွေ ဖြည့်ပြီး ကျန်းမာရေး စစ်ဆေးတာတို့ ရှိပါမယ်။

**ခွန်ထွန်းဝင်းနောင်**
**(စေတနာ့ဝန်ထမ်း၊ ကရင်ပြည်နယ်)**

ကျွန်တော်တာဝန်ယူရတဲ့ အပိုင်းကတော့ ပြန်လာတဲ့သူတွေကို ကွန်ပျူတာနဲ့ အချက်အလက်ကောက်ပါတယ်။ ကျွန်တော်တို့ ဒီကိုစရောက်တာက ဧပြီလ ၃၀ ရက်ပေါ့။ ပြီးတဲ့အထိ လုပ်သွားမယ်။ ဒီမှာအလုပ်လုပ်ရတာ ဘာအားနည်းချက်မှ မရှိပါဘူး။ ဘာဖြစ်လဲဆိုတော့ ကျွန်တော်တို့က စေတနာ့ဝန်ထမ်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ အရာရာ အဆင်ပြေတယ်။ အကယ်၍ ကိုယ့်ကိုယ်ကိုယ် စိတ်မသန့်ဘူးဆိုရင် ကျန်းမာရေး ဆရာမတွေကိုလည်း ခေါ်မေးလို့ ရပါတယ်။ ပြန်လာတဲ့သူကိုလည်း ကျွန်တော်တို့ရဲ့နိုင်ငံသားဖြစ်တဲ့အတွက် ကျွန်တော်တို့ နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ အခုလို စေတနာ့ဝန်ထမ်းအဖွဲ့မှာ ပါဝင်ခွင့်ရတဲ့အတွက် အလွန်ပျော်ပါတယ်။ ကျွန်တော်နဲ့အတူ အခြားစေတနာ့ဝန်ထမ်းများကိုလည်း အလွန်လေးစားပါတယ်။

**စောရဲထွန်း**
**(စေတနာ့ဝန်ထမ်း၊ ကရင်ပြည်နယ်)**

ဒီရောဂါက မျက်စိနဲ့ မမြင်နိုင်တဲ့အတွက်ကြောင့် သူတို့ဆီမှာ ရှိနိုင်သလို ကျွန်တော်တို့ဆီမှာလည်း ရှိနိုင်တယ်။ သူတို့ အထုပ်အပိုးတွေ ပေးမထိတာ၊ ပေးမကိုင်တာတွေဟာ သူတို့ကို ကြောက်နေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဆီမှာ ရှိနိုင်တဲ့အတွက်ကြောင့်မို့ သူတို့ဆီမှာ ဘာမှမရှိဘဲနဲ့ ကင်းကင်းရှင်းရှင်းပြန်လာပြီး အကယ်၍ ကျွန်တော့်မှာပိုးရှိရင် သူတို့ရဲ့ အထုပ်တွေကို ထိလိုက်ခြင်းဖြင့် သူတို့ကို ကူးသွားနိုင်တဲ့အကြောင်းကိုလည်း သူတို့ကိုပြောပြပေးစေချင်တာပါ။ အဲဒါကြောင့် ခွဲခြားဆက်ဆံတာ မဟုတ်ပါဘူးလို့ သိစေချင်ပါတယ်။ နောက်တစ်ခု ဖြည့်စွက်ပြောချင်တာက မိသားစုနဲ့ဝေးပြီး အခြားနိုင်ငံမှာ အလုပ်သွားလုပ်တာ၊ အချို့က နှစ်နဲ့ချီပြီး ၁၀ နှစ်ရှိရင်ရှိမယ်၊ လေး၊ ငါးနှစ်ရှိမယ်။ အနည်းဆုံး နှစ်နှစ်၊ သုံးနှစ်အထက်ပဲ၊ အခုလို quarantine သွင်းပေးတာက သူတို့ရဲ့ မိသားစုဆီကို လုံလုံခြုံခြုံနဲ့ ဘေးကင်းပြန်နိုင်ပြီး မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေနိုင်ဖို့အတွက် ဒီရက်လေး နှစ်ဆယ်ရက်၊ သုံးဆယ်ရက်ကို နေပေးကြပါလို့၊ ဒီရက်လေးပြီးရင် မိသားစုကို စိတ်ချစွာ ပြန်တွေ့ရမှာပါလို့ နေရပ်ပြန်တွေကို အဲဒါလေးကို ပြောပေးချင်ပါတယ်။

**ဦးအောင်နိုင်ဦး**
**(မြဝတီခရိုင်**
**ကြက်ခြေနီတပ်ဖွဲ့မှူး)**

တစ်ဖက်နိုင်ငံမှ ပြန်လာကြမယ့် နေရပ်ပြန်တွေကို လာပြီးတော့ စောင့်ကြိုနေတာပေါ့။ ကျွန်တော်တို့ မြဝတီ ကြက်ခြေနီတပ်ဖွဲ့ကနေပြီးတော့ သူတို့ကို စာရင်းသွင်းပေးဖို့၊ နောက်ကျန်းမာရေးစစ်ဆေးမှုလုပ်ပေးဖို့၊ နောက်အားလုံးဝင်ရောက်တဲ့အခါ စနစ်တကျဖြစ်ဖို့ ကျွန်တော်တို့တွေက လာရောက်ပြီး ပူးပေါင်းဆောင်ရွက်နေကြတာပါ။ သူတို့ပြန်လာတဲ့အကြောင်းရင်းက ကိုဗစ်-၁၉ ကို စိုးရိမ်လို့ ပြန်ရောက်လာကြတာပေါ့။ သူတို့ကို ဒီရောဂါနဲ့ ပတ်သက်တဲ့ အသိပညာပေးတာတွေ လုပ်မယ်။ ပြီးတော့ သူတို့ကို တစ်ယောက်နှင့် တစ်ယောက် ဘယ်နှစ်ပေကွာခြားမယ်၊ ပြီးတော့ သူတို့ကို ကိုယ်အပူချိန်တိုင်းတာတို့၊ ကျန်းမာ ရေး စစ်ဆေးတာတို့လုပ်မယ်၊ စနစ်တကျလုပ်မယ်၊ ပြီးတော့ နေထိုင်သွားလာရေး အကုန်လုံး အစစ အရာရာ အဆင်ပြေအောင်လို့ ဒီက တာဝန်ရှိသူတွေက ဝိုင်းဝန်းစီစဉ်ဆောင်ရွက်ပေးနေတာကို ကျွန်တော်တို့က လာပြီး ပူးပေါင်းဆောင်ရွက်ပေးတာပါ။

## ဇလွန်မြို့နယ်တွင် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို စောင့်ကြည့်ရေးနေရာ၌ ထားရှိ ဆောင်ရွက်

**ဇလွန် မေ ၃**

ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်သို့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများသည် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အ.ထ.က(၂) မြို့မကျောင်း စောင့်ကြည့်ရေး နေရာသို့ ယနေ့ နံနက် ၉ နာရီက ရောက်ရှိခဲ့သည်။

ရှေးဦးစွာ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို ရသလုလင် လူမှုကူညီရေးအသင်းနှင့် ဖြပ္ပမ္ပစိုရ် လူမှုကူညီရေး အသင်းတို့က မော်တော်ယာဉ် နှစ်စီးဖြင့် အ.ထ.က ဆားမလောက်သို့ သွားရောက်ကြိုဆိုပြီး အ.ထ.က(၂) မြို့မကျောင်း စောင့်ကြည့်ရေးနေရာသို့ ပို့ဆောင်ပေးခဲ့ကာ ကြိုဆိုလာသော အဆိုပါယာဉ်နှစ်စီးကို မြို့နယ်မီးသတ်ဦးစီးဌာနက ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြသည်။



ထို့နောက် တရုတ်နိုင်ငံမှ ပြန်လာသူ အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦးတို့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာများ စစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အညီ နေထိုင်သွားရန် ဆွေးနွေး ပြောကြားခဲ့ကာ ဇလွန်မြို့နယ်သို့ ပြည်ပမှ ပြန်လာသူများကို အ.ထ.က (၁)ဇလွန်၊ အ.ထ.က (၂)မြို့မကျောင်း၊ အ.ထ.က ရေလဲတို့တွင် အသွားအလာကန့်သတ် စောင့်ကြည့်ခြင်းကို ၂၁ ရက် ထားရှိသွားမည်ဖြစ်ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သိရသည်။

**ဝေယံ(ပြန်/ဆက်)**



(၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို မေ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရန်ကင်းကလေးဆေးရုံ၌ ပြုလုပ်စဉ်။

မျိုးမင်းသိန်း(မရမ်းကုန်း)



## Chinese 8 Ball ပြိုင်ပွဲ၌ အားတီ သုံးပွဲဆက် အနိုင်ရရှိ

**ရန်ကုန် မေ ၃**

မြန်မာ့လက်ရွေးစင်ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့၌ ကျင်းပလျက်ရှိသော Chinese 8 Ball ပြိုင်ပွဲတွင် ၎င်း၏ တတိယမြောက်ပွဲစဉ်ကို မေ ၃ ရက် ည ၇ နာရီ (မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ)က ကစားခဲ့ရာ ပြိုင်ဘက်ဖြစ်သူ Liu Hai Tao အား ၂၀ ပွဲ ၁၅ ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး သုံးပွဲကစား သုံးပွဲနိုင်ဖြင့် ရမှတ် ၁၈၀၀၀ ရရှိခဲ့သည်။

ဘုန်းမြင့်ကျော် (ခ) အားတီသည် ပထမပိုင်း၌ ၁၂ ပွဲ-၈ ပွဲဖြင့် ဦးဆောင်ထားနိုင်သကဲ့သို့ ဒုတိယပိုင်း၌လည်း နိုင်ပွဲများဖြင့် ဆက်လက်ဦးဆောင်ကာ ယခုကဲ့သို့ ခြောက်ပွဲပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဘုန်းမြင့်ကျော် (ခ) အားတီသည် ကမ္ဘာ့ချန်ပီယံဟောင်းနှင့် တရုတ်လက်ရွေးစင် 9 Ball ကစားသမားဖြစ်သူ Liu Hai Tao အား အခြားပြိုင်ပွဲများ၌ နှစ်ကြိမ် တွေ့ဆုံဖူးရာ နှစ်ကြိမ်စလုံး ရှုံးနိမ့်ခဲ့ဖူးပြီး ယခုပွဲ မကစားမီက ရှုံးကြွေးဆပ်မည်ဟု ပြောခဲ့သည့်အတိုင်း ရှုံးကြွေးဆပ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဘုန်းမြင့်ကျော် (ခ) အားတီသည် စတုတ္ထမြောက်ပွဲစဉ်အဖြစ် မေ ၅ ရက်တွင် Zheng Yu Bo နှင့် ကစားရမည်ဖြစ်သည်။ Zheng Yu Bo သည်လည်း ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကြော်ငြာစာအမှတ် (၁/၂၀၂၀)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး(၂၇)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

(က) ဒု-ဦးစီးမှူး — လစ်လပ်(၄)နေရာ
(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)

(ခ) စာရင်းကိုင်-၂ — လစ်လပ်(၂)နေရာ
(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)

(ဂ) အငယ်တန်းစာရေး/ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး — လစ်လပ်(၁၈)နေရာ
(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

(ဃ) ရုံးအကူ/အစောင့်/လုပ်သား(လုံခြုံရေး) — လစ်လပ်(၃)နေရာ
(လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဒု-ဦးစီးမှူးနှင့် စာရင်းကိုင်-၂ ရာထူးအတွက် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခု၊ ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့တစ်ခုခု၊ ဥပဒေဘွဲ့/ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်) ရရှိသူဖြစ်ရမည်။ (မဟာဘွဲ့ရရှိသူများဦးစားပေးရွေးချယ်မည်)။ ဝန်ထမ်းဖြစ်ပါက ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။
(ဂ) အငယ်တန်းစာရေးနှင့် ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့တစ်ခုခု(သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ပြီး (ကွန်ပျူတာ ကျွမ်းကျင်သူ)ဖြစ်ရမည်။
(ဃ) ရုံးအကူ/အစောင့်/လုပ်သား (လုံခြုံရေး) ရာထူးအတွက် အနည်းဆုံးအခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။
(င) လုပ်ငန်းသဘာဝအရ အမျိုးသားများဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။
(စ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ပြီး ဤဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက် မကြီးသူဖြစ်ရမည်။
(ဇ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ စာမေးပွဲဝင်ကြေးငွေ ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010022 သို့ ပေးသွင်းရမည်။ အခြားမြို့များမှ ပေးသွင်းပါက သက်ဆိုင်ရာမြို့၏ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ငွေလွှဲလက်မှတ်ဖြင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် MD-010022 သို့ ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံများကိုနေပြည်တော်၊ရုံးအမှတ်(၃)၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲတွင် ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည်-
(က) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်/အောင်လက်မှတ်(မိတ္တူ)
(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၅)ပုံ
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ (၆)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)
(ဃ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၆)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)
(င) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ချက်ထောက်ခံချက် (မူရင်း)
(ဆ) စာမေးပွဲဝင်ကြေး ပေးသွင်းပြီးသည့်ချလန်(မူရင်း)
(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်(မိတ္တူ)

၆။ နိုင်ငံ့ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ ပြင်ပမှ လျှောက်ထားသူများအနေဖြင့် ဤဦးစီးဌာန(နေပြည်တော်)ရုံးသို့ လျှောက်လွှာကို ၄-၆-၂၀၂၀ရက်အရောက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများကို ၁၃-၆-၂၀၂၀ ရက် နံနက် ၉:၃၀နာရီတွင် ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ အောက်ပါအတိုင်း အရည်အချင်းစစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပြီး ရေးဖြေနှင့် ကွန်ပျူတာကျွမ်းကျင်မှု လက်တွေ့အောင်မြင်သည့်အမည်စာရင်းကို ၁၅-၆-၂၀၂၀ ရက်တွင်လည်းကောင်း၊ ရွေးချယ်ခန့်ထားမည့်အမည်စာရင်းကို ၃၀-၆-၂၀၂၀ ရက်တွင်လည်းကောင်း ရုံးအမှတ်၃၊စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိကြော်ငြာသင်ပုန်းနှင့်ဝန်ကြီးဌာန၏လိပ်စာ Website(www.commerce.gov.mm)တို့တွင် ထုတ်ပြန်ကြေညာထားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ (ရေးဖြေ) | ၁၃-၆-၂၀၂၀ | နံနက် (၉:၃၀ မှ ၁၁:၃၀ထိ) |
| (ခ) | ကွန်ပျူတာကျွမ်းကျင်မှုလက်တွေ့ | ၁၃-၆-၂၀၂၀ | မွန်းလွဲ (၁၂:၃၀ မှ ၁၆:၀၀ထိ) |
| (ဂ) | အထွေထွေဗဟုသုတ(လူတွေ့) | ၁၇-၆-၂၀၂၀ | နံနက် (၉:၃၀ မှ ၁၆:၀၀ထိ) |

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၁၁-၆-၂၀၂၀ ရက်တွင် မိမိလျှောက်ထားသည့် ရုံးအမှတ် (၃)၊ စီမံရေးရာဌာနခွဲ၊ ကုန်သွယ်ရေးဦးစီးဌာန၌ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၉။ အသက်ကန့်သတ်ချက် ကျော်လွန်သူများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျ၍ ငွေသွင်းသူများအား လက်ခံစဉ်းစားမည်မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးအမှတ် (၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၃၄၀၈၂၃၁၊ ၀၆၇-၃၄၀၈၃၀၉ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

---

## ပတ္တမြားရတု
## နှစ် (၄၀) ပြည့် မင်္ဂလာဆုမွန်လွှာ

ချစ်သောဖေဖေ ဦးကိုကိုလေးနှင့် ချစ်သောမေမေ ဒေါ်ပုလဲဥတို့၏ ကဆုန်လဆန်း(၁၃)ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့် ပတ္တမြားရတု မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်ရတုပေါင်းများစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများပွားများအားထုတ်နိုင်ပါစေဟု ဆုမွန်ကောင်းများတောင်းလိုက်ပါသည်။

**ချစ်သားနှင့်ချစ်သမီးကြီး** - စိုးမိုးအောင်-သဇင်ဝတ်မှုံ
ခေတ္တ Singapore

**ချစ်သမီးငယ်လေး** - ဒေါက်တာချယ်ရီဝတ်မှုံ
လ/ထ ကထိက
ဆီးချိုနှင့် ဟော်မုန်းဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

**ချစ်မြေးများ** - အုပ်စိုးအောင်၊
မေမိုးပြည့်အောင်၊
ပန်းဖြူ

---

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ မူလတန်းဆင့် တိုင်းရင်းသားဘာသာစာပေ ကျောင်းသုံးပုံနှိပ်စာအုပ်(၃၅)မျိုးအား ပုံနှိပ်ချုပ်လုပ်၍ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ခရိုင်ပညာရေးမှူးရုံးများသို့ အရောက်ပေးပို့ရန်ရှိပါသဖြင့် နိုင်ငံသားပိုင်လုပ်ငန်းမှတ်ပုံတင်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်ပုံစံများကို ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် ၂၀၂၀ ပြည့်နှစ် မေ ၇ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှာ ၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက် နံနက် ၁၁:၀၀နာရီ နောက်ဆုံးထား၍ ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် တင်သွင်းရပါမည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက် ၁၃:၀၀ နာရီတွင် အိတ်ဖွင့်တင်ဒါများအား ဖွင့်ဖောက်မှတ်တမ်းတင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၈၁၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၇)၊ ဦးပိုင်အမှတ် (၁၅၃)၊ မြေဧရိယာ ၀ဒသမ၁၄၉ ဧကရှိ ဒေါ်ဂျီတိုက်ဝင်းအမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်မြေကွက်ဖြစ်ပြီး ဒေါ်ဂျီတိုက်ဝင်းသည် ၁၅-၁၂-၂၀၁၆ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်း၏ တရားဝင်ခင်ပွန်းဖြစ်သူ ဦးတိုက်ဆောင် ၁/ကမန(နိုင်)၀၁၁၃၆၈ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၄-၁၂-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၄၀၆/၂၀၁၉)ကို ၂၇-၁၂-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၈၆/၂၀၁၉)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

---

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး**
**ဒုတိယလက်ထောက်ဦးစီးမှူး/စာရင်းကိုင်(၄) ရာထူးနေရာများအတွက်**
**ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယလက်ထောက်ဦးစီးမှူးရာထူး(လစာနှုန်းကျပ် ၁၈၀၀၀၀/-၂၀၀၀-၁၉၀၀၀၀/-) (၁၁)နေရာနှင့် စာရင်းကိုင်(၄)ရာထူး(လစာနှုန်းကျပ် ၁၈၀၀၀၀/-၂၀၀၀-၁၉၀၀၀၀/) (၁)နေရာအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ပညာအရည်အချင်း |
|---|---|---|
| (က) | ဒုတိယလက်ထောက်ဦးစီးမှူး | သိပ္ပံဘွဲ့များ/B.A (English)/ B.A(Geography)/ B.A(International Relations) |
| (ခ) | စာရင်းကိုင်(၄) | ဝါဏိဇ္ဇဘွဲ့/ ဝိဇ္ဇာဘွဲ့(ဘောဂဗေဒ/ စာရင်းကိုင်ပညာ) |

၂။ အရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၂-၂၂၀၁၇၉၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၆၈၄)Gဂရန်မြေ အမည်ပေါက် ဒေါ်ခင်မာဝေ ၁၂/ဗဟန(နိုင်)၀၃၁၇၂၁ ဂရန်မြေအား ဝယ်ယူရန် ဒေါ်ပပအောင် ၁၂/သလန(နိုင်)၁၀၃၅၂၄သည် ဦးသိန်းနိုင်ထွန်း ၁၂/ဒဂရ(နိုင်)၀၃၄၂၆၆ထံတွင် စရန်ငွေပေးထားပါသဖြင့် ကန့်ကွက်လိုသူများ စာရွက်စာတမ်းအထောက်အထားများခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ပပအောင်
၁၂/သလန(နိုင်)၁၀၃၅၂၄
အမှတ် ၅၃၄၊ ၁၁၈ ရပ်ကွက်၊ ကနောင်မင်းသားကြီးလမ်း၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၂၅၄၁၁၈၁၁၉၊ ၀၉-၄၀၅၀၅၆၀၂၀

---

## အသိပေးကြေညာခြင်း

မိမိတို့၏ Kyaw Zin Latt & Brothers General Trading and Service Company Limited နှင့် မိမိတို့၏ Company တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဦးမျိုးနိုင် (TME-037570) သည် လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်း၏ကိစ္စအဝဝကို မိမိတို့၏ Company မှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**KyawZin Latt & Brothers General Trading and Service Company Limited**
**09-73087895**
**09-965087895**

---



ကလေးနာမည်ပေး ဆရာကြီး
# ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊စဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

---

# စာအုပ်စာပေ လူ့မိတ်ဆွေ

---

## ကုမ္ပဏီအမည်ပြောင်းခြင်းအား အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ် (10-C)၊ ပထမထပ်၊ အခန်း(1/B) တွင် ဖွင့်လှစ်ထားသော RVK Myanmar RVK Myanmar Company Limited ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ကုမ္ပဏီသည် ယခင်က RVK MEDITECH RVK Meditech Company Limited အမည်ဖြင့် အထက်ပါ လိပ်စာတွင် (၂၇.၅.၂၀၁၅)ရက်နေ့မှ စတင်ဖွင့်လှစ်၍ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး (၂၁.၄.၂၀၂၀)ရက်နေ့မှ စ၍ RVK Myanmar RVK Myanmar Company Limited အမည်သို့ ပြောင်းလဲ၍ လုပ်ငန်းများကို မူလအတိုင်း ဆက်လက်လုပ်ကိုင် ဆောင်ရွက်မည် ဖြစ်ပါသည်။

RVK Myanmar RVK Myanmar Company Limitedသည် ကုမ္ပဏီမှတ်ပုံတင်အမှတ်107502769၊ MIC ခွင့်ပြုချက်မိန့်အမှတ် 1165/2017 ဖြင့် ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ MPF(POL)ကိုစီမံခန့်ခွဲ၍ ဆေးဝါးများ ထုတ်လုပ်ကာ ဈေးကွက်အတွင်းသို့ဆက်လက်ဖြန့်ဖြူး ရောင်းချလျက် ရှိပါသည်။

RVK Myanmar RVK Myanmar Company Limitedတွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာများမှာ RV Group (Singapore) Pte. Ltd. မှ (99) ရာခိုင်နှုန်းနှင့် K Future Company Limited မှ (1) ရာခိုင်နှုန်း တို့ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

RVK Myanmar ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြင့်ခင် (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ၊ စဉ်- (၆၈၃၆/၉.၁၁.၁၉၉၉)
အမှတ်-၆၅၄၊ ၄လွှာ၊ ပြည်သာယာလမ်း၊ ၁၆/၄ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph : ၀၉ ၄၅၅၃၁၇၁၁၁

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာဌေးကြွယ်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက် (၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဌေးကြွယ် အသက်(၆၉)နှစ်သည် ၂-၅-၂၀၂၀ရက် နံနက် ၇:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် နှင့်ဇနီး ဒေါ်ရင်မေ**
**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် နှင့်ဇနီး ပါမောက္ခ ဒေါက်တာစိန်စိန်သိန်း**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးကိုကြီး
### ဒု-လက်ထောက်ညွှန်ကြားရေးမှူး(စက်မှုထွေ/ထိန်း)
### သံမဏိစက်ရုံ၊ ရွာမ၊ အင်းစိန်
### အသက် (၈၇)နှစ်

ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦးတို့၏ ဖခင် ဦးကိုကြီးသည် ၁-၅-၂၀၂၀ရက် ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်မှ ညီအစ်မများ**

### တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
# ဦးစိုးနိုင် အသက်(၈၀)
### အသင်းနာယကကြီး၊ သက်ကြီးကန်တော့ခံ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၁၁၈၂နေ ဦးစိုးနိုင်သည် ၃၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

# ဒေါ်ခင်မေမြင့် အသက်(၇၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပိတောက်အိမ်ရာ၊ တိုက် ၇၀၁၊ အခန်း ၃၃နေ (ဦးလွန်းမောင်-ဒေါ်ခင်ငြိမ်း)တို့၏သမီး၊ (ဦးမောင်မောင်လှကြိုင်)၏ဇနီး၊ (ဦးလင်းမောင်မောင်)-ဒေါ်မွန်မွန်သိန်းမြင့်၊ ဦးဇင်မောင်မောင်-ဒေါ်နန်းအိအိခိုင်တို့၏မိခင်၊ မြေး သုံးယောက်တို့၏အဘွားသည် ၂-၅-၂၀၂၀ရက် ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၂၀ရက်(သောကြာနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

အမှတ် (၄)၊ ခြေလျင်တပ်ရင်း(ဂေါ်ရခါးတပ်)၏ တပ်ရင်းမှူး၊ အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ် ဘဘ သူရဦးထွန်းတင် သည် ၁-၅-၂၀၂၀ရက် နံနက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

ဘဘ သူရ ဦးထွန်းတင်သည် မြန်မာပြည်ဖွား ဂေါ်ရခါးလူမျိုးများအား အထူးချစ်ခင်ပြီး အကြီးအကဲများက ဂေါ်ရခါးထွန်းတင်ဟု ချစ်စနိုးခေါ်ဝေါ်ခံရသူ ဖြစ်ပါသည်။ ကွယ်လွန်ချိန်တွင် အသက် (၁၀၀)ရှိပြီးဖြစ်ပါသည်။

ဘဘ ကွယ်လွန်ခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရပြီး ကောင်းရာသုဂတိ လားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ခင်ဗျား။

**မြန်မာနိုင်ငံလုံးဆိုင်ရာဂေါ်ရခါးအဖွဲ့ချုပ်**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ကျင်မြ(ခ)ဒေါ်ဝါနု
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ် ၄၁နေ (ဦးသောင်းထွန်း)၏ဇနီး၊ (ဦးနိုင်လင်း)-ဒေါ်ခင်အေးဝင်း၊ ဦးစောလွင်-ဒေါ်လှလှဝင်း၊ ဒေါ်မီမီထွန်း၊ (ဦးကိုကိုနိုင်)၊ ဦးကျော်စွာထွန်း-ဒေါ်တီပိုး တို့၏မိခင်၊ ကိုဝင်းဟိန်းထွန်း၊ ကိုမင်းသိန်းထွန်း၊ မရတနာဆုမွန်၊ မအိန္ဒြေခင်၊ မဆုပိုလွင်၊ မဖြူဖြူသန့်တို့၏အဘွားသည် ၃-၅-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၄:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၀ရက်(စနေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးဝင်းဇော် (နတ်မောက်)
### (အင်ဂျင်နီယာမှူး-ငြိမ်း) M.O.G.E၊ B.E Petroleum (1969–1975)
### အသက်(၆၇)နှစ်

နတ်မောက်မြို့၊ ဈေးရပ်ကွက်နေ (ဦးတင်ရွှေ)-ဒေါ်သောင်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးမျိုးညွန့်)-ဒေါ်အေးအေးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၀၊ လေးလွှာ၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်မာမာနွယ်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးစည်သူအောင်(M.O.G.E-CNG )-ဒေါ်ပြည့်ပြည့်ဖြိုး၊ (မဇင်နွယ်ဝင်း)၊ ဦးချမ်းဇော်ငြိမ်း-ဒေါ်နှင်းတို့၏ချစ်လှစွာသောဖခင်၊ မဇမ္ဗူမေမောင်၊ မင်းမြတ်ကြယ်စင်တို့၏ အဘိုးသည် ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၀ရက်(အင်္ဂါနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးမောင်မောင်အောင်(ခ)ဦးသက်နိုင်
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ်(၈)နေ (ဦးစိန်ထွန်းအောင်-ဒေါ်တင်ရှိန်)တို့၏သား၊(ဦးသန်းလွင်-ဒေါ်နွဲ့နွဲ့သန်း)တို့၏သားသမက်၊ ဦးတင်မောင်ဦး-ဒေါ်ဖြူဖြူအောင်၊ ဦးစိုးဝင်း-ဒေါ်နီနီအောင်တို့၏အစ်ကို၊ ဒေါ်ခင်နွဲ့ရင်၊ ဦးဇော်ဇော်-ဒေါ်ခင်နွဲ့ရီတို့၏အစ်ကို၊ ဒေါ်ခင်နွဲ့လွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ဇော်မိုး-ဒေါ်မြတ်မျိုးသူ၊ ဦးပြည့်ဖြိုးအောင်-ဒေါ်လွင်မိုးသူ၊ ဦးထက်မင်းလွင်-ဒေါ်နီလာမောင်မောင်တို့၏ချစ်လှစွာသောဖခင်၊ မောင်စိုးမင်းလတ်၊ မောင်ပိုင်မင်းထက်၊ မောင်မြတ်သူလင်း၊ မောင်ထူးအံ့ဇော်တို့၏ဘကြီး၊ မောင်သုတထက်အောင်၏အဘိုးသည် ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

နတ်မောက်မြို့၊ ဈေးရပ်ကွက်နေ (ဦးတင်ရွှေ)-ဒေါ်သောင်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးမျိုးညွန့်)-ဒေါ်အေးအေးတို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၀၊ လေးလွှာ၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်မာမာနွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစည်သူအောင်(M.O.G.E-CNG)-ဒေါ်ပြည့်ပြည့်ဖြိုး၊ (မဇင်နွယ်ဝင်း)၊ ဦးချမ်းဇော်ငြိမ်း-ဒေါ်နှင်းတို့၏ ချစ်လှစွာသော ဖခင်၊ မဇမ္ဗူမေမောင်၊ မင်းမြတ်ကြယ်စင်တို့၏အဘိုး ဦးဝင်းဇော် အသက်(၆၇)နှစ်သည် ၃-၅-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အမှုဆောင်များ**
**နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း) (ဝါးခယ်မ)
### ကြည်း - ၉၇၉၅ OTS 29
### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင် (၈)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ် (၂၁)နေ ဒေါ်သန်းသန်းအောင်၏ခင်ပွန်း ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)သည် ၂-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS 29 မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့ နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# သစ်ပင်
# နည်းလာ
# တို့ကမ္ဘာ
# လွန်စွာ
# ပူအေး
# ဥတုဘေး

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကျွဲကူးကျေးရွာအုပ်စု၊ စန္ဒဝတ်ကျေးရွာ၊ ရွှေပေးရပ်နေသူ ဦးခင်မောင်ဝင်း ၆/မအရ(နိုင်)၀၂၃၇၂၁ (ဘ)ဦးသန်းတင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းညို ၆/မအရ(နိုင်)၀၂၃၇၂၀ (ဘ)ဦးစံညွှန့်တို့မှာ ၂၀၀၅ ခုနှစ်ကတည်းက အတူနေထိုင်ပေါင်းသင်းခြင်းမရှိကြောင်းနှင့် ဇနီးအဖြစ်မှ တရားဝင်စွန့်လွှတ်ကြောင်းကိုလည်း သတင်းစာ၌ ကြေညာခဲ့ပြီးဖြစ်ပါသည်။ အတူနေစဉ်က လက်ထပ်ပွားပစ္စည်းများအားလုံးကိုလည်း သားသမီးများဖြစ်သော ဟန်ဝင်းသူ၊ ဧရာစိန်ဖြိုး၊ ခင်ရတနာဝင်းတို့အတွက် ပေးအပ်ခဲ့ပြီးဖြစ်ပါသဖြင့် သားသမီးများမှ ဖခင်အား မိုက်ရိုင်းစွာဆက်ဆံမှုအပေါ် သေခန်းရှင်ခန်းပြတ်ခဲ့ပြီးဖြစ်၍ ယနေ့အချိန်တွင် ကျွန်ုပ်အမှုသည်နှင့် မည်သို့မျှ သက်ဆိုင်ပတ်သက်စရာအကြောင်းမရှိသလိုမည်သည့် အမွေပစ္စည်းတစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းစရာမရှိအောင် ကင်းရှင်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးလွင်အောင်(ခ)နရီ-မြိတ် (LL.B) | ဒေါ်ဖြိုးမဥ္ဇူ (LL.B) |
| (စဉ်-၆၆၁၂/၁၉၉၈) | (စဉ်-၁၀၄၆၅/၂၀၁၅) |

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၁၀၂)၊ စစ်ကိုင်းလမ်း၊ မြိတ်တက္ကသိုလ်အနီး၊ ကလွင်ရပ်၊ မြိတ်မြို့၊
တနင်္သာရီတိုင်းဒေသကြီး

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိက နိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေး အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်း မရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်းမပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲ ဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# Coronavirus Disease 2019 (COVID-19)နှင့် စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန် ဖြည့်စွက်အသိပေးထုတ်ပြန်ကြေညာခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**
**Coronavirus Disease 2019 (COVID–19)နှင့် စပ်လျဉ်း၍**
**စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန်**
**ဖြည့်စွက်အသိပေးထုတ်ပြန်ကြေညာခြင်း**
**၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၃ ရက်)**

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19)အား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ကြရန်နှင့် ၂၀–၄–၂၀၂၀ရက်နေ့မှ ၃၀–၄–၂၀၂၀ ရက်နေ့ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုများကိုခံယူပြီး ယင်းအဖွဲ့များ၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့် ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ရန်ဖြစ်ကြောင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၁၉–၄–၂၀၂၀ရက်နေ့တွင် အသိပေးထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအသိပေးထုတ်ပြန်ကြေညာချက်ပါ စက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်ဌာနများအနက် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19)ကို ကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း အောက်ဖော်ပြပါလုပ်ငန်းများကို မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက်လိုအပ်သောလုပ်ငန်းများအဖြစ် သတ်မှတ်လိုက်သည်–

(က) မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းများ

(၁) နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်း၊

(၂) ရေပေးဝေရေးလုပ်ငန်း၊

(၃) လျှပ်စစ်ဓာတ်အားနှင့် လောင်စာစွမ်းအင်ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသည့်လုပ်ငန်း၊

(၄) မီးသတ်လုပ်ငန်း၊

(၅) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊

(၆) ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာလုပ်ငန်း။

(ခ) အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

(၁) သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရုံနှင့် ပွဲရုံလုပ်ငန်း၊

(၂) ဆိပ်ကမ်းလုပ်ငန်း၊ ကုန်ပစ္စည်းပို့ဆောင်ရေးနှင့် ကုန်တင်ကုန်ချလုပ်ငန်း၊

(၃) ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်း၊

(၄) စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်း၊

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## လေဖိအားနည်းရပ်ဝန်း အားကောင်းလာနိုင်သည့်အခြေအနေ မရှိဘဲ ဆက်လက်တည်ရှိနေ

**နေပြည်တော် မေ ၃**

ယနေ့ ညနေ ဖြနာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် လက်ရှိအခြေအနေအရ သိသိသာသာ အားကောင်းလာနိုင်သည့် အခြေအနေမရှိဘဲ ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ရေးနှင့် တရားမျှတမှုကို အားလုံးလက်လှမ်းမီရေး ဆောင်ရွက်နေသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## မိတ္ထီလာ၌ လူ့ခန္ဓာကိုယ်အား အာရုံခံစနစ်ဖြင့် အလိုအလျောက် ပိုးသတ်ဆေးဖျန်းပေးသည့်စက်များကို အဆင့်မြှင့်တင် ထပ်မံပြုလုပ်





**မိတ္ထီလာ မေ ၃**

မိတ္ထီလာ၌ လူ့ခန္ဓာကိုယ်အား အာရုံခံစနစ်(ဆင်ဆာ) ဖြင့် အလိုအလျောက် ပိုးသတ်ဆေးဖျန်းပေးသည့် စက်တစ်ခုကို ဧပြီလပထမပတ်က အက်ရှင်အေ့ဒ် မြန်မာ(မိတ္ထီလာ)နှင့် မိတ္ထီလာတက္ကသိုလ်လူငယ်များ ပရဟိတအဖွဲ့တို့ ပူးပေါင်းပြုလုပ်ခဲ့ပြီး မေ ၃ ရက်က အဆိုပါစက်ထက် ပိုမိုအဆင့်မြှင့်တင်ထားသည့် စက်နှစ်ခုကို ထပ်မံပြုလုပ်ပြီးစီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

"White Marker (သာစည်မြို့နယ်) အဖွဲ့က ငွေကြေးအကုန်အကျခံပြီး အများပြည်သူတွေ သွားလာတဲ့ နေရာမျိုးမှာ ထားရှိဖို့အတွက် အာရုံခံစနစ်(ဆင်ဆာ) နဲ့ အလိုအလျောက်ပိုးသတ်ဆေးဖျန်းပေးတဲ့စက်ကို ပြုလုပ်ပေးဖို့ အကူအညီတောင်းတာကြောင့် အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ) နဲ့ ကျွန်တော်တို့ မိတ္ထီလာတက္ကသိုလ်လူငယ်များ ပရဟိတအဖွဲ့က ပူးပေါင်းပြီး ယခင်တီထွင်ပြုလုပ်ဖူးတဲ့ စက်ထက် *စာမျက်နှာ ၁၀ ကော်လံ ၅* ❀

## ယခုနွေရာသီတွင် ကစားသမား ငါးဦးအထိ ရောင်းချဖွယ်ရှိနေသည့် ရီးရဲမက်ဒရစ်



စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ဝေးလ်တောင်ပံကစားသမား ဂါးရတ်ဘေးလ် အပါအဝင် ကစားသမားငါးဦးအထိ ရောင်းထုတ်သွားရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသင်းမှ ဂါးရတ်ဘေးလ်၊ ဂျိမ်းစ် ရိုဒရီဂွက်ဇ်နှင့် ဗက်ကွက်ဇ်တို့သည် အသင်းမှ ထွက်ခွာရန် နီးစပ်နေသူများဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် လူကာမိုဒရစ်နှင့် မာဆယ်လိုတို့ကိုလည်း ၎င်းတို့ဆန္ဒရှိပါက အသင်းမှ ထွက်ခွာခွင့်ပြုထားကြောင်း သိရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဘဏ္ဍာရေးအခက်အခဲရှိနေသည့်အတွက် ကစားသမားသစ်များ မဝယ်ယူမီ အသင်းမှ ကစားသမားများကို ရောင်းထုတ်သွားလိုနေခြင်းဖြစ်သည်။

ဘေးလ်၊ ရိုဒရီဂွက်ဇ်၊ ဗက်ကွက်ဇ်နှင့် မာရီယာနိုတို့ကို ရောင်းထုတ်သွားရန် လျာထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမားလေးဦးအပြင် မိုဒရစ်နှင့် မာဆယ်လိုတို့ကိုလည်း နွေရာသီတွင် ၎င်းတို့၏ အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချရန် ခွင့်ပြုထားကြောင်း သိရသည်။ ထို့အပြင် အသင်းမှ ရိုင်နီးရာနှင့် ဘရာဟင်တို့ကလည်း အငှားထွက်ကစားဖွယ်ရှိနေကြောင်း သိရသည်။ အငှားထွက်ကစားရာမှ ပြန်လာဖွယ်ရှိနေသည့် ကစားသမားများလည်း ရှိနေသည်။ ထိုကစားသမားများမှာ ဒေါ့မွန်အသင်းသို့ အငှားချထားသည့် အက်ရှ်ရတ်၊ ရီးရဲဆိုစီဒက်အသင်းသို့ အငှားချထားသည့် အိုဒီဂတ်၊ အာဆင်နယ်အသင်းသို့ အငှားချထားသည့် စီဘယ်လော့စ်၊ ဆီဗီလာအသင်းသို့

*စာမျက်နှာ ၁၁ ကော်လံ ၅* ❍

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မေ ၄၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ရေးနှင့် တရားမျှတမှုကို အားလုံးလက်လှမ်းမီရေး ဆောင်ရွက်နေသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး

■ ဆောင်းပါး - နိုင်လင်းကြည်၊ ဓာတ်ပုံ - သော်ဖုန်းခန့် ■



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို အများပြည်သူတို့ ရရှိခံစားနိုင်ရေး၊ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ရေးနှင့် တရားမျှတမှုကို အားလုံးလက်လှမ်းမီရေးဆိုသည့် အဓိကရည်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဥပဒေပြုကဏ္ဍတွင် ဝန်ကြီးဌာနများမှ ပေးပို့လာသည့် ဥပဒေ ၁၃၀ ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း ၂၉၆ ခုတို့ကို စိစစ်အကြံပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

❖ ပြည်ထောင်စုရှေ့နေချုပ်ရုံးက "တရားဥပဒေစိုးမိုးရေးဆီသို့" ဆိုသည့် မဟာဗျူဟာစီမံကိန်း တစ်ရပ်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့

❖ စီမံကိန်းကာလအတွင်း ဆောင်ရွက်မှုများကို ပြန်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့် ဥပဒေဝန်ဆောင်မှုများပေးနိုင်ရန် ဒုတိယ ၅ နှစ်စီမံကိန်း (၂၀၂၀ - ၂၀၂၄) ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

အစိုးရဌာနအဖွဲ့အစည်းများ၏ စာချုပ်စာတမ်းကိစ္စများ၊ ဥပဒေအကြံဉာဏ်တောင်းခံသော ကိစ္စများနှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်း ၁၄၇၃ ခုနှင့် အထွေထွေ ၅၄၀ ကို စိစစ်အကြံပြုပြန်ကြားနိုင်ခဲ့သည့်အပြင် တရားစီရင်ရေးလုပ်ငန်းတွင် ရာဇဝတ်မှုများကို တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနများက ဥပဒေအကြံဉာဏ်တောင်းခံသည့် ရာဇဝတ်မှုနှင့် တရားမမှုများကို အကြံပြုပြန်ကြားခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်မှု/တရားမမှုများနှင့်စပ်လျဉ်း၍ အယူခံမှု၊ ပြင်ဆင်မှု၊ အထူးအယူခံမှုများကို လိုက်ပါဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

*အချပ်ပို (ခ) သို့*




၂၈-၁၁-၂၀၁၉ ရက်က ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန်စာအုပ်မိတ်ဆက်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*အချပ်ပို (က) မှ*

“ဒီမိုကရေစီစနစ် တစ်ခုအတွက် တရားဥပဒေစိုးမိုးရေးဟာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့က တရားဥပဒေစိုးမိုးရေးဌာနနဲ့ တရားမျှတမှုဆိုင်ရာလုပ်ငန်းတွေ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ၂၀၁၇ ခုနှစ်မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ရဲ့ **“ပြည်သူ့အတွက် တရားမျှတမှု”**ဆိုတဲ့ မဟာဗျူဟာစီမံကိန်း ၂၀၁၉ – ၂၀၂၃ ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဖွဲ့ခွဲတွေဆီ တင်ပြစာ/ တိုင်ကြားစာတွေ ပေးပို့တဲ့အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့တဲ့ အမှုပေါင်း ၁၇၉ မှု ရှိပါတယ်။ အဖွဲ့ခွဲတွေအနေနဲ့ အသိပညာပေးဆွေးနွေးပွဲ ၃၄ ကြိမ်ခန့် ဆောင်ရွက်နိုင်ခဲ့ပါတယ်” ဟု ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး က ပြောသည်။

တစ်ဖက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက **“တရားဥပဒေစိုးမိုးရေးဆီသို့”** ဆိုသည့် မဟာဗျူဟာစီမံကိန်းတစ်ရပ်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ စီမံကိန်းကာလဇန်နဝါရီလကုန်မှာ ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းပြီး လွှတ်တော်က လက်ခံဆွေးနွေးဖို့ အတည်ပြုထားပါတယ်။ လွှတ်တော်ရဲ့ ပြဋ္ဌာန်းချက်အပေါ်မူတည်ပြီး တရားလွှတ်တော်ရှေ့နေများကောင်စီကို ပြင်ဆင်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

## ဥပဒေအသိပညာပြန့်ပွားရေး

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေအသိပညာပြန့်ပွားရေးအတွက် နှစ်အလိုက် ဥပဒေစာအုပ်၊ နည်းဥပဒေစာအုပ်၊ ဘာသာပြန်ဥပဒေစာအုပ်၊ ဥပဒေလက်စွဲ၊ ဥပဒေရည်ညွှန်းစာစောင်၊ ဥပဒေပညာ ဂျာနယ်နှင့် အခြားဥပဒေစာအုပ်စာတမ်းများကို ပြုစုထုတ်ဝေလျက်ရှိသည်။

ထို့ပြင် ဥပဒေများ၊ တစ်ဆင့်ခံဥပဒေများကို လွယ်ကူစွာရှာဖွေကြည့်ရှုနိုင်မည့် မြန်မာဥပဒေ သတင်းအချက်အလက်စနစ်(MLIS)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဝန်ဆောင်မှုပေးနေသည့်အပြင် ပြည်သူများအနေဖြင့် လွယ်ကူစွာ ရှာဖွေဖတ်ရှုနိုင်ပြီဖြစ်သည်။ လက်ရှိတွင် MLIS Website သို့ ဝင်ရောက်ကြည့်ရှုသူပေါင်း ၅၁၀၀၀၀ ကျော်ရှိသည်။



ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်

ဝန်ကြီးများ၊ ဒုတိယစစ်ဥပဒေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယရဲချုပ်တို့ ပါဝင်သည်။ ပထမအကြိမ် အစည်းအဝေးကို ၁၄-၂-၂၀၂၀ ရက်တွင် ကျင်းပခဲ့ပြီး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

“အစီရင်ခံစာအရ တိုက်ခိုက်မှုဖြစ်စဉ်အတွင်း ရာဇဝတ်မှုတွေကို ARSA အကြမ်းဖက်အဖွဲ့ဝင်တွေနဲ့ ၎င်းတို့ရဲ့ အလိုတူ ပူးပေါင်းပါဝင်ခဲ့သူတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ အရပ်သားတွေက ကျူးလွန်ခဲ့ကြောင်း၊ ဒီကျူးလွန်မှုတွေဟာ နေရာဒေသ ၁၃ ခုမှာ အဓိက ဖြစ်ပွားခဲ့တယ်လို့ တွေ့ရှိရပါတယ်။ ဒီဖြစ်စဉ် ၁၃ ခု ဖြစ်ပွားခဲ့တဲ့ ရာဇဝတ်မှုတွေအနက် ရဲတပ်ဖွဲ့က အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ဆဲအမှုတွေ ရှိပါတယ်။ အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ထားခြင်း မရှိသေးတဲ့ အမှုတွေ ရှိပါတယ်။ ဒီအမှုတွေကို အသေးစိတ်စိစစ်ပြီး ဆက်လက်စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဖြစ်စဉ်အတွင်း လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုတွေအပေါ် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်တွေနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတရုံးက ၂၅-၁၁-၂၀၁၈ ရက်မှာ **“နိုင်ငံတကာ ရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့”**ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦးဆောင်ပြီး ဥပဒေဆိုင်ရာ အထောက်အကူပြုလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်”ဟု ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဆက်လက်ပြောကြားသည်။



ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ပြည်သူရှေးရှု ဥပဒေဝန်ဆောင်မှုစနစ် ပေါ်ထွန်းရေး

Universal Periodic Review (UPR) သည် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် တင်သွင်းခဲ့ရာ ဒုတိယအကြိမ် သုံးသပ်မှုခံယူစဉ်က အဖွဲ့ဝင်နိုင်ငံပေါင်း ၉၃ နိုင်ငံမှ အကြံပြုတိုက်တွန်းချက် ၂၈၁ ချက်ကို လက်ခံရရှိခဲ့ပြီး အကြံပြုချက် ၁၆၆ ချက်ကို မြန်မာနိုင်ငံက လက်ခံခဲ့သည်။ အဆိုပါလက်ခံခဲ့သည့် အချက်များအနက် ဆောင်ရွက်ပြီးစီးမှု၊ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်ထောင်စုရှေ့နေချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် စာတမ်းပြုစုရေး လုပ်ငန်းကော်မတီက အစည်းအဝေးများ ပြုလုပ်ပြီး

*အချပ်ပို (ဂ) သို့*

အတွင်း ဆောင်ရွက်မှုများကို ပြန်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့် ဥပဒေဝန်ဆောင်မှုများ ပေးနိုင်ရန် ဒုတိယ ၅ နှစ်စီမံကိန်း (၂၀၂၀ – ၂၀၂၄) ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

တရားလွှတ်တော် ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားသူများကို စိစစ်ကာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ သဘောထားပေးပို့ခြင်းနှင့် တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာဖောက်ဖျက်မှုများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရန် သင့်/မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ သဘောထားပေးပို့ခြင်းများကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။

တရားလွှတ်တော် ရှေ့နေများကောင်စီနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက “၂၀၁၉ ခုနှစ် ဇွန်လမှာ တရားလွှတ်တော် ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေသစ်အရ အဖွဲ့ဝင် ၁၅ ဦးအနက် ရွေးကောက်တင်မြှောက်ခံရတဲ့ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး ပါဝင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရွေးကောက်တင်မြှောက်ရမယ့် နည်းလမ်းနဲ့ နည်းဥပဒေရေးဆွဲပြီး လွှတ်တော်ကို ပေးပို့တင်ပြထားပါတယ်။ လွှတ်တော်က ယခုနှစ်

## တည်ဆဲဥပဒေများ မြန်မာဘာသာပြန်ဆို

အခြားဆောင်ရွက်ချက်အဖြစ် ယခင်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သည့် တည်ဆဲဥပဒေများကို မြန်မာဘာသာပြန်ဆိုခြင်းဖြစ်သည်။ ဥပဒေဘာသာပြန်ကော်မရှင်က ဘာသာပြန်ဆိုရမည့် ဥပဒေ ၈၁ ခုရှိသည့်အနက် ဥပဒေ ၂၀ ကို ဘာသာပြန်ဆိုကာ ဥပဒေစာအုပ်အမှတ်စဉ် (၆)အထိ ထုတ်ပြန်ခဲ့ပြီး ဆက်လက်၍ ဥပဒေ ၄ ခုကို အမှတ်စဉ်(၇) အဖြစ် ထုတ်ဝေရန် စီစဉ်ထားကြောင်း သိရသည်။

ရခိုင်ပြည်နယ် ဖြစ်စဉ်နှင့် စပ်လျဉ်းသည့် ICOE အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ ၂၀-၁-၂၀၂၀ ရက်တွင်တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးက ၂၁-၁-၂၀၂၀ ရက်စွဲဖြင့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားရန်နှင့် အထောက်အထားခိုင်လုံပါက တရားစွဲဆိုမှုများ ပြုလုပ်သွားရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ညွှန်ကြားခဲ့သည်။ အဆိုပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေး နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီလ ၂၄ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် အဖွဲ့ဝင် ၁၀ ဦးဖြင့် **“ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့”**ကို ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ အဖွဲ့ဝင်များထဲတွင် သက်ဆိုင်ရာဌာနများမှ ဒုတိယ




စတုတ္ထ (၁) နှစ်တာကာလအတွင်း ဥပဒေဘာသာပြန်ကော်မရှင်မှ ထုတ်ဝေခဲ့သည့်စာအုပ်များ။



အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်



ညွှန်ကြားရေးမှူးချုပ် ဒေါ်ဖြူမာဝေ

*အချပ်ပို (ခ) မှ*

တတိယမူကြမ်းကို အမျိုးသားအဆင့်ကော်မတီသို့ တင်ပြရန် ဆောင်ရွက်ပြီးဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံတော်၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ဥပဒေအကြံဉာဏ်များ ပံ့ပိုးပေးနိုင်ခဲ့သည့်အပြင် တရားစီရင်ရေးကဏ္ဍတွင် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါ ဆောင်ရွက်ခြင်း၊ နစ်နာသူများအတွက် ဥပဒေအခွင့်အရေးများရရှိစေရေးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်သူ့ရှေ့ရှုဥပဒေဝန်ဆောင်မှုစနစ် ပေါ်ထွန်းရေးအတွက် ရည်မှန်းချက်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဥပဒေအကြံဉာဏ်ပေးခြင်း တာဝန်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများကနဦးရေးဆွဲပြီးပေးပို့သည့် ဥပဒေမူကြမ်းများကို ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာနက စိစစ်အကြံပြု ဆောင်ရွက်လျက်ရှိသည်။

"စိစစ်အကြံပြုရာမှာ ပြဋ္ဌာန်းမယ့် ဥပဒေတစ်ရပ်က နိုင်ငံတော်ရဲ့ လက်ရှိချမှတ်ဆောင်ရွက်လျက်ရှိတဲ့ မူဝါဒတွေနဲ့ ညီညွတ်မှုရှိဖို့၊ နိုင်ငံတော်နဲ့ အများပြည်သူရဲ့အကျိုးစီးပွားဖြစ်ထွန်းစေဖို့နဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့၊ နိုင်ငံတော်က လက်ခံထားတဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွေ၊ ဒေသဆိုင်ရာ သဘောတူညီချက်တွေမှာပါတဲ့ တာဝန်အရ ရေးဆွဲတဲ့ ဥပဒေမူကြမ်းဖြစ်ပါက အဲဒီကွန်ဗင်းရှင်း၊ သဘောတူညီချက်တွေနဲ့ လိုက်လျောညီထွေရှိစေဖို့၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးခြင်းမရှိစေဖို့နဲ့ အများပြည်သူလက်ခံနိုင်တဲ့ ဥပဒေဖြစ်ဖို့ဆိုတဲ့ အချက်တွေကို အခြေခံပြီး စိစစ်ဆောင်ရွက်ရပါတယ်"ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပြောသည်။

## ဥပဒေတစ်ရပ် အဓိက အပိုင်းနှစ်ပိုင်းပါရှိ

ဥပဒေတစ်ရပ်တွင် အကြောင်းအရာပိုင်းနှင့် ရေးထုံးရေးနည်းပိုင်းဟူ၍ အဓိက အပိုင်းနှစ်ပိုင်းပါရှိသဖြင့် အကြောင်းအရာပိုင်း ပြည့်စုံမှု၊ မှန်ကန်မှုရှိရန် လိုအပ်သကဲ့သို့ ဥပဒေရေးထုံး ရေးနည်းပိုင်းတွင် စနစ်တကျရှိပြီး မှန်ကန်ရန်လိုအပ်သည်။ ထို့ကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေမူကြမ်း တစ်ခုအပေါ် အကြောင်းအရာပိုင်းသာမက ရေးထုံးရေးနည်းအပိုင်းပါ စိစစ်အကြံပြုလျက်ရှိသည်။

ရေးသားချက် ချို့ယွင်းအားနည်းမှုကြောင့် ဥပဒေအကြောင်းအရာပိုင်းတွင် အငြင်းပွားစရာ၊ ဝိဝါဒကွဲစရာများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် ရေးထုံးရေးနည်းပိုင်း မှန်ကန်စေရေးသည် ဥပဒေတစ်ရပ်အတွက် အရေးကြီးသည်။ ဥပဒေရေးထုံးရေးနည်း မှန်ကန်ရှင်းလင်းတိကျရေးသည် ဥပဒေအကြံပေးခြင်းဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းသဘာဝမဟုတ်ဘဲ လက်တွေ့ရေးသားခြင်းဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေမူကြမ်းများသာမက နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း စသည့် တစ်ဆင့်ခံ ဥပဒေများ၏ မူကြမ်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများကို စိစစ်အကြံပြုလျက်ရှိသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် **"ဥပဒေ(မူကြမ်း) ရေးဆွဲရေးလမ်းညွှန်" (Legislative Drafting Guidance)** စာအုပ်ကို ထုတ်ဝေနိုင်ခဲ့သည်။

## ကလေးအလုပ်သမားပပျောက်ရေး

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားကော်မတီက လုပ်ငန်းကော်မတီ ၈ ခု ဖွဲ့စည်းထားရာ ဥပဒေရေးရာလုပ်ငန်းကော်မတီသည် တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းလုပ်ငန်းကော်မတီတွင် ဒုတိယရှေ့နေချုပ်က ဥက္ကဋ္ဌ၊ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၆ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

"ဥပဒေရေးရာ လုပ်ငန်းကော်မတီရဲ့ အဓိကလုပ်ငန်းတာဝန်က ကလေးအလုပ်သမား ပပျောက်ရေးအတွက် ကလေးအလုပ်သမားနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ရေးဆွဲခြင်း၊ အမျိုးသားကော်မတီသို့ အကြံပြုတင်ပြခြင်းတွေ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဆက်စပ်လုပ်ငန်းကော်မတီတွေ၊ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊ အသိပညာပေးခြင်း စတဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဥပဒေရေးရာလုပ်ငန်းကော်မတီရဲ့ အစည်းအဝေးကို ၃ ကြိမ်ကျင်းပနိုင်ခဲ့ပါတယ်။ အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဇူလိုင်လမှာ တစ်ကြိမ်၊ အောက်တိုဘာလမှာ တစ်ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ပထမအကြိမ် အစည်းအဝေးဆွေးနွေးမှုရလဒ်တွေအရ လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းစီမံချက်ကို ရေးဆွဲနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် မေလမှာ အမျိုးသားကော်မတီထံ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီစီမံချက်မှာ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ သင်တန်းတွေ၊ ဆွေးနွေးပွဲတွေ လုပ်ဖို့လည်း ထည့်သွင်းဖော်ပြထားပါတယ်။ လုပ်ငန်းကော်မတီရဲ့ တာဝန်တွေ ထိရောက်အောင်မြင်ဖို့အတွက် အခြားသက်ဆိုင်တဲ့ လုပ်ငန်းကော်မတီတွေ၊ ဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပြောသည်။

## ရှေ့နေများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်

အာဆီယံ ဥပဒေပညာရှင်များအသင်း (Asean Law Association – ALA) ကို ၁၉၇၉ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အာဆီယံနိုင်ငံများမှ ရှေ့နေများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုရန်၊ ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ပတ်သက်သည့် ဥပဒေများကို လေ့လာသုတေသနပြုရန်၊ ဥပဒေပညာဌာနများ၊ ရှေ့နေအဖွဲ့အစည်းများ၊ ဥပဒေသုတေသနစင်တာများအကြား စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ ဥပဒေစနစ်နှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးတို့အတွက် ဆွေးနွေးပွဲများ ကျင်းပရန်၊ အာဆီယံနိုင်ငံများအကြား ချုပ်ဆိုထားသည့် စာချုပ်များနှင့် စပ်လျဉ်း၍ ဥပဒေရေးရာ အငြင်းပွားမှုများတွင် ခုံသမာဓိနှင့် ဖျန်ဖြေခြင်း သို့မဟုတ် ပဋိပက္ခရှောင်ရှားခြင်းတို့အတွက် ပူးပေါင်းရေးကိစ္စများတွင် ALA က ကူညီဆောင်ရွက်နိုင်ရေး ဖြစ်သည်။

## ALA အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ALA အဖွဲ့ဝင်နိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး အာဆီယံ ဥပဒေပညာရှင်များအသင်း(မြန်မာ)ကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံ ဖြစ်ပြီးနောက်ပိုင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အဆင့်မြင့်အရာရှိများသည် မြန်မာကိုယ်စားလှယ်အဖြစ် ALA အစည်းအဝေးများသို့ နှစ်စဉ်တက်ရောက် ပါဝင်ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

"ALA ဖွဲ့စည်းပုံစည်းမျဉ်းနဲ့အညီ မြန်မာနိုင်ငံက အမျိုးသားကော်မတီဖွဲ့စည်းရာမှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြင်ပရှေ့နေအဖွဲ့အစည်းတွေ၊ ဥပဒေပညာဌာနတွေက ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ အဖွဲ့ဝင်သစ်တွေနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဧပြီလမှာ ကော်မတီကို ပြန်လည်ဖွဲ့စည်းပြီး ပထမအကြိမ် အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။ အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ)ကို ဖွဲ့စည်းပြီး အာဆီယံနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဟာ အနာဂတ်မှာ ဥပဒေအသိပညာ တိုးတက်ပြန့်ပွားရေးနဲ့ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြှင့်တင်လာနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါပြင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ တရားဥပဒေစိုးမိုးရေးကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်"ဟု ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပြောသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများတရားမျှတမှုရရှိရေး ပထမဆုံး မဟာဗျူဟာစီမံကိန်း ၂၀၁၅ – ၂၀၁၉ ကို တရားဥပဒေစိုးမိုးရေးဆီသို့ (Moving forward to the Rule of Law) ဆောင်ပုဒ်နှင့်အညီ ချမှတ်ဆောင်ရွက်ခဲ့သည်။

"မဟာဗျူဟာစီမံကိန်းကြီး ချမှတ်ဆောင်ရွက်စဉ်တုန်းက ပထမအတွေ့အကြုံလည်းဖြစ်၊ ဗဟုသုတလည်း နည်းတဲ့အခါ စတင်တဲ့နေရာ(Baseline)ကို မသတ်မှတ်နိုင်ခဲ့ပါဘူး။ ၂၀၁၉ မဟာဗျူဟာစီမံကိန်း ပြီးမြောက်သွားတဲ့အချိန် အကဲဖြတ်လေ့လာမှုတွေ ပြုလုပ်တဲ့အခါ မဟာဗျူဟာစီမံကိန်းမှာ ရေးဆွဲထားခဲ့တဲ့ မထင်မှတ်တဲ့၊ မမျှော်မှန်းထားတဲ့၊ အိပ်မက်လို့ထင်ရတဲ့ အချက်တွေတောင် ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီနေရာကနေ အသိပေးပြောကြားချင်တာက Myanmar Law Information System(MLIS) က ရှေ့နေချုပ်ရုံး ဝက်ဘ်ဆိုက်ကို ပြောတာမဟုတ်ပါဘူး။ System တစ်ခုကို တည်ထောင်နိုင်ခဲ့ပါတယ်။ System ဆိုတာက ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်တဲ့ ဥပဒေအချက်အလက်တွေကို ပြည်သူတွေ မည်သူမဆို အင်္ဂလိပ်လို ရိုက်ရိုက်၊ မြန်မာလို ရိုက်ရိုက် လိုချင်တဲ့ ဥပဒေအချက်အလက်တွေ အကုန်ထွက်လာတဲ့ System ကြီးတစ်ခုပါ။ ဒါရခဲ့တဲ့ ရလဒ်တစ်ခုကို အောင်မြင်ခဲ့ပါတယ်။ မဟာဗျူဟာစီမံကိန်း ၂၀၁၅ – ၂၀၁၉ မှာ ဥပဒေရေးဆွဲခြင်း လက်စွဲစာအုပ်၊ စီးပွားရေးစာချုပ်စာတမ်းနဲ့ ပတ်သက်ပြီး ဖက်စပ်စာချုပ်၊ မြေငှားစာချုပ်တို့နဲ့ ပတ်သက်တဲ့ လမ်းညွှန်စာအုပ်၊ မျှတတဲ့ တရားစီရင်ရေးဆိုင်ရာ စံနှုန်းတွေ၊ ဒါတွေက Rule of Law နဲ့ ဆက်စပ်နေပါတယ်။ ဥပဒေအရာရှိတွေရဲ့ ကျင့်ဝတ်ကို ထုတ်ဝေနိုင်ခဲ့ပြီး သုတေသနအသင်းတစ်ခုကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ Research Team အတွက် TOR ရေးဆွဲနိုင်ခဲ့ပါတယ်။ ဥပဒေအကြံဉာဏ်ပေးတဲ့ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါမဟာဗျူဟာစီမံကိန်း ပထမနှစ်ကို ချမှတ်ပြီး အနာဂတ်အလားအလာအတွက် ဆောင်ရွက်နိုင်ခဲ့တာတွေပါ"ဟု အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦးက ပြောသည်။

## မဟာဗျူဟာအသစ် ရေးဆွဲလျက်ရှိ

ပထမစီမံကိန်းသည် ၂၀၁၉ တွင် ပြီးစီးခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အထိ မဟာဗျူဟာစီမံကိန်းအသစ်ကို ရေးဆွဲလျက်ရှိရာ မကြာခင် ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း သိရ သည်။ ယခုရေးဆွဲနေသည့် မဟာဗျူဟာကို ပြီးခဲ့သည့် မဟာဗျူဟာစီမံကိန်း၏ အောင်မြင်မှုရလဒ်များ၊ အတွေ့အကြုံများ၊ သင်ခန်းစာများ၊ တစ်ဦးချင်းစီ၏ အကဲဖြတ်ချက်များကို အခြေခံရေးဆွဲနေခြင်း ဖြစ်သည်။ မဟာဗျူဟာစီမံကိန်း၏ အဓိကရည်မှန်းချက်မှာ အုပ်ချုပ်ရေးနှင့် လုပ်ငန်းလည်ပတ်မှု ကောင်းမွန်ရန်၊ ပိုမိုအရည်အသွေးပြည့်ဝသည့် ဥပဒေအကြံဉာဏ်များပေးရန်၊ တရားစွဲနှင့် အမှုလိုက်ဌာန၏ လုပ်ငန်းများ ပိုမိုကောင်းမွန်ရန်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းများကို အများပြည်သူ ပိုပြီးယုံကြည်ကိုးစားရန်၊ တရားမျှတမှုကဏ္ဍများ ပြုပြင်ပြောင်းလဲသည့် ကိစ္စတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရန်တို့ ဖြစ်သည်။

"ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ လုပ်ငန်းတွေ ထိရောက်အောင်မြင်ဖို့အတွက် ဝန်ထမ်းတွေရဲ့ အရည်အသွေးနဲ့ အရည်အချင်းမြင့်မားဖို့က အရေးကြီးပါတယ်။ ဝန်ထမ်းတွေအတွက် သင်တန်းတွေ အမျိုးမျိုးပေးပါတယ်။ ဥပဒေအရာရှိ အဆင့်(၄) ဝင်ပေါက်သင်တန်း၊ မွမ်းမံသင်တန်း၊ ဥပဒေရေးဆွဲတဲ့ ဘာသာရပ်ဆိုင်ရာ၊ စာချုပ်စာတမ်းစိစစ်သည့် ဘာသာရပ်ဆိုင်ရာ၊ ဥပဒေဘာသာပြန် စတဲ့ဘာသာရပ်ဆိုင်ရာ သင်တန်းတွေ အမျိုးမျိုးပေးနေတဲ့ လေ့ကျင့်ရေးနှင့် သုတေသနဌာနဆိုတာ ရှိပါတယ်။ စီမံကိန်းအသစ်မှာ လေ့ကျင့်ရေးနှင့် သုတေသနဌာနက အရေးကြီးပြီး ကျယ်ပြန့်စွာဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ HRD အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးဖို့ ဌာနသစ်တစ်ခု ဖွဲ့စည်းဖို့ရာ မဟာဗျူဟာစီမံကိန်းအသစ်မှာ ရေးဆွဲနေပါတယ်။ နောက်တစ်ခုက သင်တန်းဆရာတွေ မွေးထုတ်ဖို့၊ ကောင်းမွန်တဲ့ သင်တန်းနည်းစနစ်တွေ လုပ်ပေးဖို့နဲ့ သင်ရိုးညွှန်းတမ်းတွေပြင်ဆင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦးက ပြောသည်။

ဥပဒေများ စိစစ်အကြံပြုရေးဦးစီးဌာနသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းအကောင်အထည်ဖော်မှုအပိုင်းတွင် အဓိကအရေးပါသည့် ဦးစီးဌာနတစ်ခုဖြစ်ပြီး အဆိုပါဦးစီးဌာနတွင် ဥပဒေများ စိစစ်အကြံပြုရေးဌာနခွဲ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ စိစစ်အကြံပြုရေးဌာနခွဲ၊ ဥပဒေဘာသာပြန်ဌာနခွဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဌာနခွဲတို့ ပါဝင်သည်။

စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ဥပဒေများ စိစစ်အကြံပြုရေးဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဥပဒေမူကြမ်းများ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း စသည့် တစ်ဆင့် ခံ ဥပဒေမူကြမ်းများကို စိစစ်အကြံပြုပြန်ကြားပေးနိုင်ခဲ့သည်။ ထို့ပြင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း၊ တစ်ဆင့်ခံဥပဒေများ၊ အပြည်ပြည်ဆိုင်ရာစာချုပ်၊ နှစ်နိုင်ငံ သဘောတူစာချုပ်များ၏ ဘာသာပြန်ဆိုချက်များပါ ဥပဒေအသုံးအနှုန်းဝေါဟာရ မှန်ကန်ခြင်း ရှိ/မရှိ စိစစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် အစိုးရဌာန၊ အဖွဲ့အစည်းများသို့ အကြံပြုပြန်ကြားခြင်း၊ လွှတ်တော်မေးခွန်းနှင့် အဆိုများကို ပေါင်းစပ်ဖြေကြားခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့သည်။

"ဥပဒေဘာသာပြန်ကော်မရှင်ရဲ့ အရင်က အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေကို မြန်မာဘာသာပြန်ဆိုခြင်း တာဝန်တွေကို ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌ၊ ကျွန်မက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ရာ စတုတ္ထ(၁)နှစ်ကာလအတွင်း ကော်မရှင်အစည်းအဝေး သုံးကြိမ် ကျင်းပနိုင်ခဲ့ပြီး

*အချပ်ပို (ဃ) သို့*

*အချပ်ပို (ဂ) မှ*

ဥပဒေ ၂၄ ခုကို တရားဝင်ဘာသာပြန်ဆိုပြီး စာအုပ်အမှတ် (၁) မှ (၆)အထိ ထုတ်ဝေနိုင်ခဲ့ပြီ ဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်က ပြောသည်။

စတုတ္ထ(၁)နှစ်တာ ကာလအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဥပဒေမူကြမ်းများနှင့် တစ်ဆင့်ခံ ဥပဒေမူကြမ်းများကို စိစစ်ရေးဆွဲရာ၌ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန်စာအုပ်ကို UNDP ၏ အကူအညီဖြင့် ရေးဆွဲပြုစုပြီး စာအုပ်ဖြန့်ဝေနိုင်ခဲ့သည်။

“ဌာနရဲ့ ဥပဒေဘာသာပြန်ဆိုခြင်း တာဝန်ကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ အရာရှိတွေရဲ့ ဘာသာပြန်စွမ်းရည်တိုးတက်စေဖို့ ဥပဒေဘာသာပြန်ဆိုခြင်း သင်တန်းကို EU အကူအညီနဲ့ British Council ရဲ့ My Justice Programmed တွင် သင်တန်း ၂ ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ သင်တန်းကနေရရှိတဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေကို စုစည်းပြီး Translation Guide Book ထုတ်ဝေဖို့ ဆောင်ရွက်နေပါတယ်။ ၂၀၁၆ ခုနှစ်မှာ အတည်ပြုထုတ်ပြန်ခဲ့တဲ့ အမျိုးသားမြေအသုံးချမှု မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ အမျိုးသားမြေအသုံးချမှုကောင်စီက ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ ဖွဲ့စည်းခဲ့တဲ့ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီမှာ ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌနဲ့ ကျွန်မက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်က ပြောသည်။

အဆိုပါ လုပ်ငန်းကော်မတီသည် အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ် ကျင်းပခဲ့ပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ဖိတ်ကြားဆွေးနွေးခဲ့သည်။ ယင်းအလုပ်ရုံ ဆွေးနွေးပွဲများမှ ရရှိလာသည့်ရလဒ်များကို အခြေခံကာ အချောသပ် လုပ်ငန်းစီမံချက်ရရှိရေးနှင့် အများပြည်သူအား ချပြအကြံဉာဏ်ရယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

“ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနမှာ ဌာနခွဲ ၃ ခုရှိပြီး ဌာနအနေနဲ့ အစိုးရဌာန၊ အဖွဲ့အစည်းတွေထံ အပြည်ပြည်ဆိုင်ရာ




တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ သတ္တမအကြိမ် အစည်းအဝေးသို့ တက်ရောက်ကြသည့် ပြည်ထောင်စုအဆင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့ခေါင်းဆောင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဥပဒေနဲ့ အာဆီယံဥပဒေရေးရာကိစ္စ၊ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းကိစ္စ၊ တရားစွဲအမှုလိုက်နှင့် သက်ဆိုင်ခြင်းမရှိတဲ့ အထွေထွေဥပဒေရေးရာ ကိစ္စရပ်တွေအပေါ် ဥပဒေအကြံဉာဏ်ပေးခြင်းတို့ကို ဆောင်ရွက်ရပါတယ်”ဟု ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်က ပြောသည်။

စတုတ္ထ(၁)နှစ်တာကာလအတွင်း ထူးခြားသည့် ဥပဒေအကြံဉာဏ်ပေးရေးကိစ္စရပ်အနေဖြင့် မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုထားသည့် စာချုပ်များဖြစ်သည့် ကုလသမဂ္ဂစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights (ICESCR) နှင့် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် (UN Convention on the Rights of Persons with Disabilities (UNCRPD)တို့အရ မြန်မာနိုင်ငံက အကောင်ထည်ဖော် ဆောင်ရွက်မှုများကို သက်ဆိုင်ရာ ကော်မတီများထံ တင်သွင်းရမည့် အမျိုးသားအဆင့် အစီရင်ခံစာများအတွက် အချက်အလက် ပြုစုပေးပို့ခြင်းနှင့် သဘောထားမှတ်ချက် ပြန်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများကို ကာကွယ်တားဆီးရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ပြုစုရာတွင် အချက်အလက်ပေးပို့ခြင်းနှင့် သဘောထားမှတ်ချက် ပြန်ကြားပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

“ကျွန်မတို့စိစစ်ရတဲ့ စာချုပ်တွေထဲမှာ ကျွမ်းကျင်သူပညာရှင် ငှားရမ်းတဲ့စာချုပ် (Consultant Contract)တွေအပေါ် ဥပဒေရေးရာ သဘောထားမှတ်ချက်တွေ ပြန်ကြားပေးတာမျိုး ပါဝင်ပါတယ်။ ဒီနှစ်မှာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ ထိန်းသိမ်းဖို့ ပြည်ပပညာရှင်တွေ ငှားရမ်းတဲ့ကိစ္စမှာ ပုဂံဒေသရှိ နံရံဆေးရေးပန်းချီတွေ ပျက်စီးမှုကို ပြုပြင်ထိန်းသိမ်းဖို့ ဂွါတီမာလာနိုင်ငံမှ နံရံဆေးရေးပန်းချီပညာရှင် ငှားရမ်းခြင်းနဲ့ ပုဂံဒေသဆိုင်ရာ အစီအစဉ်ပြင်ဆင်ရေးဆွဲခြင်း လုပ်ငန်းတွေအတွက် ယူနက်စကို အကြံပေးပညာရှင်ငှားရမ်းခြင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာမှာ လိုအပ်တဲ့ စာတွဲဖိုင် (Nomination Dossier) ရေးသားပြုစုခြင်း ဆောင်ရွက်ဖို့ ယူနက်စကိုမှ ကျွမ်းကျင်ပညာရှင်ငှားရမ်းခြင်းစာချုပ်တို့ကို စိစစ်အကြံပြုပေးခဲ့ပါတယ်”ဟု ဥပဒေအကြံဉာဏ်ပေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဖြစ်သည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ကနဦး စက်မှုနယ်မြေစီမံကိန်းအတွက် မြေငှားစာချုပ်နှင့် ဆက်စပ်စာချုပ်မူကြမ်းများအပေါ် ဥပဒေရေးရာအကြံပြုချက်များပေးခဲ့သည့်အပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် CITIC Consortium တို့ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုမည့် Concession Agreement (မူကြမ်း)နှင့် Shareholders’ Agreement (မူကြမ်း) တို့အပေါ် သဘောထားမှတ်ချက်များ ပြန်ကြားပေးခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေဖြင့် ဥပဒေအရာရှိများအတွက် ဖက်စပ်စာချုပ်နှင့် မြေငှားရမ်းခြင်း စာချုပ်စိစစ်ရာတွင် အဆင်ပြေချောမွေ့စေရေး ဖက်စပ်စာချုပ်နှင့် မြေငှားရမ်းခြင်းစာချုပ်များ စိစစ်ခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်ကို လက်တွေ့အသုံးချမှု လွယ်ကူစေရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းကာ ဆွေးနွေးပွဲများနှင့် သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတွင် ကျင်းပခဲ့သည်။ ထို့အတူ JICA နှင့် ပူးပေါင်းကာ Contract Manual Guideline ကို ပြုစုထုတ်ဝေရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

“အစိုးရဌာန၊ အဖွဲ့အစည်းတွေနဲ့ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူတွေ၊ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေအကြား ချုပ်ဆိုတဲ့ စီးပွားရေးစာချုပ်စာတမ်းတွေ အားလုံးအပေါ်မှာ နိုင်ငံတော်နဲ့ ရင်းနှီးမြှုပ်နှံသူ နှစ်ဦးနှစ်ဖက် နစ်နာမှုတွေမရှိစေဖို့ တည်ဆဲဥပဒေတွေနဲ့အညီ စိစစ်သုံးသပ် အကြံပြုပြန်ကြားပေးလျက်ရှိပါတယ်။ ဥပဒေအကြံဉာဏ်ပေးရေး ဥပဒေအရာရှိတွေကို ဘာသာရပ်ဆိုင်ရာ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ တက်ရောက်လေ့လာ သင်ယူစေပြီး ဥပဒေကြောင်းအရ ကောင်းမွန်တဲ့ အကြံပြုချက်တွေပေးနိုင်ဖို့ အထူးကြိုးစားဆောင်ရွက်နေပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်က ပြောသည်။

စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနသည် ဝန်ကြီးဌာနများကို ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားစွဲအဖွဲ့အစည်းများထံ တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဥပဒေရုံး အဆင့်ဆင့်၏ ဥပဒေအကြံပြုချက်များအပေါ် စိစစ်ပြင်ဆင်ခြင်း၊ တင်ပြတိုင်တန်းစာများအပေါ် စိစစ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

“ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနဲ့ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွေအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ စာချွန်တော် လျှောက်ထားလွှာ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့မှာ နိုင်ငံတော်ကိုယ်စား လျှောက်လဲချက် တင်သွင်းရပါတယ်။ နိုင်ငံတော်ပါဝင်တဲ့ တရားမမှုတွေနဲ့ စပ်လျဉ်းပြီး ဝန်ကြီးဌာနတွေကို ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားမမူလမှု၊ အယူခံမှု၊ အထွေထွေလျှောက်ထားမှု၊ တရားမ အထူးအယူခံမှုတွေကို လိုက်ပါဆောင်ရွက်ရပါတယ်။ ရာဇဝတ်မူလမှုတွေ လိုက်ပါဆောင်ရွက်ခြင်း၊ တရားရုံးအဆင့်ဆင့်ကနေ ချမှတ်တဲ့ အမိန့်တွေဟာ ဥပဒေနဲ့ ညီညွတ်မှုမရှိကြောင်း၊ ပြစ်မှုပြစ်ဒဏ် မျှတမှုမရှိကြောင်း တွေ့ရှိရင် အယူခံမှု၊ ပြင်ဆင်မှုတွေ တင်သွင်းဆောင်ရွက်ရပါတယ်”ဟု တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ဖြူမာဝေက ပြောသည်။

မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ စာအုပ်ကို ထုတ်ဝေခဲ့ပြီး စတုတ္ထ(၁)နှစ်တာကာလအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ရုံးများတွင် UNDP မှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ဥပဒေအရာရှိများ၊ တရားစွဲအဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ရှင်းလင်းမိတ်ဆက်ပွဲများ ပြုလုပ်ခဲ့သည်။

### အမှုများမှန်ကန်မြန်ဆန်ရေး

အမှုတွဲစီမံခန့်ခွဲခြင်း (Case Mana–gement)နှင့် စာရွက်စာတမ်းစီမံခန့်ခွဲခြင်း (Document Management) စနစ်သစ်ကို USAID ၏ ကူညီပံ့ပိုးမှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရှေ့ပြေးဥပဒေရုံး (Pilot Law Office) ၈ ရုံး တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အမှုများ မှန်ကန်မြန်ဆန်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းအရ နစ်နာသူနှင့် မျက်မြင်သက်သေများကို ကြိုတင်တွေ့ဆုံမေးမြန်းခြင်းအတွက် ဥပဒေအရာရှိများ လိုက်နာရမည့် အခြေခံမူများနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့သည်။

“နိုင်ငံဖြတ်ကျော်မှုခင်းတွေနဲ့ စပ်လျဉ်းပြီး Special Prosecution Unit ကို တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နဲ့ ဥပဒေအရာရှိ ၂၄ ဦးပါဝင်တဲ့အဖွဲ့ကို ဖွဲ့စည်းပြီး အလုပ်ရုံဆွေးနွေးပွဲ ၇ ကြိမ်ကျင်းပကာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေနဲ့ ရဲအရာရှိတွေကို စွမ်းရည်မြှင့်တင်နိုင်ခဲ့ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိတွေဟာ တရားဥပဒေစိုးမိုးရေး အခြေခံမူတွေ၊ မျှတတဲ့တရားစီရင်ရေးဆိုင်ရာ စံနှုန်းတွေနဲ့အညီ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်လျက်ရှိပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဒေါ်ဖြူမာဝေက ပြောသည်။



အသစ်ဖွင့်လှစ်သည့် ဥတ္တရသီရိမြို့နယ်ဥပဒေရုံး။